
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ခင်းက နှစ်သွားသော ကျောက်ခဲ...

အလောင်းကို ညှနေစောင်းစတွင် အင်းလျားကိုလား
အယ်ယူတွေရှိသည်။ သူငယ်ချင်း

ငယ်ချင်းလေး

မွေ့ယ်တူကောင်လေး သုံးလေးယောက်က အ...
...တွေ့ ဝေးဝေး ကြည့်နေ၏။

...သွားဟယ်

ရေနှစ်သည်ဆိုသော အသံကြားကတည်းက ...လာ...
...င် ရေကူး ပျော်မြူးနေသူတွေ အားလုံး ကမ်းစ... ...တန်း
...ကြသည်။ ...င်း ထွက်

[သိန်း၊ ၁ ၆ ၊ ၀ ၃ ၀ ၄]

www.burmeseclassic.com

www.burmeseclassic.com



အနီးအပါးရှိ ရေကူး ကျွမ်းကျင်သူများ၊ သေဆုံးသူ၏ သူငယ်ချင်းများက မနားမနေ ဝိုင်းဝန်း ရှာဖွေခဲ့ကြသဖြင့် မိုးမချုပ်မီ အလောင်းကို ဆယ်ယူနိုင်ခြင်း ဖြစ်သည်။

အလောင်းကို ဆယ်ယူ၍ ရရချင်း၊ ရှေးဦးသူနာပြုစုနည်း တွေဖြင့် မျှော်လင့်တကြီး ကုစားကြသေးသည်။ အနိုင်ရသွား မှုဖြစ်သော သေမင်း၏ခံတွင်းထဲမှ အသက်ရှူသံ တစ်ခုကိုပင် အခုန်လည်း တောင်းခံနိုင်စွမ်း မရှိကြတော့ပေ။

'သူငယ်ချင်း'

ဟူသော ခေါ်သံနှင့်အတူ ငိုရှိုက်သံတွေ ထွက်ပေါ် ...သည်။

...င်းနံ့ဘေးတွင် လူတွေဝိုင်းအုံနေကြ၏။ ဆယ်တန်း စည်းဘူးဟူသော အသံတစ်သံကို လူအုပ်အတွင်းမှကြား...

စည်းမျိုက်သံ....ဝေဖန်သံ....ငိုရှိုက်သံ....ကရုဏာသံ....။

...ည့်အသံကိုမျှ ဆယ်တန်း ကျောင်းသားဟူသော ...းက ကြားသိနိုင်တော့မည် မဟုတ်ပါ။ သူ့ ပတ်... နိုင်ငံတော်ဖွဲ့၊ သူ့မိသားစု၊ သူ့သူငယ်ချင်း၊ သူခင်တယ်... ...ကို နှုတ်ဆက်ခွင့်မျှမရဘဲ အမည်မသိ အရပ်ဒေသ... ...ထွက်ခွာသွားရပြီကို သူကိုယ်တိုင်မှ သိပါစ။

...ယ်....သနားပါတယ်၊ ရုပ်လေးက ချောချော... ...းရယ်....'

...တသခြင်း အလျှဉ်းပြည့်သော ကရုဏာ စကား... ...ပ်စိနေချေသည်။





ရုပ်လေးက ချောချောလေး....ဟု ဝေဖန်တသ ကြသကဲ့သို့ပင် သေဆုံးသူ ကောင်လေး၏ ရုပ်ရည်သည် အမှန်ပင် ချောဒမာ ပြေပြစ်သော မွန်ရည်ရှင်းသန့်သော ရုပ်ရည်မျိုးပင် ဖြစ်သည်။ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းပါးတို့ကို ကြည့်လျှက် သက်မဲ့နေသူဟုပင် ထင်ရက်စရာ မရှိ။

မွန်ရည် ချောမောသော ထိုကျောင်းသားငယ်၏ ထူးခြား ထင်ရှားသော 'အမှတ်တစ်ခု' ကို ဝဲဘက် ပါးပြင်ပေါ် တွင် သိသိသာသာ တွေ့မြင်နေရသည်။

အနက်ရောင်ဟုလည်း ပြော၍မရ၊ စိမ်းဖန့်ဖန့် အရောင် ဟုလည်း ပြော၍မရသော ပါးပြင်ပေါ်ရှိ ထိုအမှတ်အသား ပေါ်တွင် မွေးညင်း နုနုကလေးများက လှုပ်ခတ်နေရှာကြ သေးသည်။

ဘာပဲဖြစ်ဖြစ် ပါးပြင်ပေါ်ရှိ ထိုအမှတ်စက်ကလေးသည် လည်း သူ့သခင် သွားရာနောက်သို့ လိုက်ပါ သွားရပေလိမ့် မည်....။

'သူ့အိမ်ကို အကြောင်း သွားကြားပြီးပြီလား'

ကယ်ဆယ်သူ တစ်ယောက်က သေဆုံးသူ၏ သူငယ်ချင်း တစ်ယောက်ကို မေးသည်။ သေဆုံးသူ၏ သူငယ်ချင်းလေး က မျက်ရည်တွေကို ဖယ်သုတ်ပြီး....

'အကြောင်း ကြားပြီးပါပြီ၊ ဖုန်းဆက်ထားတယ်'

'မင်းတို့တွေက ကျောင်းသားတွေဆို၊ ဟုတ်လား'

'ဟုတ်ကဲ့....ကျွန်တော်တို့ အကုန်လုံး ဆယ်တန်း ကျောင်းသားတွေပါ၊ ဒီနေ့ အောင်စာရင်း ထွက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော်တို့အားလုံး အောင်တယ်၊ သူက ဂုဏ်ထူးတောင် ပါသေးတယ်'

စကားမဆက်နိုင်ဘဲ ငိုရှိုက်သံ ထွက်လာသည်။ အနီးပါးတွင် ရှိနေကြသူတွေ အားလုံးနီးပါး မျက်ရည်ဝဲကြ၏။

'သူက ရေမကူးတတ်ဘူးလား'

ခေါင်းယမ်းသည်။

'မကူးတတ်ဘူး၊ ဘောနဲ့ကူးမယ် ဆိုပြီးတော့ ဘောငှားတယ်၊ ကျွန်တော်တို့က ဟိုဖက်ကျွန်းကို သွားနေတုန်း၊ သူ ဘယ်အချိန် နစ်သွားမှန်းမသိဘူး၊ ကျွတ်ပေါက်သွားတာနဲ့ တူပါတယ်'

'ဖြစ်မှ ဖြစ်ရလေကွာ'

ခပ်လှမ်းလှမ်းတွင် ကားတစ်စီး ထိုးစိုက်သည်။ အားလုံးသော အကြည့်တွေက ထိုကားထံသို့ ရောက်သွားကြ၏။

'သူ့အိမ်က လိုက်လာပြီ'

ခပ်လှမ်းလှမ်းတွင် မြင်နေရသော ရေလယ်ကျွန်းလေးပေါ်ရှိ စိမ်းညို့ညို့ သစ်ပင်ဖျားများဆီသို့ ဆည်းဆာနေက မှုထိတထိ ပက်ဖျန်းလျက်ရှိသည်။

နေဝင်မည့်ဘက်သို့ ဦးတည် ပျံဝဲလာသော ငှက်တစ်အုပ်က ညို့ဆိုင်းနေသော မိုးမျက်နှာပြင်တွင် တွေ့ရသည်။

ငှက်တို့၏ အတောင်ပံခတ်သံကို မကြားရ။ သို့သော်....

အတောင်ခတ်ဟန် လေးပင်လျက်ရှိကြောင်းကို 'သိသာစွာ မြင်သာစေ၏။

မကြာမီ ကာလတွင်....





အင်းလျားကန်နံ၏ ချုံနွယ်ပိတ်ပေါင်း သစ်ခွခေါင်း သစ်ရွက် ဗေဒါပင် ဗေဒါခက်များ အကြားမှ ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံကို ကြားရပေတော့မည်။

ထိုအသံများကို မကြားစံ့မနာသာဖြင့် နေမင်းသူရိန်သည် မှိန်ဖျော့ဖျော့ အရောင်တို့ဖြင့် အမှောင်သို့ ဦးတည်ရန် ကြိုးစားနေချေ၏။

မှတ်သုံလေအရှေ့၌ ဆည်းဆာမင်းသမီးလေး ခေါင်းငိုက်စိုက် ချထားရှာသည်။ မြသားဝန်းကျင်၌ ငိုသံများကို ကြားလိုက်ရ၏။

* * *

ဝဲဘက် ပါးပြင်ပေါ်ရှိ ပလာစတာ, မတ်တီးစ, ဝါဂွမ်းစ, တွေကို ဖယ်ထုတ် ပစ်လိုက်သောအခါ....

ရွှေတိုး၏ တအံ့တသြမျက်နှာကို တွေ့မြင်ရသည်။ ရွှေတိုး၏ အံ့သြမျက်နှာကို ကြည့်ရင်း ရင်ခေါ်စွာ ကျွန်တော်ပြုံးသည်။ ရွှေတိုးက ကျွန်တော့်ပါးပြင်ကို ကိုင်ကြည့်လျက်....

'မင်း....ပါးပေါ်က၊ ပါးပေါ်ကအမှတ်ကို ဖျက်ပစ်လိုက်ပြီ၊ ဟုတ်လား'

ခေါင်း မညိတ်၊ ခေါင်း မခါမိ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်တာလဲကွာ၊ ဘာအဓိပ္ပာယ်နဲ့ လုပ်လိုက်ရတာလဲ၊ မင်းမျက်နှာမှာ အဲဒီအမှတ်ကလေးက ပို ချစ်စရာ ကောင်းတာကွ၊ ဒီအမှတ်လေးကို မင်းမျက်နှာပေါ်မှာ မတွေ့ရတော့ မင်းဟာ ငါ့သူငယ်ချင်း အသစ်တစ်ယောက်လို့ ငါခံစားရတယ်'

'ဟား....ဟား....ဟား'

ရွှေတိုး၏ စကားကြောင့် ကျွန်တော် ရယ်မောမိသည်။ ပြက်ရယ်ပြုခြင်း မဟုတ်။ စကားကို သဘောကျခြင်း ဖြစ်သည်။

'ဟား....ဟား မင်းပြောသလိုပဲ ရွှေတိုး၊ ငါဟာမင်း သူငယ်ချင်း အသစ်ပဲ၊ ငါဟာ ငါမဟုတ်တော့ဘူး၊ ငါအဟောင်း သေသွားပြီ၊ ငါ အသစ် ဖြစ်ချင်တယ်၊ ငါအသစ်ဖြစ်ချင်တယ်....'

'သူငယ်ချင်းရယ်....'

မျက်ရည်တွေ ဝေ့ဝဲလာရ၏။

အမြတ်နိုးဆုံးအရာကို စွန့်လွှတ်လိုက်ရပြီဟု ခံစားရသည်။ ပေးဆပ်လိုက်ရခြင်းဟု သညာမတပ်ရက်။

သေလွန်သူ တစ်ယောက်....ဟု ကိုယ့်ကိုယ်ကို ထင်ချင်သည်။

ခန္ဓာကိုယ်သည် အသက်ရှူ လှုပ်ရှား နေသည်မှအပ အသည်းနှလုံးကတော့ ဆိတ်သုဉ်း ပျောက်ကွယ်ခဲ့ပြီပဲ။

ရှင်လျက် သေဆုံးခဲ့ပြီလေ။



# ညာ၏ တစ်စိတ် တစ်ဒေသ

www.burmeseclassic.com

www.burmeseclassic.com

သတ္တရာဇ်များစွာ၏ သည်မှာဘက်အထိ အတိတ်စကြာ ကွင်းအတွင်းမှ လွတ်မြောက်အောင် ရုန်းကန်နိုင်စွမ်းမရှိပေ။

ကွန်အုပ်သည့် ငှက်၊ မြှုံးချက်ဝင် ငါး၊ ပိုက်မိသားကဲ့သို့ သတိရခြင်း တံခါးဝမှ ရုန်းထနိုင်ဖို့ ခက်ခဲနေရ၏။

ဘဝ၏ နွေ ညဟာသမျှ မေ့မရခြင်း ဖြစ်ရပ်များစွာဖြင့် ကိုယ်စိတ်နှစ်ပါး ကြည်သာနိုင်မှု မရှိခဲ့။

ပြီးပျက်ခဲ့ပြီမဟာ ကိုယ့်ကိုယ်ကို သတိချပ်သည်။ သို့ မှတ်ခံစားခဲ့ရသမျှ ဘဝ၏ အနီးအပါးတွင် မရှိတော့။ မိုး ဝေးလျှင် ချိပ်အေားသတ္တု။

သိန်း၊ ၁၀ဝိ၊ ၁၁၉၈၉

www.burmeseclassic.com



အချစ်မီးဟူသည်ကား မည်မျှပင်ဝေးဝေး ပူဆွေးမပျော့ ပျောင်း အငွေ့တထောင်းထောင်းနှင့် နှစ်ပေါင်းများစွာ ဝေဒနာကို ဆပ္ပါးခံစားစေခဲ့လေသည်။

ဒါကို သိနေလျက်နှင့် အသစ်တစ်ဖန် ရှင်သန်ဖို့အတွက် အသည်းနှလုံးကို ဘယ်လို စေခိုင်းရမလဲ။ စေခိုင်းသည့်အတိုင်း လိုက်နာနိုင်သည့် သို့ဦးတော့...။

အသည်းနှလုံးသည် တစ်စိတ်တစ်ပိုင်း တစ်ဖက်တိဘိသာ ရှိတော့သည်ဟု ကိုယ့်ကိုယ်ကို သိနေ၏။

'တိတ်တခိုးက မလှလို့လား'

ဟု မေးခဲ့ဖူးသော ရွှေတိုး၏စကား။

'မင်းနဲ့ငါ နေရာချင်း လဲပစ်ချင်တယ်'

ဟု ပြောခဲ့ဖူးသော မျိုးချိမ်၏စကား။

'ရေလာနေတာတောင် ပြောင်းမဖောက် နိုင်တာတ တော့ တစ်ဖက်သားရဲ့ သံယောဇဉ်ကို ပစ်ပယ်ရာ ရောက်လွန်းတယ်'

ဟု ဝေဖန်ခဲ့ဖူးသော နိုင်ကို၏စကား။

'အနှာလည်းသိ ဆေးလဲ့ရှိရက်နဲ့ မေခလှာနဲ့မညီဘာ တော့ လွန်လွန်းတယ်၊ မင်းရှေ့မခလှာဟာ တိတ် တခိုးပဲ လှိုင်လင်း'

ဟု အကြံပြုခဲ့သော မင်းနွယ်၏စကား။





ထိုစကားတွေကိုငြင်းပယ်ခြင်း ဝန်ခံခြင်းရှိသည့်အတွက် တိတ်တခိုးကိုလည်း သူ အားနာမိသည်။

တိတ်တခိုးကို ချစ်လိုက်ဖို့ကျပြန်တော့လည်း အသည်း နှလုံးကို အားနာ၏။

'တစ်ခုခုကို တွေးနေတယ်မို့လား လှိုင်လင်း'

သိသာသွားစေနိုင်သော ဟန်အမူအရာ၏ ချတ်ယွင်းချက် ကြောင့် ဘာမှမတွေးပါဘူးဟု ငြင်းပယ်ဖို့ ခက်ရသည်။

ခပ်ခွာခွာ ထိုင်နေပါလျက် မျက်နှာကို တစ်ချက်ငဲ့ကြည့် ရုံဖြင့် တွေးတောလွင့်မျောနေသူဟု ထင်မြင်ချက် ပေးနိုင် သည်မှာ တိတ်တခိုး၏ ကျွမ်းကျင်မှုကြောင့်လည်း ဖြစ်နိုင် သည်။

သက်ပြင်းတစ်ချက် ချမိသောကြောင့်လည်း ဖြစ်နိုင်၏။

'ဘာမှ မတွေးပါဘူး၊ မျိုးချိမ်တို့ ရွှေတိုးတို့ကို မျှော် နေတာ၊ ပြီးတော့ နင့်သူငယ်ချင်းတွေကိုလဲ မျှော် နေတာ၊ စမ်းစမ်းအေးတို့ ပူစူးမှတို့ တစ်ယောက်မှ မရောက်ကြသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိုးပြုံးလှလှလေး၏ အဟန့်အတားကြောင့် မှုသားစကား ရပ်တန့်သွားရသည်။

'ငါအဖြစ်ချင်ဆုံးတစ်ခု ပြောချင်တယ် လှိုင်လင်း'

'ပြောလေ'

'နှင့်မှာရော ငါ့မှာရော သူငယ်ချင်းတွေ ရှိကြတယ်၊ အဲဒီ သူငယ်ချင်းတွေ အားလုံးထဲမှာ နှင်နဲ့ ငါနဲ့ ထိပ်တူ သူငယ်ချင်း ဖြစ်တယ်'

'ထိပ်တူ ဟုတ်လား တိတ်တခိုး'

'ဟုတ်တယ် လှိုင်လင်း၊ ထိပ်တူသူငယ်ချင်း ဆိုတာဟာ တစ်ယောက်ရင်ထဲက အကြောင်းကို ကျန်တဲ့ တစ်ယောက်က သိမြင်ခွင့်ရဖို့ပဲလေ'

မျက်နှာနွမ်းနွမ်းလေးဖြင့် ပြောသည်။ မနက်ပိုင်းသာ ရှိသေးသဖြင့် နေရောင်ခြည်သည် ပါးလှပ်နုနယ်ဆဲ ရှိ၏။ ဘူမိဗေဒစာသင်ဆောင်ရှေ့တွင် ကျောင်းသား ကျောင်းသူ တစ်ယောက်စ နှစ်ယောက်စသာ ရှိသေးသည်။

အဓိပတိလမ်း၏ အဝင်ဝကို မျက်နှာမူလျက် အနီးရှိ ရေတမာပင်ကို ဓွေတစောင်း ငဲ့ကြည့်မိသည်။ အကြည့်ကို မွှေ့ဘဲ....

'တိတ်တခိုးရယ် နှင်နဲ့ငါ သူငယ်ချင်းဖြစ်တာ ကြာလှပြီပဲ၊ တစ်ယောက်အကြောင်း တစ်ယောက် သိနေပြီးသားပဲ၊ နှင့်အဖေက အရာရှိတစ်ယောက်၊ နှင့်အမေက ပွဲရုံလုပ်ငန်းတွေ ပိုင်ဆိုင်တဲ့ သူဌေး၊ နှင့်





အစ်ကိုက နိုင်ငံခြားကုမ္ပဏီတစ်ခုရဲ့ ဌာနေကိုယ်စားလှယ်၊ နှင်က နောက်ဆုံးနှစ် ကျောင်းသူ၊ ငါက အဖမဲ့တစ်ခု သားတစ်ခု မကြောင့်မကြနေနိုင်တဲ့ ဘဝ အခြေအနေ၊ ငါလဲ နှင့်လိုပဲ နောက်ဆုံးနှစ်ကျောင်းသား၊ နှင်နဲ့ ငါနဲ့ အကြောင်းက ဒါပဲမို့လား'

'မဟုတ်သေးဘူး လှိုင်လွင်း၊ နှင့်ကို ကြည့်ရတာ တစ်ခုခုကို ခံစားမျိုသိပ်နေသလိုပဲ၊ တွေတွေငေးငေးနဲ့'

'ဝါ ဒီအတိုင်းပဲ နေတတ်တာ နှင်သိသားပဲ'

စာနာစွာ ငေးကြည့်လျက် ပြောမိသည်။

'နှင့်မှာ စိတ်ညစ်စရာ ရှိသလား'

ခေါင်းယမ်းသည်။

'နှင် အနေအထိုင်အေးတာ ငါသိပါတယ်၊ ဒါပေမယ့် အနေအထိုင်အေးတာနဲ့ တွေတွေဝေဝေ နေတာနဲ့မတူဘူးနော်၊ နေမကောင်းတာတောင် နေမကောင်းပါဘူးလို့ ပြောတတ်တဲ့အကျင့် နှင့်မှာ မရှိဘူးလေ၊ နှင် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေတာကိုပဲ ငါမြင်နေချင်တယ်၊ ပြဿနာ အခက်အခဲတစ်ခုခုရှိရင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေချင်တယ်၊ ငါပျော်ပျော်နေတတ်သလို နှင့်ကိုလဲ ပျော်ပျော်နေစေချင်တယ်ဟာ'

တိတ်တခိုး၏ မျက်နှာလေးကို ခင်မင်စွာ ငေးကြည့်လျက် သူပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါပျော်ပါတယ်ဟာ'ဟူသော စကားကို အပြုံးမပျက် ပြောလိုက်သည်။

'အဲဒါဆို နင်ခုနက ဘာဖြစ်လို့ သက်ပြင်းချရတာလဲ'

'အသက်ရှူကျပ်လို့'

'အသက်ရှူကျပ်လို့ ဟုတ်လား၊ ဘာဖြစ်လို့ အသက်ရှူကျပ်ရတာလဲ၊ နင် နေမကောင်းဘူးလား'

'နေကောင်းပါတယ်၊ ဘတ်စ်ကား ကျပ်ကျပ်သပ်သပ်ကို တိုးစီးခဲ့ရလို့ မွန်းကျပ်တာမျိုးပါ'

မှုယုံကြည်ခြင်းတစ်ဝက်၊ ယုံကြည်ခြင်းတစ်ဝက် ရောယှက်နေသော မျက်နှာကို မသိမသာ အကဲခတ်မိသည်။

'ကားကျပ်ကျပ်ကို မစီးနိုင်ဘူးပေါ့ ဟုတ်လား'

'အင်း'

'နင့်အမေကို ကားတစ်စီးလောက် ဝယ်ခိုင်းပေါ့၊ နင့်အမေက ပတ်ပလေကာလောက်တော့ ဝယ်ပေးနိုင်မှာပါ'

'ငါမှ မမောင်းတတ်တာ'

'မမောင်းတတ်ရင် ငါ ဒရိုင်ဘာ လုပ်ပေးမယ်'

ရယ်မောလျက် ပြောသည်။ အရယ်ရပ်လျက်....

'တကယ်ပြောတာ လှိုင်လင်း၊ ကားခမောင်းတာတို့၊ ဆိုင်ကယ်စီးတာတို့၊ ဘတ်စ်ကား တွယ်စီးရတာတို့ ငါ အရမ်းဝါသနာပါတာ၊ မိန်းကလေးက မိန်းကလေးလို နေရမယ်လို့ မာမီနဲ့ ဒက်ဒီ ထားထားလို့ သာ ငြိမ်နေရတာ'

'ယုံပါတယ်၊ နင်က ပေါက်ကျော်မပဲ'

'အမယ်.... ပေါက်ကျော်မ မဟုတ်ဘူး၊ တက်ကြွတဲ့ လူငယ်တိုင်းက ငါ့လိုပဲ နေသင့်တယ်၊ လူငယ် တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ် ရှိရမှာပေါ့၊ အိမ်ကမသိအောင် ဘတ်စ်ကား ခဏခဏ ခိုးစီးတာ နင်အသိပဲ၊ ဘတ်စ်ကား အစီးကောင်းလို့ နင်နဲ့ငါ သူငယ်ချင်း ဖြစ်ခွင့်ရတာ နင် မေ့ပစ်လိုက်ပြီလား'

'ဘယ်လိုလုပ် မေ့ပါမလဲ၊ ငါ အမြဲတမ်း သတိရနေမယ့် ကိစ္စပဲ'

ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောမိသောစကားဟု ကိုယ့်ကိုယ်ကို သိသည်။

'မမေ့ရင် ပြီးတာပဲ၊ ငါကတော့ အဲဒီနေ့လေးကို တစ်သက်လုံး သတိရနေမှာပါ၊ နင့်လို အေးဆေးတည်ငြိမ်တဲ့ လူမျိုးနဲ့ သူငယ်ချင်း ဖြစ်ခွင့်ရတာ ငါ အရမ်း ဝမ်းသာမိတယ်ဟာ၊ ဂုဏ်လဲယူတယ်'

'ငါ့ကို မမြှောက်မပင့်ပါနဲ့ တိတ်တခိုးရယ်'

'ငါ အမြင်အတိုင်း ပြောတာပါ'

'နင် ငါ့ကို ဘယ်လိုမြင်လို့လဲ'

မျက်ဝန်းချင်းဆုံသည်အထိ သူ့ကို တိတ်တခိုး ကြည့်သည်။ အကြည့်နှစ်ခု၏ ဆုံစည်းချိန်သည် စက္ကန့်ပိုင်းမျှ။ ထို





www.burmeseclassic.com

www.burmeseclassic.com



ကာလသည် တစ်စုံတစ်ခုသော ရင်ခွင်၌ အတိုင်းအဆမဲ့စွာ ရှည်ကာ တည်တံ့သွားစေ၏။

'ရှိုးတယ်, အေးတယ်, တည်ငြိမ်ဘယ်, ပဟေဠိဆန်တယ်၊ စာတော်တယ်လေ'

ပြုံးပြုံးကြည့်ကို တိတိတခိုးက နားမလည်စွာ ကြည့်၏။

'နှင် အခုတွေ့နေရမယ့် ရှိန်ကျက်ဆိုတဲ့ ငါဟာ နှင်နဲ့ သူငယ်ချင်းမဖြစ်ခင် ဟိုတစ်ချိန်တုန်းက ဖျတ်လတ်တက်ကြွတဲ့ ကောင်လေးတစ်ယောက်ဆိုရင် နှင် ယုံမလား၊ ကျောင်းလဲ ခဏ ခဏ ပြေးတယ်၊ စာလဲ သိပ်မတော်ဘူး၊ ဟေးလားဝါးလား နေ့ဘတ်ဘဘယ် ဆိုရင် နှင် အံ့သြမလား'

'မဖြစ်နိုင်တာပဲ'

ဟု တိတ်တခိုးက တွေးဆစွာ ပြောသည်။

'လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ ဖြစ်ပြီး ပျက်သွားတာ၊ ဖြစ်ပြီး ပြောင်းလဲသွားတာပဲ ရှိတယ် တိတ်တခိုး'

'နှင် တကယ်ပြောနေတာလား'

ခေါင်းညိတ်ပြလိုက်သည်။

'ဒါဆို နှင့်အကြောင်း တော်တော်များများကို ငါ သိဖို့ လိုသေးတာပေါ့နော်'

'မလိုဘူးလို့ပြောရင် ငါ့ကို သူစိမ်းဆန်တယ်လို့ နှင် စွပ်စွဲမလား'





'မစွပ်စွဲပါဘူး၊ ဒါပေမယ့် သိချင်တာပေါ့'

'နှင် သိသင့်တဲ့အချိန်ရောက်ရင် ငါ ပြောပြမှာပေါ့၊ နှင် စောစောကပြောသလို ထပ်တူသူငယ်ချင်းဖြစ်မယ့် အချိန်ပေါ့ဟာ'

အဓိပတိလမ်းအဝင်ရှိ သံတံခါးတွေကို ငေးကြည့်ရင်း ပြောလိုက်သည်။

ကျောင်းသားအု / သုံးလေးစုံ ဝင်လာကြအိုး ခြေဘိုးတို့ ရောက်လာလိမ့်မည့် ထင်ဓား ပါးလှပ်လှပ်နေခြည်သည် တစ်စ တစ်စ ပြင်းရှရှ ဖြစ်လာသည်ဟု ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ငါ နင့်ကို ချစ်ပါတယ် တိတ်တခိုးရယ်။

နင်က ငါတို့ သူငယ်ချင်းတွေအားလုံးရဲ့ ခင်မင်စရာ အကောင်းဆုံး သူငယ်ချင်းမလေးတစ်ယောက်ပါပဲ။

ဒါပေမယ့်လော အခုအခါမှာ ငါ သံယောဇဉ်ကို ကြောက်တတ်နေပြီ။ သံယောဇဉ်ရှိသူတွေနဲ့ ဝေးရ ခွဲရမယ့်ဒဏ်ကို ထပ်ပြီး ခံစားရမှာကြောက်လို့ သံယောဇဉ်တွေနဲ့ ဝေးရာမှာ ငါ နေချင်တယ်။ ဘယ်သူ့ကိုမှ သံယောဇဉ် မထားချင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်လူသား တစ်ယောက် မို့ သံဃာဇဉ်တွေနဲ့ တကယ် ဝေးတဲ့နေရာမှာ မနေနိုင်ခဲ့ပေမယ့် ခပ်ခွာခွာနေ တတ်အောင် ငါ ကြိုးစားခဲ့တယ်။

ပျော်ရွှင်မှုဆိုတာကို ငါမရှာချင်တော့ဘူး။

အခုအခါမှာ တစ်ယောက်တည်း နေတတ်ခဲ့ပေမယ့် ဟိုးတုန်းကတော့ ပျော်ပျော်ရွှင်ရွှင် နေတတ်ခဲ့သူတစ်ယောက်ပါ။ နင် ပျော်ပျော်နေတတ်သလို ငါလည်း ပျော်ပျော်နေခဲ့ဖူးပါတယ်။

ငါ့ဘဝထဲမှာ 'မမ' ရှိခဲ့တုန်းက ငါ ညိုပ်ပြီး ပျော်ရွှင်ခဲ့တာပေါ့။

ငါ့ဘဝထဲက မမကို ထုတ်ပယ်ပစ်လိုက်တဲ့နောက်ပိုင်းမှာတော့ ငါ့ရဲ့ ပျော်ရွှင်စရာမှန်သမျှ တစ်ခန်းရပ်ခဲ့ရတယ်လေ။

ငါ့ရဲ့ အထီးကျန်ဘဝထဲ နှင် ရောက်လာတဲ့နေ့က တိုက်တိုက်ဆိုင်ဆိုင် 'မမ'ကို ငါ သတိရလိုက်မိတယ်။

ဘာဖြစ်လို့လဲဆိုတာကိုတော့ ငါပဲ သိတယ် တိတ်တခိုး။ ခင်မင်စရာကောင်းတဲ့ နှင့်ရဲ့ အပြုအမူတွေဟာ တစ်ချိန်တုန်းက ငါပြုမူခဲ့တဲ့ ပျော်ရွှင်မှုမျိုးလေးတွေပေါ့။

ဘာပဲဖြစ်ဖြစ် နင်နဲ့ငါနဲ့ စတင်သိရှိခဲ့ရဖူး အဲဒီနေ့လေးကိုတော့ နင်နဲ့ထပ်တူ ငါသတိတရရှိနေမှာပါ။

ဘာကြောင့်လည်းဆိုတော့ အဲဒီနေ့က 'မမ'ကို ငါ သတိရသွားစေလို့ပေါ့။

❖ ❖ ❖





ကားပေါ်ကိုမတက်ခင် 'ပူစူးမ' ပြောသော အစီအစဉ်ကို တိတ်တခိုးနှင့် စမ်းစမ်းအေးတ လုံးဝဥဿုံ သဘောတူပစ်လိုက်သည်။

သဘောတူညီမှု ရပြီးသည်နှင့် ဘတ်စ်ကားပေါ်သို့ သုံးယောက်သား ပြေးတက်လိုက်ကြသည်။ ထိုင်ခုံသုံးခုံတွင် တကွဲတပြား နေရာယူလိုက်ကြသည်။ ကား ဝိုတ် အစ မို့ ကားဏ လူပြည့်မှုထွက်မည် ထင်သည်။

ခဏအကြာတွင် နံဘေးခုံတန်းရှိ ပူစူးမကို ငဲ့ကြည့်လိုက်သောအခါ ပူစူးမ၏မျက်နှာ ရှုံ့မဲ့နေသည်ကို တွေ့ရ၏။

တိတ်တခိုးဏ လျှာကလေး ထုတ်ပြလိုက်သည်။ ပူစူးမ၏ နံဘေးတွင် အသက်ကြီးကြီး အဘွားအိုတစ်ယောက် ထိုင်နေသည်ကို မြင်ရသဖြင့် တိတ်တခိုး ပျော်သွား၏။

ကားပေါ်သို့ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက် တက်လာသောအခါ တိတ်တခိုး မျက်စိလေးကိုစုံမှိတ်ထားလိုက်မိသည်။ သူ့ဘေးနားတွင် မထိုင်တော့ဘူးဟု ကျိန်းသေတွက်ဆမိတော့မှ မျက်လုံးကို ရဲရဲဝံ့ဝံ့ ဖွင့်ကြည့်လိုက်သည်။

သည်တစ်ခါ မျက်နှာရှုံ့မဲ့သွားသူကတော့ စမ်းစမ်းအေးပဲ ဖြစ်သည်။ အသက်ငါးဆယ်ခန့် လူကြီးက စမ်းစမ်းအေး၏ နံဘေးတွင် ဝင်ထိုင်လိုက်သောကြောင့် ဖြစ်၏။

လက်ရှိအခြေအနေအရဆိုလျှင် တိတ်တခိုးဘက်က သ[illegible] နှင့် အနိုင်။ ပူစူးမနှင့် စမ်းစမ်းအေးတို့အနေဖြင့် သ[illegible]ရ။ ဒါမှမဟုတ် ရှုံးဖို့ကျိန်းသေနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကိုတက်။ နေရာတကွဲစီ ထိုင်။ မိမိထိုင်ခုံနေရာ လွှတ်တွင် ရုပ်ရည်သန့်ပြန့်ချောမောသော လူရွယ်ယောကျ်ား လေးတစ်ယောက် လာထိုင်သည်ဆိုလျှင် ထိုထိုင်ခုံပိုင်ရှင်က အနိုင်ရမေမည်။ နိုင်သူကို ရှုံးသူနှစ်ယောက်က ကင်တင်း တွင် လက်ဖက်ရည်နှင့် မုန့်မျိုးစုံ ပြုစုကျွေးမွေးရပေမည်။

အကယ်၍ သုံးယောက်စလုံး၏ ထိုင်ခုံတွင် ရွယ်တူ ယောကျ်ားလေးတွေ လာထိုင်မည်ဆိုလျှင်လည်း ရုပ်ရည် အချောဆုံး၊ အသပ်ရပ်ဆုံး သူကို အနိုင်ပေးကြ။

ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ တိတ်တခိုး အနိုင်ရဖို့ များနေပြီ။

ကားစက်နှိုးသံ ကြားရသည်။ကားပေါ်ရှိ ထိုင်ခုံအားလုံး လူအပြည့်။

အဲ...တိတ်တခိုး၏ ထိုင်ခုံမှာတော့ တစ်ယောက်စာ လစ် လပ်လျက် ရှိနေသေးသည်။

သိကြားမင်းက ရုပ်ရည်ချောမောသန့်ပြန့်သော လူရွယ် တစ်ယောက်ကဲ့သို့ ဖန်ဆင်းပြီး အနားတွင်လာထိုင်လျှင် သိပ် ကောင်းမှာပဲဟု တိတ်တခိုး တွေးသည်။

ထိုသို့ သိကြားမင်းကိုယ်တိုင် လာထိုင်လျှင် သူ စား သောက်ရမည့် လက်ဖက်ရည်နှင့် မုန့်မျိုးစုံအနက်က တစ် ဝက်တိတိကို ဦးဦးဖျားဖျား ပူဇော်ပသပစ်လိုက်ချင်သည်။

'သိကြားမင်း ဦးမာဃရှင့်၊ လူချောင်သော ဘတ်စ် ကားကို မြင်ဖူးတယ်ရှိအောင် အချိန်မနှောင်းသေး ခင် မြန်မြန်ဆန်ဆန် လာရောက်ရှုစားတော်မူပါ'





ဟု အသံထွက်ပြီး အော်ခေါ်ချင်စိတ် ပေါက်လာသည်။ အခုအချိန် သိကြားမင်း၏ ကျောက်ဖျာတင်းသွား အောင် ရေခဲရိုက်ပေးလိုက်ရင် ကောင်းမယ်ဟု ပေါက် ပေါက်ရှာရှာ တွေးမိသေး၏။

ကားဘီး စ,ရွေ့သည်။

'ဟိုးထား ဆရာ၊ တစ်ယောက်လိုက်မယ်'

မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

ကားပေါ်သို့ တက်လာသောခြေသံကို ကြားရသည်။ အနားတွင် လာရောက်ထိုင်ခြင်း မရှိသဖြင့် မျက်လုံးကို ...ကြည့်ချင်စိတ် ဖြစ်သည်။

'ညီလေး....ဒီမှာ ထိုင်လေ'

မျက်လုံးကို ဖွင့်မကြည့်ရသေးဘဲ အနိုင်ရဖို့ တစ်စက် ...တိ ကျိန်းသေသွားစေသော စပယ်ယာ၏ မင်္ဂလာရှိသော ...သံ....။

ဘတ်စ်ကား စတင်ထွက်ခွာသည်ကို သိသည်။ အနားတွင် ...စ်စုံတစ်ယောက် လာထိုင်သည်ကို သိ၏။

'ကားခလေးတွေ လှမ်းထားမယ်'

ထိုအခါကျမှ မျက်လုံးဖွင့်သည်။ ကျပ်တန်သုံးရွက်လှမ်း ...ရင်း 'သုံးယောက်'ဟု တိတ်တခိုး ပြောသည်။

အနားတွင် ထိုင်နေသော တစ်စုံတစ်ယောက်ကလည်း ...ပ်တန်တစ်ရွက် လှမ်းပေးသည်။

လှမ်းပေးသည့် လက်ကိုသာ မြင်သည်။ မျက်နှာကို ...မြင်သေး။

www.burmeseclassic.com



မြင်ခွင့်ရသော လက်ချောင်းလေးတွေကတော့ သွယ်သွယ်
ပျောင်းပျောင်း....ချောချောမွေ့မွေ့၊ သပ်သပ်ရပ်ရပ်။

ငဲ့ကြည့်ပစ်လိုက်ချင်သည်။

တကယ်တမ်း ကြည့်ဖို့ကျတော့ မဝံ့ရဲချေ။

ပူစူးမနှင့် စမ်းစမ်းအေးတို့ကတော့ ထိုကောင်လေး၏
မျက်နှာကို မြင်ဖူးလောက်ပေပြီ။

အခု လောလောဆယ်မှာတော့ ပူစူးမနှင့် စမ်းစမ်းအေးတို့
ရှိရာဘက်သို့ပင် ငဲ့ကြည့်ဖို့ ခက်ခဲနေရသည်။

တစ်ခုခုကို ကြောက်လန့်နေသလိုမျိုး ရင်ထဲမှာ ခုန်နေ
သည်။

တားမှတ်တိုင် ဘယ်နှစ်မှတ်တိုင် ကျော်လွန်လာသည်ကို
မသိ။ ခရီးသည်တွေ ကားတစ်စီးလုံး ပြည့်လုပြည့်ခင် ဖြစ်နေ
ပြီကို သိသည်။

ရွှေ့မှတ်တိုင်တွင် ဆင်းရတော့မည်။ ရွှေ့မှတ်တိုင်
ကျောင်းရွှေ့မှတ်တိုင်။

အို....ဘာပဲဖြစ်ဖြစ်။ တစ်ချက်လောက် ငဲ့ကြည့်တာပဲ
ဘယ်သူသိတာ မှတ်လို့....။

ကိုယ့်ကိုယ်ကို အားပေးရင်း တည့်တည့်မှတ်မှတ်ကို
ကြည့်ပစ်လိုက်သည်။

တစ်စက္ကန့် ဒါမှမဟုတ် နှစ်စက္ကန့်လောက် ကြာသွား
သည်။





စက္ကန့်ပိုင်းအတွင်း၊ ရင်ထဲမှာ အမည်မသိစွာ အေးမြ
သွားရသည်။

ထိုအေးမြခြင်း ကျက်သရေကို မြင်သာအောင် ပုံဖော်ပြဖို့
အတွက် နှင်းခဲပွင့်တွေ များစွာ လိုအပ်ပေလိမ့်မည်။

❖ ❖ ❖

'ကဲ....တိတ်တခိုး၊ ဒီပွဲမှာ နင် အပြတ်အသတ်ကြီး အနိုင်
ရသွားပြီ၊ ကင်န်တင်းနို့ သွားကြမယ်၊ လာ'

စမ်းစမ်းအေး၏ စကားသံကို ဟိုးအဝေးကြီးက ပြောနေ
သော အသံဟု ခံစားရသည်။

'ငါ မလိုက်ချင်တော့ဘူး၊ ဘာမှ မသောက်ချင်
မစားချင်တော့ဘူး'

'ဟောတော်....ဘယ်လိုဖြစ်တာတုန်း၊ ဘာလဲ....ငါတို့
နှစ်ယောက်က နင် စားသလောက် မရှင်းနိုင်မှာ
စိုးလို့လား'

'မဟုတ်ပါဘူးဟာ'

ပူစူးမက သူ့လွယ်အိတ်ကို ဆွဲလျက်....



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ရင် လာ....သွားမယ်၊ နှင် စားရမယ့်ဆုကြေးထက် ဒီနေ့ လေး,ငါး,ဆယ်ဆ,လောက် ပိုစားရမယ်၊ ငါတို့နှစ်ယောက်ကလဲ ပိုကျွေးသင့်တယ်'

'ဘာဖြစ်လို့လဲဆိုတော့ နှင့်ဘေးနားမှာ ထိုင်သွားတဲ့ကောင်လေးက ချောရုံ,လှရုံသက်သက် အေးဆေးတည်ငြိမ်တဲ့ ကျောင်းသားတစ်ယောက်မို့ လို့ပဲ'

'နှင်....နှင် သိလား ပွစူးမ၊ သူ့ကို နှင် သိလား'

'နှင်ရော မသိဘူးလား တိတ်တခိုး၊ အဲဒါ ငါတို့အတန်းထဲကလေ'

'ဟုတ်ရဲ့လား....ဟာ'

'ဟုတ်ပါတယ်၊ ငါတို့က ရှေ့ဆုံးအတန်းမှာ အထိုင်များလို့ နှင် သတိမထားမိတာ နေမှာပါ၊ ငါတို့သုံးယောက်ကို ကဗျာစာအုပ်တစ်အုပ်စီ လာဝေခဲ့တဲ့ ရွှေတိုးဆိုတာ သိတယ်မို့လား'

'အင်း...ကဗျာစာအုပ် လာရောင်းတဲ့ ကောင်လေးတော့ သိတယ်၊ ရွှေတိုးလား, ငွေတိုးလား ဆိုတာတော့ မသိဘူး'

'အဲဒီ ရွှေတိုးတို့ အုပ်စုကပဲ၊ အဲဒီ အုပ်စုထဲမှာ နှင့်ဘေးနားမှာ ထိုင်သွားတဲ့ ကောင်လေးက အအေးဆုံးပဲ၊ သူလဲ ကဗျာရေးတယ် ထင်တာပဲ၊ ငါတို့ဝယ်လိုက်ရတဲ့ ကဗျာစာအုပ်ထဲမှာ သူ့ကဗျာ ပါချင်ပါမှာပေါ့'





'ပါတာ မပါတာတော့ မသိဘူးဟာ၊ အဲဒီ ကဗျာစာအုပ်ထဲက 'မျက်ရည်ဥတဲ့....ည'ဆိုတဲ့ ကဗျာတစ်ပုဒ်ပဲ အမှတ်ရတယ်၊ ဒါတွေ ထားလိုက်ပါဟာ၊ လောလောဆယ် ငါ့စိတ်ထဲမှာ တစ်မျိုးပဲ'

နားမလည်စွာ ကြည့်သော မျက်ဝန်းနှစ်စုံကို တွေ့ရသည်။

'အဲဒီကောင်လေးကို ကားပေါ်က ဆင်းခါနီးကျမှ ငါ ငဲ့ကြည့်မိတာ၊ အဲဒီကြည့်မိတဲ့ စက္ကန့်ပိုင်းအတွင်းမှာ နှင်တို့ကျွေးမယ့် မုန့်လဲ မစားချင်တော့ဘူး၊ လက်ဖက်ရည်လဲ မသောက်ချင်တော့ဘူး၊ ငါ့ရင်ထဲမှာ တစ်စုံတစ်ခုဟာ အေးအေးမြမြ ပြည့်ပြည့်စုံစုံ ဖြစ်သွားသလိုပဲ'

'တကယ်'

ပွစူးမက တအံ့တသြ ဆိုသည်။ တိတ်တခိုး ခေါင်းညိတ်လိုက်သည်။

'နှင်....သူ့ကို မြင်မြင်ချင်း ချိုက်သွားတာလား'

'အဲဒါမျိုးတော့ မဟုတ်ဘူး ထင်တာပဲ၊ ဒါပေမယ့် သူ့ကို ငါ နောက်ထပ်တစ်ခါ ထပ်တွေ့ချင်တယ်၊ တည်ငြိမ်တဲ့ သူ့ပါးစပ်က စကားတွေ ပြောတာကို ကြားချင်တယ်၊ လွယ်လွယ် ပြောရရင် သူ့ကို ငါ ခင်ချင်တယ်ပေါ့ဟာ'

ပွစူးမှာ လက်ဖျောက်တီးပြီး....



www.burmeseclassic.com

www.burmeseclassic.com



'ဒါများ လွယ်ပါတယ်ဟာ၊ သူတို့အုပ်စု ရောင်းပ
ကဗျာစာအုပ်ထဲက ကဗျာတစ်ပုဒ်ပုဒ်ရဲ့အကြောင်းက
ဟိုမေးဒီမေး မေးရင်း ဝင်ရောလိုက်တာပေါ့၊ စော
စောက နှင် ပြောတဲ့ မျက်ရည်ဥတဲ့ ည ဆိုတဲ့ ကဗျာ
ကို ဘယ်သူရေးတာလဲ၊ ဘာ့ညာပေါ့ဟာ'
တက္ကသိုလ်ဓမ္မာရုံဘက်သို့ ငေးကြည့်ရင်း....
'ငါ့စကားက နှင်တို့နှစ်ယောက်အတွက် ရယ်စရာ
များ ဖြစ်နေမလား မသိဘူး၊ ငါ သူ့အပေါ်မှာ
မုသားသုံးပြီး ဝင်မရောချင်ဘူး၊ အဖြစ်မှန်အတိုင်း
ပြောပြချင်တယ်၊ ငါ သောက်ရမယ့်လက်ဖက်ရည်ကိ
သူနဲ့အတူ သောက်ချင်တယ်၊ သူ့ကြောင့် ငါ လက်
ဖက်ရည် သောက်ရမှာ မဟုတ်ဘူး'
'ကဲ ဒါဆိုလဲ- ပေါ်ပေါ်တင်တင်ပြောပြီး လက်ဖက်
ရည်ဝိုင်း ဖွဲ့လိုက်ကြရအောင်၊ သူ့သူငယ်ချင်းတွေက
ပါခေါ်လိုက်တာပေါ့။ ပြောနေ ကြာတယ်....လာ'
ပူစူးမ ခေါ်ရာသို့ ခြေဦးလှည့်လိုက်သည်။
တိုက်တိုက်ဆိုင်ဆိုင် ကျောင်းထဲသို့ ဝင်လျှင်ဝင်ချင်း
တိုးတို့ အုပ်စု တောင်ငူဆောင် ဘက်ရှိ ကင်န်တင်းနံဘက်
သွားနေကြသည်ကို လှမ်းတွေ့ရသည်။
တိတ်တခိုး ခြေလှမ်းတွေ မြန်နေသည်ဟု ကိုယ့်ကိုယ်
သိ၏။



(၃)

'လှိုင်လင်းက နင့်ကို ဘာပြောလို့လဲ'
ရွှေတိုး၏အမေးကို ချက်ချင်းမဖြေသေးဘဲ တိတ်တခိုး
ပြင်း ချသည်။ ကျောက်တုံးတွေတင်ထားသော ခုံတန်း၏
း၌ ဝရန်တာကို ကျောမှီလိုက်သည်။ စာသင်ချိန် ကူး
ာင်းစ ဖြစ်သဖြင့် စာသင်ခန်းအပြင်ဘက်တွင် ဝင်သူထွက်
ထူထပ်လျက် ရှိ၏။ အစိမ်းနုရောင် မွေးပွလွယ်အိတ်ကို
င်ပိုက်လျက်....
'ဘာရယ်လို့ တိတိကျကျမပြောပါဘူး၊ ငါနဲ့ မခင်မင်
တုန်းက သူ နေတာထိုင်တာ အခုလိုမဟုတ်ဘူးတဲ့၊
အဲဒါ အမှန်ပဲလား ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက စီးကရက်တစ်လိပ်ကို မီးညှိသည်။ မီးခြစ်ကို အကျႌအိတ် အတွင်းသို့ ထည့်ပြီး အောက်ဘက် ပန်းပင်တွေ ရှိထားသော လူသွားလမ်းလေးကို ငေးငိုင် ငုံ့ကြည့်နေ၏။ စီးကရက် မီးခိုးငွေ့တွေကို မှုတ်ထုတ်သည်။

'အခုလိုပုံစံမျိုး မဟုတ်ဘူး ဆိုတာတော့.... အမှန်ပဲ'

မမြင်ခဲ့ရသော အတိတ်ကာလတစ်ခုသို့ ခန့်မှန်းတွေးတော နေသောမျက်ဝန်းကို တိတ်တခိုးထံတွင် တွေ့ရသည်။

'တကယ်ပဲလား- ရွှေတိုး'

လေးပင်စွာသော ခေါင်းအညိတ်။

ရွှေတိုးက စလွယ်သိုင်းထားသော လွယ်အိတ်အတွင်းသို့ လက်နှိုက်သည်။ လက်ပြန်အရုပ်တွင် ဓာတ်ပုံ ထည့်သည့် အယ်လ်ဘန်တစ်ခု ပါလာသည်။ ဓါတ်ပုံပေါင်းများစွာ သည့်အနက် သူတို့သူငယ်ချင်းတွေစုရိုက်ထားသည့် ပုံတစ်ပုံ တိတ်တခိုးထံသို့ ပြလိုက်၏။

'အဲဒါ.... လွန်ခဲ့တဲ့ ခြောက်နှစ်သောက်က တို့သူငယ် ချင်းတွေ အမှတ်တရ ရိုက်ထားတဲ့ ဓာတ်ပုံပဲ....'

တိတ်တခိုးက ကမန်းကတန်း ယူကြည့်သည်။ ဓာတ်ပုံ ကြည့်လျက်....

'ဒါက နှင်း၊ ဒါက နိုင်ငံကို၊ ဒီဘက်က မျိုးချိမ်၊ ဒါ မင်းနွယ်- ဒီတစ်ယောက်က ဘယ်သူလဲ၊ ဒါ လှိုင်လင်းလား'

အစွန်ဆုံးပုံကို လက်ညှိုးညွှန်ရင်းမေး၏။

'နှင်း ဘယ်သူလို့ ထင်လဲ'



'လှိုင်လင်း....လှိုင်လင်းတော့ မဖြစ်နိုင်ဘူး'

'မဖြစ်နိုင်ဘူးလို့ ဘာကြောင့် ပြောနိုင်တာလဲ'

ဓာတ်ပုံကို အသေအချာ ပြန်ကြည့်သည်။ တီရှပ်အပေါ်တွင် ဂျင်းနံ့အကျႌ ထပ်ဝတ်ထားသည်။ လည်ပင်းတွင် ငွေကြိုးတစ်ကုံး၊ ပုတီးလိုလို ဘာလိုလို ကြိုးရှည်ရှည်ဘက် တရိပ်ခေါးကဲ့သို့သော စတီးဆွဲပြားကြီးတစ်ခုကို ကြိုးအနက်ဖြင့် ဆွဲထားသေးသည်။ ညာဘက်လက်တွင် စတီးလက်ကောက် နှစ်ကွင်း၊ ဝဲဘက်လက်တွင် နာရီနှင့်နှစ်ပင်လိမ် ကြေးလက်ကောက် တစ်ရန်၊ ဂျင်းနံ့ဘောင်းဘီကို အရိုးခေါင်း ခါးပတ်ဖြင့် တော်ထားလျက်- စီးကရက်ကို မျက်လုံးစင်းပြီး ဟန်ပါပါ ခဲထားသည်။ ဒါ လှိုင်လင်း လုံးဝမဖြစ်နိုင်၊ နောက်ပြီး မျက်နှာ၊ ဘယ်ဘက် ပါးပြင်ပေါ်က အမှတ်၊ ပြီးတော့- ကုပ်ပေါ် ဝဲကျနေတဲ့ ဆံပင်ရှည်။

'ဒါ.... လှိုင်လင်းမှမဟုတ်ဘဲ၊ ဝတ်ပုံစားပုံ နေပုံ ထိုင်ပုံက အစ လှိုင်လင်းမဟုတ်ဘူး၊ ပြီးတော့ လှိုင်လင်းမှာ ဒီဓာတ်ပုံထဲကလို မျက်နှာပေါ်မှာ အမှတ်မှ မရှိဘဲ၊ ဟုတ်ဘယ် ဒါ လှိုင်လင်း မဖြစ်နိုင်ဘူး'

ရွှေတိုးက အယ်လ်ဘန်ကို ပြန်ယူပြီး လွယ်အိတ်ထဲသို့ ထည့်သည်။

'တိတ်တခိုး....'

ခေါ်သံ တုန်ယင်သွားသည်။

'အဲဒါ လှိုင်လင်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနက်လေး တွန့်သွားသည်။ မျက်လုံးထဲတွင် အံ့ဩြင်၊ မျက်နှာတစ်ခုလုံး အံ့ဩဟန်။

'အဲဒါ လှိုင်လင်း ဟုတ်လား'

'ဟုတ်တယ်.... နင် မယုံဘူးမို့လား'

'ငါ့ကို အဲဒီဓာတ်ပုံ တစ်ခါလောက် ထပ်ပြပါလား'

ရွှေတိုးက ဓာတ်ပုံ အယ်လ်ဘန်ကို ထုတ်ပေးလိုက်ပြန်သည်။ သူ မမြင်ဘူးခဲ့သော လှိုင်လင်းကို မြင်ဖူးခဲ့သော လှိုင်လင်းနှင့် နှိုင်းယှဉ်ကြည့်နေမိ၏။

'သူ့အာဖြစ်လို့ အဲဒီလိုကနေ ပြောင်းလဲသွားတာလဲဟင်'

မမှိတ်မသုန်ကြည့်ရင်း မေးသည်။

'အခုလှိုင်လင်းဟာ အရင်တုန်းက လှိုင်လင်းနဲ့ တစ်ပုံစံစီ ဖြစ်နေပြီ ဆိုတာလောက်ပဲ ငါပြောပါရစေ၊ ဘာကြောင့် ပြောင်းလဲခဲ့ရတယ် ဆိုတာကတော့၊ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စမို့ သူ့ကိုပဲ မေးစေချင်တယ်'

'ငါ မမေးတော့ပါဘူးဟာ၊ မမေးမမြန်းဘဲ သူ့ဖာသာ ပြောပြရင် သိပ်ကောင်းမှာပဲ'

'ပြောပြလိမ့်မယ်လို့ ငါလဲ မျှော်လင့်ပါတယ်၊ သူ့ဘဝ တစ်ခုလုံးကို နင် သိသင့်ပြီဆိုတဲ့ အချိန်အခါမျိုးမှာပေါ့'

ထိုစကားကြောင့် ရင်မှာ လှပ်ခနဲ ခံစားရသည်၊ တပ်တူဟူသော ဝေါဟာရ၏ အတိမ်အနက်ကို ခန့်မှန်းလိုက်မိသည်။





ဓာတ်ပုံကို ဝေးစိုက်ကြည့်လျက် ဆံပင်တိုတို သပ်သပ်ရပ်ရပ်ဖြီးသင်ထားသော၊ အင်္ကျီအဖြူလက်ရှည်မလေးကို စနစ်တကျ ခေါက်တင်၍ ဝတ်ဆင်လျှက်ရှိသော၊ ကချင်လုံချည်ဖြင့် သပ်သပ်ခပ်ခပ် ဆင်ယင်တတ်သော လှိုင်လင်း၏ တည်ငြိမ် သဏ္ဍာန်ကို ပြန်လည်မြင်ယောင်သည်။

မည်သည့် လှိုင်လင်းကိုပဲ ဖြစ်စေ၊ သူဆက်လက် ချစ်ခင်နေမည်သာဖြစ်သည်။ အတိတ်ကာလတွေကို နှာမြောတသမိ၏။

❖ ❖ ❖

'အကြောင်းအရင်းကတော့ အဲဒါပဲ၊ သူ အနိုင်ရအောင် သူ့တေးနှုးမှာ လာထိုင်ဖြစ်သွားတဲ့ ဒီက ရွှေတိုးရဲ့ သူငယ်ချင်းကိုပါ သူစားရမယ့် မုန့်နှင့် လက်ဖက်ရည်ကို စားစေချင် သောက်စေချင်လို့တဲ့'

ပူစူးမ၏ စကားအဆုံးတွင် လှိုင်လှင်း မခနတတ် မထိုင်တတ် ဖြစ်သွားရသည်။ တိတ်တခိုးက သူ့ကိုမရဲဘရဲ ကြည့်နေ၏။

'အဲဒါဆို.... ကျွန်တော်တို့ကိုပါ ကျွေးဖို့ အစီအစဉ်ရှိသွားပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မျိုးချိမ်၏ စကားကြောင့် သူ အားနာသွားရသည်။ တိ
တခိုးက ပြုံးလျက်...

'ကျွန်မ စားရမယ့်အထဲက ကျွန်မ အနိုင်ရအောင်
ညီတဲ့သူကို ကျွေးရမှာပေါ့၊ ကျန်တဲ့သူတွေကိုတေ
ကျွန်မ အိတ်ထဲက စိုက်ကျွေးမယ်လေ၊ အဲဒ
မကောင်းဘူးလား'

'အား...သိပ်ကောင်းတာပေါ့'

နိုင်ကိုနှင့် မင်းနွယ်တို့၏ သံပြိုင်စကား။

'မင်းတို့ကလဲကွာ...အားနာစရာ၊ အလကားဓိကော
တွေ နောက်နေကြတာပါ'

သူ့စကားသံလေးကို ကြည်လင်စွာ ကြားခွင့်ရသ
တိတ်တခိုးရင်ထဲတွင် ကျေနပ် ကြည်နူးသွားရသည်။

'အားနာစရာ...မဟုတ်ပါဘူး၊ သူငယ်ချင်းတွေ
သွားမယ့် အထိမ်းအမှတ်ပေါ့'

တုံ့ပြန်စကား မကြားရ။

ဘာမျှမပြောတော့ဘဲ စားပွဲမျက်နှာပြင်ကိုသာ သူ
ကြည့်နေတော့သည်။ ရွှေတိုးက...





'သူငယ်ချင်း ဖြစ်သွားကြပြီပေါ့ဗျာ၊ အဲဒီတော့
ကျွန်တော်ထပဲ မိတ်ဆက်ပေးပါ့မယ်၊ ကျွန်တော့်
နာမည်တော့ သိပြီးရောပေါ့၊ ကဗျာစာအုပ် လာ
ရောင်းတုန်းက ကိုယ့်နာမည် ကိုယ်ကြော်ငြာပြီးရောင်း
ခဲ့ရတာလေ၊ ကျွန်တော်က ရွှေတိုး, သူက နိုင်ကို, သူ
က မျိုးချိမ်, သူက မင်းနွယ်, သူကတော့ လှိုင်လင်း'

ခေါင်းမော့လျက် သူ ပြုံးပြသည်။ အသိအမှတ်ပြု သူ့
အပြုံးကို တိတ်တခိုးက ပြုံးလျက် ဖလှယ်သည်။

'သိခွင့်ရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မနာမည်က
တိတ်တခိုး၊ သူက စမ်းစမ်းအေး၊ သူက ပူစူးမ'

'ကဲ...သူငယ်ချင်းတွေ ဖြစ်သွားကြပြီပဲ၊ ကျွန်မတို့
ကျွန်တော်တွေ လုပ်မနေနဲ့တော့၊ တရင်းတနှီး နင်တို့
ငါတို့ပဲ ပြောကြခေါ်ကြရအောင်၊ ဟုတ်ပြီလား'

ရွှေတိုး၏ အကြံပြုချက်က အားလုံးကို ရင်းနှီးသွားစေ
သည်။

'ကဗျာစာအုပ် နောက်တစ်အုပ် ရေးဖြစ်ရင်လည်း နင်
တို့ပါ ကူရောင်းပေးနော်'

မျိုးချိမ်၏ စကားကြောင့် ပြုံးမိကြသည်။ ပူစူးမက...

'အင်တာဗျူးတောင် မပြီးသေးဘူး အလုပ်က တန်
ခန့်လိုက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေ စီခနဲ ဖြစ်သွား၏။ ပြုံးရုံသာ ပြုံးနေခဲ့သော သူ့ကို တိတ်တခိုး သတိထားမိသည်။

'ဒီက လှိုင်လင်းက ဟို....တိတ်တခိုးတို့နဲ့ အခုလို သူငယ်ချင်းဖြစ်ရတာ ဘဝင်ကျရဲ့လား မသိဘူး'

'ဗျာ'

အမေးစကားကြောင့် စိတ်မကောင်း ဖြစ်ရသည်။

'ဘဝင်မကျစရာ ဘာမှမရှိပါဘူး၊ အခုလိုခင်ရတာ ကျွန်တော်လဲ ပျော်ပါတယ်၊ ကျွန်တော် ဒီလိုပဲ နေတတ်လို့ပါ'

ကျေနပ်သွားဟန်ကို တွေ့သဖြင့် တော်ပါသေးသည်။

'လှိုင်လင်းက စကားနည်းတယ် ထင်တယ်'

'ဟုတ်တယ်၊ ဒီကောင်က အစာ မစားရသေးရင် အဲဒီအတိုင်းပဲ၊ ဗိုက်ဆာနေရင် ဘယ်သူ့မှ စကား မပြောတော့ဘူး'

မျိုးချိမ်၏ အရွှန်းစကားကြောင့် သူပြုံးသည်။ အမှန်အတိုင်း ဝန်ခံရလျှင် သူ ဟန်ပြု၍ ပြုံးနေရခြင်း ဖြစ်သည်။

စကားဝိုင်း၏ အစဖြစ်သော တိတ်တခိုးတို့ သူငယ်ချင်းသုံးယောက်၏ ပြိုင်ပွဲလေးအကြောင်းကို သူ စိတ်ဝင်တစားနားထောင်ခဲ့သည်။





ပြိုင်ပွဲလေး၏ အနိုင်အရှုံး စည်းမျဉ်းကို ပူစူးမက အားပါးတရ ပြောနေချိန်မှာတော့....

ညှိုးမှိုင်းသွားသော သူ့မျက်ဝန်းကို သူငယ်ချင်းအားလုံး မြင်တွေ့သွားကြပေလိမ့်မည်။ သူ့ထံသို့ ဝေ့ခနဲ ကြည့်လိုက်သော ရွှေတိုး၏အကြည့်ကို သူမှလွဲ၍ ခည်သူမျှ ဘာသာပြန်တတ်လိမ့်မည် မဟုတ်ချေ။

'တိတ်တခိုးရခဲ့တဲ့ အနိုင်ပွဲမျိုး မင်းလဲ တစ်ခါတုန်းက ရခဲ့တာပဲနော်'

ဟု အကြည့်မှတစ်ဆင့် ရွှေတိုးက သူ့ကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါတွင် သူ့စိတ်တွေ စကားဝိုင်းတွင် မရှိတစ်ချက်၊ ရှိတစ်ချက်။ သူ့စိတ်ဝိညာဉ်သည် သစ်တိုပင်ထိပ်ဖျားမှ တစ်ဆင့် ဟိုး....အဝေးသို့ လွင့်ပါးသွားလေ၏။

ထိုစဉ်က....

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

(၄)

ထိုစဉ်က....

ကျွန်တော်တို့ တစ်အုပ်စုလုံး ဆယ်တန်းကို နှစ်နှစ်တိတိ ပြေဆိုပြီးမှ မအောင်ချင့် အောင်ချင်နှင့် အောင်ခဲ့ရသော ပထမနှစ် တက္ကသိုလ် ကျောင်းသားများ ဖြစ်ကြသည်။

ကျွန်တော်....

ဆယ်တန်း အောင်ခဲ့ရတာကလည်း တော်လှန်းတတ်လှန်း၍ မဟုတ်။ ကိုသက်ထွန်း၏ ကျေးဇူးကြောင့်သာ ဖြစ်သည်။ ကိုသက်ထွန်းဆိုတာက အဖေ့ရုံးမှ အရာရှိငယ်တစ်ယောက်၊ အဖေ၏ တပည့်အရင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ထွန်းကို ကျွန်တော်က ကိုကိုသက်ဟုသာ ခေါ်
သည်။ ကိုကိုသက်သည် အဖေရှိစဉ်က အိမ်သို့ တစ်ခါတစ်
မှသာ လာရောက် လည်ပတ်လေ့ ရှိခဲ့၏။

အဖေဆုံးပါးခဲ့သည့် နောက်ပိုင်း ကိုကိုသက်သည် ကျွန်
တော်၏ အစ်ကိုရင်း တစ်ယောက်ကဲ့သို့ ဖြစ်လာသည်။ အဖေ
ဆုံးပါးသည့်နှစ်က ကျွန်တော် ဆယ်တန်းကျသည်။ ကျွန်
တော် ကျောင်း မနေချင်တော့ကြောင်း ပြောသော အခါ
အမေငိုသည်။

'ဆယ်တန်းတောင် အောင်မှထားရင် အဲ့သူ့ဘအိမ်
သွားတာတောင် မျက်နှာငယ်တတ်တယ် ငါ့ညီ'

ကိုကိုသက်၏ ဆုံးမစကားတွေကြောင့် ကျွန်တော်ကျောင်း
သား ပြန်ဖြစ်လာသည်။

'ကျောင်းမတက်ချင် မနေက်နဲ့၊ ဘယ်ကျူရှင်မှ
မတက်နဲ့၊ မင်းတို့သူငယ်ချင်းတွေ အားလုံးကို အစ်ကို
စာသင်ပေးမယ် ဟုတ်ပြီလား၊ အစ်ကိုပြောတာ နား
ထောင်၊ အစ်ကို ပြောတဲ့အတိုင်းလုပ်၊ ဒီနှစ်အောင်ကို
အောင်ရမယ်'

ကိုကိုသက်၏ စည်းကမ်းဘောင်ထဲတွင် ကျွန်တော် မနေ
ချင့် နေချင်နှင့် နေခဲ့ရသည်။

နေ့စဉ်နှင့်အမျှ စာကျက်ခိုင်းသည်။ စာမေးသည်။ ကျွန်
တော်တို့ တစ်အုပ်စုလုံး ကိုကိုသက်၏ အပတ်စဉ် စာမေးပွဲ
ဖြေဆိုခဲ့ရသည်။





ဖြိုးငွေ့ချင်သော်လည်း ခင်မင်ရင်းစွဲ သံယောဇဉ်ကြောင့်
ကျွန်တော်တို့ မညည်းမညူခဲ့ကြပေ။

ကိုကိုသက်လစ်တဲ့ အချိန်အခါမျိုးမှာတော့ ကျွန်တော်
တို့တစ်တွေ ရုပ်ရှင်ခိုးကြည့်ကြသည်။ ဘုရားသွားသည်။ ရေ
ကူးသည်။ ဂစ်တာတီးသည်။ ဆေးလိပ် ခိုးသောက်သည်။

ပြီးတော့ ရွယ်တူ ကောင်မလေးတွေကိုလည်း သိမ်လှ
တယ်၊ သိပ်မိတယ် လုပ်လိုက်သေးသည်။

ဒါတွေကို အမေသိလျှင် ကိုကိုသက်လည်း အလို
အလျောက် သိသွားခဲ့သည်ချည်း။

ထိုအခါမျိုးတွင် ကိုကိုသက် ကျွန်တော်တို့ကို စကား
များများမပြောတော့။ စာကိုသာ ဖိသင်သည်။

စာမေးမရလျှင် နှာရင်းအုပ်သည်။

ဒိုပြင်နေ့တွေမှာ စာမေး၍မရလျှင် ပါးစပ်ကအာ အပြစ်
တင်သော်လည်း အမေ တစ်ခုခု တိုင်ကြားထားသည့် နေ့မျိုး
ဆိုလျှင်တော့ ကိုကိုသက် လက်ကုန်ဖွင့်လေ့ရှိသည်။

သုံးလေးရက်လောက် ကြာသောအခါမှ ဟိုနေ့က မင်းတို့
ဘယ်သွားသလဲ၊ ဘာလုပ်သလဲ စစ်ဆေးခန်းဝင်ပြီး ဩဝါဒ
တွေ ခြွေလေ့ရှိ၏။

ကိုကိုသက်၏ ဆုံးမစကားတိုင်းကို ရာနှုန်းပြည့် ကျွန်တော်
ထိုက်နာချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်ဗီဇကြောင့်လဲမသိ၊ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက်သာ ကျွန်တော် လိုက်နာနိုင်ခဲ့သည်။

'လှိုင်လှင်း၊ မင်းဆံပင်ကြီးက မရှည်လွန်းဘူးလား'

ဒါ ကိုကိုသက် ခဏခဏပြောသောကိစ္စ ဖြစ်သည်။

'ကျွန်တော် ဒီဆံပင်ကို ဒီလိုထားရတာ မြတ်နိုးလွန်းလို့ပါ ကို....ကိုသက်ရယ်'

ကျွန်တော် အပြတ်အသတ် ငိုပြလေ့ရှိသည်။

'လက်ဆာအကွင်းတွေ လည်ပင်းက ကြိုးတွေဘာရော....'

'အဲဒါလဲ ကျွန်တော် မြတ်နိုးလို့....'

'တော်စမ်း လှိုင်လင်း၊ မင်းတို့ဟာ လွမ်းသရဲလိုနေချင်ကြတာကိုး၊ မိဘဂုဏ် အသိုင်းအဝိုင်းဂုဏ် တစ်စက်လေးမှ မငဲ့ချင်ကြဘူး၊ ဘာပဲဖြစ်ဖြစ် ဒီနှစ် စာမေးပွဲအောင်ပါစေ၊ မအောင်လို့ကတော့ ငါ့ကို တစ်လောက်မှ စကားမပြောကြနဲ့တော့၊ လူငယ်သဘာဝ ဝတ်တာစားတာ နေတာထိုင်တာကို ငါနားလည်ခွင့်လွှတ်တယ်....

'အေး... စာမေးပွဲကျတာတော့ ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ အစ်ကိုပြောတာ ကြားလား'

'ဟုတ်ကဲ့' တွေ သံပြိုင်ခြွေကြသည်။





ဤသို့ဖြင့် ကျွန်တော်တို့တစ်တွေ ခနော်ခနဲ့ဖြင့် စာမေးပွဲအောင်ခဲ့ကြ၏။

အခမကာခတာ့ ကျော်ကျော်နပ်နပ်ရှိသည်။

ကိုကိုသက်ကတော့ ဂုဏ်ထူး ဝိဇ္ဇာသာတစ်ခုမှ မပါကြသဖြင့် ထုံးစံအတိုင်း ချီးကျူး၏။

'အဲဒါပေါ့ကွ၊ ဟိုမရောက် ဒီမရောက်ဆိုတာ တက္ကသိုလ်ကျောင်းသား ဖြစ်တယ်ဆိုရုံလေးပဲ ရှိတယ်၊ ဘာတွေများ ကြီးကြီးကျယ်ကျယ် လုပ်လို့ရတော့မှာလဲ'

'ပြောအားရှိမှာပေါ့၊ သူက အင်ဂျင်နီယာကိုး'

ဟု စိတ်ထဲမှ ပြောမိသည်။

'ကျွန်တော်က ကဗျာဆရာလုပ်မှာမို့လို့ မြန်မာစာလောက်ပဲရအောင် တမင်လျှော့ဖြေလိုက်တာ ကိုကိုသက်ရဲ့'

မျိုးချိမ်စကားကြောင့် ပြုံးမိကြသည်။

မျိုးချိမ်၏ငယ်ထိပ် ပွခနဲဖြစ်သွားပြီဟု သိလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာစပဲပြောပြော ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ဖြစ်ရတာ ကိုကိုသက်၏ ကျေးဇူးတရားကြောင့်သာ ဖြစ်သည်။

❖ ❖ ❖

အမှန်စာတော့ ကံ့ကော်တောဆိုတာ ကျွန်တော်တို့နှင့် သိပ်ဆိုင်သေးသည့် နေရာဌာနဖြစ်သည်။

မဆိုင်သေးမှန်း သိသိနှင့် ကံ့ကော်တော တစ်ခွင်လုံး ပေါးထောက်သွား ခြေစကြာ ဖြန့်ခဲ့ကြသည်။

ကြားဖူးနားဝရှိနေသော ဦးချစ် လက်ဖက်ရည်ဆိုင်တွင် လည်း ထိုင်ဖြစ်အောင် ထိုင်ခဲ့ကြသည်။

ကျွန်တော်တို့ တက်ရောက် သင်ကြားနေရသည်က ကံ့ကော်တော မဟုတ်။

ကံ့ကော်တောသို့ နီးနီးကပ်ကပ် အိပ်မက်ခွင့်ရသော... စကားဖြူတော...။

ကဗျာ့ဥသျှောင်ကြီး မျိုးချိမ်၏ စကားဖြူတောတွင် ကဗျာတစ်ပုဒ်ကို အလွတ်ကျက်မှတ်မှုထားပါတဲ့နှင့် ဓိတောင် ခဏခဏ ရွတ်ပြနေသဖြင့် နှုတ်ဝဲတွင် အမှတ်ရလျက်ရှိသည်။





စကားဖြူပွင့်လေးတွေက
သခင့်အတွေးကို ကြိုတင်သိပါသလား။
ပင်မြင့်စံ စကားဖြူမြို့သူက
သူတို့ကိုသူတို့ မေ့နေသတဲ့...
စိန်ပန်းတွေ ကြွေကြွေပြနေတာကိုလည်း
မြစိမ်းရည် ဝတ်ရုံလွှမ်းလျက်
မြပန်းကို တမင်ဆင့်တာ
ကြင်ခွင့်ကို ရှောင်ဖယ်လွှဲဘယ်
(စကားဖြူခယ်)...
မင်း မာနခဲ...။ ။

ဘယ်စကားဖြူမြို့သူကို ဘယ်မှာ ဘယ်လိုတွေ့ပြီး ဘယ်လို အတွေးနဲ့ ရေးခဲ့လေသည်မသိ။

ကဗျာလေးက ဖတ်လို့တော့ကောင်းသည်။

ဒါပေမယ့် ကျွန်တော်ကတော့ သိပ်ခံစားလို့မရ။

‘ကားချောင်တယ်၊ ကားပေါ်ရောက်တာနဲ့ အစီ အစဉ် စမယ်နော်’၊

မျိုးချိမ်၏ ပြိုင်ပွဲကို ဖွင့်လှစ်လိုက်သည့်အသံ။

ပြိုင်ပွဲက သိပ်ပြီး ထူးထူးခြားခြားတော့မဟုတ်။

ကျွန်တော်တို့အုပ်စု ကျင်းပနေကျပြိုင်ပွဲ။ (ဆယ်နှစ်) ဆားကို ဂိတ်အစမှ တမင်သွားစီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တားပေါ်ရောက်သည်နှင့် တကွဲတပြားစီ နေရာယူလိုက်ကြ၏။

တားပေါ်တွင် ခရီးသည် ပြည့်ပြည့်စုံစုံပင် မရောက်သေး။

မျိုးချိမ်၏မျက်နှာ ရှုံ့မဲ့သွားသည်ကို တွေ့သည်။ သူ့နံဘေးတွင် ရှယ်တူ ကျောင်းသားတစ်ယောက်၊

နိုင်ကိုနှင့် မင်းနွယ်တို့၏ အဖြစ်အပျက်ကလည်း ထိုနည်းအတိုင်း။

ရွှေတိုးတစ်ယောက်တော့ လောလောဆယ် အခြေအနေကောင်းသည်။

အသားဖြူဖြူ ကောင်မလေးတစ်ယောက်က သူ့နံဘေးတွင် စေ့ခနဲ ဝင်ထိုင်သည်။

ရွှေတိုးက ကျွန်တော်ရှိရာသို့ လှမ်းကြည့်သည်။ ဘာယ်ရမလဲ။ ကျွန်တော် မမြင်ချင်ယောင် ဆောင်ပစ်လိုက်တာပေါ့။

ကျွန်တော့်နံဘေးရှိ တစ်နေရာစာ ကွက်လပ်ကလေးက ရွှေတိုးစာ အပြတ်အသတ် စိန်ခေါ်နေသည်။

ကားစက် နှိုးသံကြားရ၏။





ဘေးနားတွင် တစ်စုံတစ်ယောက် ဝင်ထိုင်လိုက်သည်ကို သိသည်။

ကားနောက်ပေါက်မှ ဝင်လာခြင်းကြောင့် မည်သို့မည်ပုံရှိမည်ကို ကျွန်တော် ခန့်မှန်းတတ်။

သေချာတာ တစ်ခုကတော့ အမျိုးသမီးဖြစ်သည်။

အဝါရောင်ပေါ်တွင် အနက်ပွင့်ကလေးတွေဖြင့် လှပသော ပိတ်ပါးပါးလေးက ကျွန်တော့်ဝဲဘက်တွင် တလွင့်လွင့် တလှုပ်လှုပ် ရှိနေ၏။

ပေါ်ပေါ်ထင်ထင် ကြည့်ချင်သော်လည်း စူးစူးရဲရဲကြည့်လိုက်ရမည်ကို အားနာ၏။

ဘာပဲဖြစ်ဖြစ် နောက်တစ်မှတ်တိုင် ရောက်လျှင်တော့ နည်းနည်းပါးပါး ငဲ့ကြည့်လိုက်မည်ဟု ဆုံးဖြတ်သည်။

ကားပေါ်တွင် မတ်တပ်ရပ်နေကြရသော ခရီးသည်တွေ တစစ များလာသည်။

မှတ်တိုင်တွင် ကားရပ်သောအခါ တက်သူဆင်းသူ လေးငါးယောက် ရှိသည်။

ကားပြန်ထွက်သည်နှင့် ကျွန်တော့်အကြည့်ကို နံဘေးသို့ ရဲရဲဝံ့ဝံ့ ရွှေ့လျားပစ်လိုက်၏။

ကျွန်တော် မျက်လုံးတွေ ဝိုင်းသွားရ၏။

www.burmeseclassic.com



မျိုးချိမ်၏ တခွိခွိရယ်သံကို ကြားရသည်။ ရွှေတိုးကတော့ အသံမထွက်ဘဲ ရယ်နေ၏။

မင်းနွယ်နှင့် နိုင်ကိုတို့ရှိရာသို့ ကျွန်တော်မကြည့်ချင်တော့။ ဒီကောင်တွေလဲ ရယ်မောနေကြလိမ့်မည် ထင်၏။

စောစောက လေထဲတွင် တလူလူလွင့်နေသော အဝါရောင်ပိတ်စသည် ပဝါပါးလည်းမဟုတ်၊ အင်္ကျီစလည်းမဟုတ်။

နေပူစပ်ခါးထဲတွင် မအိုက်မစပ် ခြုံလွှမ်းထားရသည့် ကုလားမစာရီကြီး ဖြစ်သည်။

'ဂန့်ကလေး၊ ထဲဒန်းချေး ဆောက်သလား'

'လှည်းတန်းဈေးတော့ မရောက်ဘူး၊ ကျောင်းရှေ့မှတ်တိုင်မှာဆင်းပြီး လျှောက်ရလိမ့်မယ်'

ကျောင်းရှေ့မှတ်တိုင်တွင် ဒေါ်လပ်ချမ်းလည်း ဆင်းသွားသည်။

ရွှေတိုးနံဘေးတွင် ထိုင်နေသော ကျောင်းသူလည်း ဆင်းသွားသည်။ ရွှေတိုးနံဘေးတွင် လူကြီးတစ်ယောက် ဝင်ထိုင်လိုက်၏။

ကျွန်တော်ကတော့ အပြင်ဘက်သို့သာ ငေးကြည့်နေလိုက်တော့၏။





ကုလားမကြီး ထိုင်ခဲ့သောနေရာတွင် အခြားတစ်ယောက် ဝင်ထိုင်သည်။ ဒီတစ်ခါတော့ ဝင်ထိုင်သူကို ချက်ချင်း ငဲ့ကြည့်ပစ်လိုက်၏။

မျက်စောင်းတစ်ခုကို ကျွန်တော် ရလိုက်သည်။

ကျွန်တော်၏ ဒုတိယ မျှော်လင့်ခြင်းသည် ကားပေါ်မှ ပြုတ်ကျသွားရ၏။

ကျွန်တော့်ထံသို့ ပို့လွှတ်လိုက်သော မျက်စောင်းကြောင့် မဟုတ်။ မျက်စောင်းပိုင်ရှင်၏ အခြေအနေကြောင့်သာ ဖြစ်သည်။

နှုတ်ခမ်းဆိုးဆေး လှလှလေး ဆိုးထားပါလျက် မျက်တောင်စင်းစင်းလေးကို ပိုင်ဆိုင်ထားပါလျက် မိတ်ကပ်ပါးပါးလေးကို လိမ်းခြယ်ထားပါလျက် ကျွန်တော့် မျှော်လင့်ခြင်းတွေ ပျက်သုဉ်းသွားစေသော ထိုအလှပိုင်ရှင်ကို ကျွန်တော် စိတ်ရှိလက်ရှိ ဆွဲထိုးပစ်လိုက်ချင်သည်။

'ခွေးမသား အခြောက်'

'ဘယ်သူ့ကို ပြောတာလဲ'

'ဘယ်သူ့ကိုပြောပြော မင်းနဲ့ ဘာဆိုင်လဲ၊ မင်းက အခြောက်လား'



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်ကြီး မေးလိုက်တော့ ခွေးကောင် ချက်ချင်းမဖြေ။

'လူများက အခြောက်မှုဟုတ်ဘူး၊ မိန်းမ'

'မိန်းမလား....'

'အင်း'

ခွဲခွဲပစ်ပစ် 'အင်း'။ဖနှောက်နှင့် ပေါက်ပစ်လိုက်ချ သည်။

'ဟုတ်တယ်၊ တကယ့်မိန်းမပဲ၊ တခြားမိန်းမတွေနဲ့ တစ်ခုပဲ ကွာတယ်'

'ဘာကွာတာလဲ ဟင်'

'အခြား မိန်းမတွေက ဘော်လီအင်္ကျီဝတ်တယ်၊ မင်း က ဘော်လီအင်္ကျီ မဝတ်ဘူး'

'မျက်စောင်းကြီး ဒိုင်းခနဲ ထိုးသည်။

'နှုတ်ခမ်းမွှေးနဲ့ မမ'

ခပ်လှမ်းလှမ်းရှိ မျိုးချိမ်၏ အသံ၊ ရယ်ချင်စိတ်ကိုမျိုချ ပြီး ကျွန်တော် မျက်လုံးကို စုံမှိတ်ထားလိုက်တော့၏။ ရွှေတို တတော့ လက်ဖက်ရည်သောက်ရဖို့ ကျိန်းသေသွားပြီ ထင် ပါရဲ့....။

❊ ❊ ❊





မြေနီကုန်းမီးပွိုင့်မှ ရွှေမန်းရုပ်ရှင်ရုံ ဖက်သို့ အကွေ့တွင် ပေါင်ပေါ်မှာ တင်ထားသော ကျွန်တော့် မှတ်စုစာအုပ် ပြုတ်ကျသည်။

ကျွန်တော့် စာအုပ်သည် ကျွန်တော့်နံဘေးရှိ ခြေဖမိုး လှလှလေး အနီးသို့ ရောက်သွား၏။ စာအုပ်ကို ကောက်ယူ ပြီးသည်အထိ ထိုခြေဖမိုး လှလှလေးသည် ကျွန်တော့် အမြင် အာရုံထဲမှ မထွက်၊ အနီရောင်ခြေသည်း လှလှလေးများသည် နုနယ်သော ပန်းပွင့်တစ်ပွင့်၏ ပွင့်ဖတ်လေးတွေကဲ့သို့ ရှိသည်။ ဒါ ဟိုအခြောက်ရဲ့ခြေဖမိုးတော့ လုံးဝမဟုတ်၊ အခြောက်က မဟာမြိုင်မှတ်တိုင်တွင် ဆင်းသွားခဲ့ပေပြီ။

မျှော်လင့်ချက် မထားတော့ဘဲ မျက်လုံးအစုံ မှိတ်ထား ခဲ့သည်မှာ ကျွန်တော့် အမှား။ အခုတော့ ခြေဖမိုးလှလှ လေးရဲ့ ပိုင်ရှင်ကို ကျွန်တော် သေသေချာချာ မြင်ခွင့်မရ။ ငဲ့ကြည့်ဖို့လည်း မဝံ့။ ထို့ကြောင့် မျက်နှာကို လုံးဝ မငဲ့ဘဲ မျက်လုံးကို မသိမသာ ရွှေ့ကြည့်သည်။ နုနယ်သော လက် မောင်းသွယ်နှင့် ပျော့ပျောင်းသော လက်ချောင်းသွယ် လေးတွေကို တွေ့ရသည်။

လေအဝှေ့ကြောင့် မွေးညင်းနုလေးတွေ ယိမ်းကနေ သည်ကို မြင်ရသည်။

ထို မွေးညှင်းနုလေးများက ကျွန်တော့် ဝဲဘက်ပါး ပြင်တွင်ရှိသော အမှတ်ပေါ်မှ မွေးညှင်းများကဲ့သို့ အရှည် ရောင်လည်း မဟုတ်။ ကြမ်းကြမ်းတမ်းတမ်းလည်း မရှိ။

www.burmeseclassic.com



ရွှေအိုရောင် မွေးညင်းနုလေးများသာ ဖြစ်သည်။

'လှိုင်လှိုင်းတော့ ထောပြီကွ'

'ရွှေတိုးကို အမြတ်အသတ်နိုင်သွားပြီ'

မင်းနွယ်တို့၊ မျိုးချိမ်တို့၏ အသံကို ကြားရသော်လည်း လှည့်မကြည့်ဖြစ်။

'ကျွန်တော် အမြတ်အသတ် နိုင်သွားပြီ' တဲ့။

ကျွန်တော်ကို အနိုင်ရသွားစေသော မျက်နှာကို ကျွန်တော် မြင်ချင်သည်။

ကားက မြေနီကုန်းမှတ်တိုင်တွင် ရပ်သည်။

ကားပြန်ထွက်သည်အထိ ကျွန်တော် ဘယ်ကိုမှ မကြည့် ဖြစ်သေး။ နေရင်းဆိုင်ရင်း စိတ်မောနေရသည်။

စမ်းချောင်း မီးသတ်ဌာနအနီးသို့အရောက်တွင် နံဘေးသို့ ကျွန်တော် အနည်းငယ် ငဲ့ကြည့်လိုက်တော့၏။

ရင်ခုန်သံ ရပ်တန့်သွားသည် ထင်၏။ အလက်ာဆံနွယ်စတို့သည် လေပြည်ညင်းကြောင့် လှုပ်ရှားနေရသော လှိုင်းအိမျှားကဲ့သို့ အနီးအနားတွင် လွင့်ပါးပျံ့ဝဲနေကြသည်။

တစ်ခါမျှ နီးနီးကပ်ကပ် မမြင်ဖူးသော မျက်နှာနုနုလေးကို ကျွန်တော် မြင်လိုက်ရသည်။





မျက်တောင်ကော့ကော့လေးတွေကို ဘယ်သူများ ဖန်ဆင်းပေးထားပါလိမ့်။ မပွိုးဘဲနှင့် ပြုံးယောင်လွှမ်းနေသော နှုတ်ခမ်းပန်းပွင့်လေးကို ပိုင်ဆိုင်ထားသေးသည်။

မျက်နှာကို လွှဲပစ်လိုက်သော်လည်း ပါးပြင်ပေါ်မှ စိမ်းဖန့်ဖန့်သွေးကြောမျှင်လေးများ အပါအဝင် ရတနာတောင်တန်းပေါ်ရှိ အရာရာသော မြတ်နိုးဖွယ်တွေကို ကျွန်တော် အလွတ်ရသွားသည်။

ကြာမြင့်စွာ ငေးကြည့်ချင်သည်။

ဘယ်တုန်းကမှ မခံတောင်းတခဲ့ဖူးသော ထိုအခွင့်အရေးကို ဖန်ဆင်းရှင်တစ်ဦးဦးက ပေးစွမ်းနိုင်လျှင် တောင်းလွန်းစွ။

အသည်းနှလုံး၏ အလိုဆန္ဒကြောင့် ဒုတိယအကြိမ် ငဲ့ကြည့်မိသည်။ အကြည့်နှစ်ခု ဘာကြောင့် ဆုံစည်းသွားသည်ကို မသိ။

'မမ'

မမလည်း ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်သည်။

ကျောင်းသား တစ်ယောက် နှင့် လုံးဝမတူသော ကျွန်တော့်ကို အထင်သေးစွာ ငဲ့ကြည့်လိုက်တာမျိုးလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ခွင့်မပန်ဘဲ သူ့ကို ငေးကြည့်နေသော ကျွန်တော့်အား မကျေမနပ်စွာကြည့်သော တုံ့ပြန်မှုလည်း ဖြစ်နိုင်သည်။

ဒါပေမယ့်....

မမရဲ့ အကြည့်မျက်ဝန်းထဲမှာ ကြမ်းတမ်းမာကျောသည့် စိမ်းကားရိပ်ကို မတွေ့မမြင်ရသဖြင့် ဖြေသာနေသာရ၏။

ရှမ်းလမ်းမှတ်တိုင်တွင် မမ ဆင်းသွားသည်။

နှုတ်ဆက်သံမကြား နှုတ်ဆက်ဟန်မပြုသော်လည်း နှုတ်ဆက်ခြင်းနှင့် ကြုံတွေ့လိုက်ရသူဟု ကိုယ့်ကိုယ်ကို ခံစား သည်။

ကားဘီးရွေ့စတွင် ကျွန်တော် ကားပေါ်မှ တမင်း စာတန်း ဆင်းလိုက်မိ၏။ ခြေလှမ်းတွေကို နှလုံးသား ခိုင်းစေလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် ခြေထောက်တွေ ပလက်ဖောင်းပေါ်သို့အရောက်တွင် ရွှေတိုးတို့ ပြေးဆင်းလာ သည်ကိုလည်း သိလိုက်၏။

'ဟော့ကောင် ကျောင်းရှေ့မှာ ဆင်းမယ်လေ'

'ရွှေတိုး နေ့ခက်ပြီးမှ စကားပြောကွာ၊ အခု လော လောဆယ် မှမနေ့ခက်ကို ငါလိုက်သွားမလို့'





ကားလှမ်းကူးနေသော မမကို လှမ်းမြင်သည်။

ကျွန်တော့်ခြေလှမ်းတွေ၏ အနောက်တွင် ရွှေတိုးတို့ ကျန်ရစ်ခဲ့၏။

❖ ❖ ❖

ဆရာထွန်းလမ်းဟု ရေးသားထားသော လမ်းအကွေ့သို့ ကွေ့ဝင်သွားစတွင် ကျွန်တော် ကားလမ်းအလွယ်တညီတညီ သွင်သာ ရှိသေးသည်။

ကားတွေရှုပ်ယှက်နေသည့်ကြားမှ ကျွန်တော် အပြေး အလွှား ကူးပစ်လိုက်သည်။

ဆရာထွန်းလမ်းနှင့် မင်္ဂလာလမ်းဆုံရာ အနီးတွင် မမ၏ ခြေလှမ်းတွေကို ကျွန်တော် မီလာသည်။

မင်္ဂလာလမ်းအတွင်းသို့ ကွေ့ဝင်သည်။

နှစ်ထပ်တိုက်လေး တစ်ခု၏ရှေ့တွင် မမ ခြေလှမ်းတန့် သည်။ အိမ်ဝင်းတံခါးကို တွန်းဖယ်နေစဉ် မမ အနားသို့ ကျွန်တော် ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မမ'

အိမ်ဝင်းအတွင်းသို့ ဝင်ပြီးခါစ။ ဝင်းတံခါးကို စေ့ပြီးခါစ ခေါ်သံကြောင့် မမ လှမ်းကြည့်သည်။

'ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ'

'မင်း....မင်း ဘယ်သူလဲ ဟင်'

အလှမျက်နှာ၏ အလှမျက်ဝန်းသည် အံ့ဩရိပ်တွေ လွှမ်းလျက် ရှိ၏။

ရှက်ရကြောက်ရမှန်းသိပါလျက် ရှက်စိတ် ကြောက်စိတ် တွေ ကျွန်တော့်မှာ မရှိတော့။

စကားသံကို တုန်ယင်အောင်ထိန်းလျက်....

'ကျွန်တော့်နာမည် လှိုင်လင်းပါ မမ'

'လှိုင်လင်း ဟုတ်လား'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

မမ၏ ကျောဘက်ရှိ နှစ်ထပ်တိုက်အိမ်လေးကို မဝံ့မ လှမ်းကြည့်မိသည်။ တစ်ယောက်ယောက် ထွက်လာလျှ မည်သို့ ရင်ဆိုင်ရမည်မသိ။

'မမနာမည်ကို ကျွန်တော် သိပါရစေ'





'ဘာကြောင့် သိချင်ရတာလဲ'

'နာမည်သိချင်တယ်ဆိုတာ တကယ်တော့ ဒုတိယ ကိစ္စပါ၊ အဓိက ကျွန်တော်ဖြစ်ချင်တာက မမကို ကျွန်တော် နောက်ထပ် မြင်ချင်တွေ့ချင်နေတယ်၊ ကျွန်တော့်ကို ခင်မင်ခွင့်ပြုပါ မမ'

တလေးငယ်တစ်ဦးကို ကြည့်သော အကြည့်မျိုးဖြင့် ကြည့်လျက် ပါးလှပ်စွာ ပြုံးသည်။ အမှောအပန်းတွေ လွင့် ပျယ်စေသည့် အပြုံး။

'ဘာကြောင့် ခင်မင်ချင်ရတာတဲ့လဲ'

'ကျွန်တော် မပြောတတ်ဘူး မမ၊ ကျွန်တော် မမကို စောစောမှ မြင်ဖူးတာ၊ မမအားပေါ်က ဆင်းသွားတော့ နောက်ထပ် မမြင်ရမှာစိုးလို့ ကျွန်တော် ပြေး လိုက်လာတာ'

'ဖြစ်မှဖြစ်ရလေ'

ဝင်းတံခါးမှ လက်ချောင်းသွယ်သွယ်ကို ရုပ်သိမ်းလျက်,...

'မင်းပြောချင်တာ ဒါပဲမဟုတ်လား'

'ဟုတ်ကဲ့'

'အဲဒါဆို မင်းပြန်တော့၊ ဩော်....နေဦး၊ မင်းက ဘယ်မှာနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သံတံတားလမ်းမှာ နေပါတယ်၊ မမ ကျွန်တော့်အိမ်ကို လာတိုင်မလို့လား၊ ကျွန်တော် မမကို နှောင့်ယှက်တာ မဟုတ်ဘူးနော်'

'နှောင့်ယှက်တာ မနှောင့်ယှက်တာ မင်းကိစ္စပဲ၊ တိုင်တာ မတိုင်တာ တို့ကိစ္စ၊ ကဲ....တို့မေဒမ ဖနမကောင်းဘူး၊ မင်း ပြန်တော့'

ချာခနဲ လှည့်ထွက်သွားသည်။

ရင်တွင် လစ်ဟာသွားရ၏။

အိမ်တံခါးအဖွင့်တွင် မမ ကျွန်တော့်ကို လှည့်ကြည့်သည်။

ကျွန်တော့်ခြေလှမ်းတွေ ရွေ့လျားမှု မရှိသေး။

အိမ်တံခါးပိတ်သွားသော အခါကျမှ ကျွန်တော့် ခြေလှမ်း စ၍ရွေ့သည်။

ခပ်လှမ်းလှမ်းရှိ 'ရန်အောင်' လမ်းထိပ်တွင် ရွှေတိုးတို့ တွေ့သည်။

ကြောင်တောင်တောင် လူတစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြင့် ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။





မမအိမ်ရှေ့ရှိ စကားပွင့်တွေ ဝေနေသော တရုတ်စကားပင်ကြီးကို လှည့်ကြည့်မိသေး၏။

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားတာလဲဟု ပြန်တွေးကြည့်မိသည်။

ဘာဖြစ်သွားခဲ့မှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

'မင်း စိတ်တွေ တစ်နေရာရာကို ရောက်သွားတယ်မို့လား လှိုင်လှိုင်း'

တိတ်တခိုးတို့ သုံးယောက် တောင်ငူဆောင်ထဲ ဝင်သွားပြီးနောက် တိတ်ဆိတ်နေသော စကားဝိုင်းကို မြွှတိုး၏ အမေးစကားက ပြန်လည်အသက်ဝင်သွားစေသည်။

'အင်မတန်နီ တိုက်ဆိုင်ခဲ့တဲ့ ကိစ္စပဲ'

မင်းနွယ်၏ မှတ်ချက်ကို နိုင်ကိုက....

ညိန်းမင်း၊၈၃၀၀

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်နော်'

ဟု စကားထောက်သည်။

'မဒါလီအောင်ကို မင်း သတိရသွားတယ်မို့လား'

မျိုးချိမ်၏အမေးစကားကို သူ ခည်သို့မျှ မတုံ့ပြန်မိ။

ရွှေတိုးက....

'ဘာမှမဆိုင်တဲ့ ငါတို့တောင် သတိရသွားသေးတာပဲ၊ ပတ်သက်ဆက်နွယ်ခဲ့တဲ့ မင်း သတိရတာ မဆန်းပါဘူးကွာ'

စာနာခံစားကာ ပြောနေကြမှန်း သိသည်။

'မေ့သင့်တဲ့ကိစ္စမို့ မေ့ထားတာ ကြာပါပြီကွာ၊ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်မျိုး ကြုံရ၊ သိရတော့ သတိရမိတာ အမှန်ပါပဲ၊ လှစ်ခနဲ သတိရပြီး လှစ်ခနဲ ပြန်မေ့ပစ်လိုက်ပါတယ်ဆိုရင် မင်းတို့ ယုံချင်မှ ယုံမယ်၊ ကျိန်းသေတာ တစ်ခုက ငါ့အသည်းနှလုံး တည်ငြိမ်သွားပါပြီကွာ'

'တိတိတခိုးကို မင်း ဘယ်လိုမြင်သလဲ လှိုင်လင်း'

စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ မေးချင်၍ မေးလိုက်ခြင်းလည်း ဖြစ်ဟန်တူ၏။





မျိုးချိမ်ကို မကြည့်ဘဲ အဝေးသို့ သူ ငေးသည်။

ငေးမောရာ အရပ်သည် သစ်ရိပ်တို့ အုပ်မိုးလျက် နေ့ကို ပျောက်တို့ ဟိုသည် တစ်စက် ကျရောက်လျက်ရှိ၏။

'ငါ မပြောတတ်ဘူး၊ ချောတဲ့လှတဲ့ မိန်းကလေး တစ်ယောက်ဆိုတာတော့ မျက်မြင်ပဲ၊ ပျော်ပျော် နေတတ်တာ၊ ပွင့်လင်းတာ၊ အဲဒီလောက်တော့ ခန့်မှန်းမိတယ်'

'ငါတော့ အဲဒီထက်မက ခန့်မှန်းမိတယ်'

ဟု ရွှေတိုး ပြောသည်။

'ဘာကိုလဲ'

'တိတ်တခိုးရဲ့ မျက်နှာပေါ်မှာ မင်းကို ကြည်ညိုလေးစားတဲ့ အရိပ်တွေ ငါ တွေ့တယ်၊ နောက်ပြီး မဒါလီအောင်ကို မင်း စတွေ့တွေ့ချင်း တုန်းက ခံစားတွယ်တာမှုမျိုး သူ့ရင်ထဲမှာ ငါ တွေ့တယ်'

သူ ခေါင်းကို တွင်တွင်ခါယမ်းပစ်လိုက်သည်။

'တစ်ဖက်သားကို လျှော့တွက်ရာ မရောက်လှန်းဘူးလားကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျော့တွက်တာမှ မဟုတ်ဘဲ၊ မင်းဘက်က အလေး အနက် မထားမိမှာစိုးလို့၊ တစ်ဖက်က အတိုင်း အဆကို မင်း မြင်သာအောင် ငါ ပြောပြနေတာ'

'လူရိုင်းတစ်ယောက် မဟုတ်ပေမယ့် ဒဏ်ရာရဖူးတဲ့ နှလုံးသားတစ်ခုက အရာရာအပေါ် နောက်ထပ် ဒဏ်ရာများ ထပ်ရဦးမလားဆိုတဲ့ ဇီဇာကြောင်မှုမျိုး သံသယ ဝင်တာမျိုး ဖြစ်တတ်လို့ ပြောပြထား တာပါ'

သူ ခနဲ့ပြုံး ပြုံးသည်။

'လက်ရှိအခြေအနေထက် အများကြီး အလှမ်းဝေးတဲ့ စကားတွေကို မင်း ဘာဖြစ်လို့ ပြောနေတာလဲ ရွှေတိုး'

မင်းနွယ်နှင့် နိုင်ကိုက ရွှေတိုး၏ စကားကို စောင့်သည်။

မျိုးချိမ်က ဆေးလိပ်မီးခိုးငွေ့တွေကြားမှသူ့မျက်နှာကို ကြည့်နေ၏။

ရွှေတိုးက....

'မုန့်ဆီကြော်အနံ့ကို ကြိုးရလို့ နှုတ်ခမ်းက ဒဏ်ရာကို ကြိုကုနေတာပါ၊ စကားဝိုင်း စကတည်းက တိတိ တခိုးရဲ့ စကားဦး၊ မြားဦး အကြည့်စူးစူးလေး





တွေက မင်း ဆီမှာပဲလေ၊ တိတိတခိုးကို အထင် မသေးပါဘူး၊ ဒါပေမယ့် အခြေအနေက သိသာပါ တယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့အတွက်တော့ သူငယ်ချင်း တိုးတာပေါ့ကွာ၊ မင်းအတွက်တော့ တစ်ခုခု တိုး မှာပေါ့'

ရယ်မောလျက် ပြောသည်။

သူ မရယ်ဖြစ်။

'ငါ့အတွက်လဲ သူငယ်ချင်း တိုးတာပါပဲ'

နွယ်ပင်တွေ တွယ်နေရာ အပင်ကြီးတစ်ပင်ကို ကြည့်မိ ရာမှ အကြည့်ကို စိန့်ပန်းပင်တွေထံသို့ လွှဲလိုက်၏။

'ကိုလှိုင်လင်း ရေးတဲ့ မျက်ရည်ဥတဲ့...ည ဆိုတဲ့ ကဗျာ အရမ်းကောင်းတာပဲ၊ ကျွန်မလဲ ရေးတတ် ချင်လိုက်တာ'

စာသင်ခန်းပြင်ပရှိ ဝရန်တာ အုတ်နံရံကို မှီနဲ့ရင်း (sic) ပြောသည်။

www.burmeseclassic.com



'ကျွန်မကို ကဗျာရေးတတ်အောင် သင်ပေးပါလား'

အောက်ဘက်တွင် မြင်နေရသော မြက်ခင်းစိမ်းထဲမှ ရွှေ့လျက်....

'သူတစ်ပါးကို သင်ပေးနိုင်တဲ့ အထိ ကျွန်တော် မကျွမ်းကျင်သေးဘူး၊ နောက်ထပ်လဲ ရေးတတ်တော့ မယ် မထင်ဘူး၊ မျိုးချိမ်တို့ ရွှေတိုးတို့ကတော့ ကျွမ်းကျွမ်း ကျင်ကျင် ရှိကြတယ်၊ တိတ်တခိုး စိတ်ဝင် စားရင် သူတို့ကို သင်ခိုင်းပေါ့'

'ဟင့်အင်း....မသင်ချင်တော့ဘူး'

'ကျွန်တော် တကယ်မတတ်လို့ မသင်ပေးတာနော်၊ တွန့်တိုတာမျိုး မဟုတ်ဘူး'

'ကဗျာ ကောင်းတစ်ပုဒ်ကို ရေးစပ်နိုင်လျက်နဲ့ မတတ် ကျွမ်းဘူး ဆိုတာတော့ မယုံချင်ပါဘူး'

ပြုံးလျက် ပြောသည်။

'ကြားဖူးနားဝနဲ့ ဖျစ်ညှစ်ပြီး ရေးခဲ့ဖူးတာပါ၊ မြန်မာစာသမားတစ်ယောက်နဲ့ ညီတဲ့ အရည်အချင်း မျိုး ကျွန်တော့်မှာ မရှိသေးဘူး'

'ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကိုလှိုင်လင်းကို အထင် ကြီးနေမှာပဲ'





'တိတ်တခိုးကိုလဲ ကျွန်တော်က အထင်ကြီး လေးစား ပါတယ်'

'စိတ်ချမ်းသာအောင် ပြောဖော်ရတာ ကျေးဇူးပဲ နော်'

'စိတ်ချမ်းသာရုံ ပြောတာ မဟုတ်ပါဘူး၊ တကယ် ပါ'

ရင်းနှီးစပြုလာသည်ဟု နှစ်ကိုယ်သိ သိသည်။

စာသင်ဆောင်ဘက်သို့ လာနေကြသော ပွစူးမနှင့် စမ်း မ်းအေးတို့ကို မြင်နေရ၏။

ကျွန်တော်၊ ကျွန်မ အသုံး အခေါ်အဝေါ် များသည် တတိယနှစ် ကုန်လွန်ခါနီးမှစ၍ နင် ဝါ ဟူ၍ ပြောင်းလဲ လာသည်။

ငယ်ပေါင်းတွေကဲ့သို့ ရင်းနှီးစွာ ခေါ်ဝေါ်လာခဲ့ကြ၏။ တစ်အုပ်စုလုံး သွားအတူ စားအတူ ရှိလာကြသည်။

တတိယနှစ် စာမေးပွဲဖြေဆိုပြီးသည့်နေ့က ရွှေတိဂုံဘုရား သို့ သွားခဲ့ကြသည်။ နောက်နောက် ပြောင်ပြောင် ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပျော် ရွှင်ရွှင်တွေကြားမှာ သူပါရော၍ စိတ်ကြည်နူးစ[...]
လာသည်။

အလုံးစုံသော ကြည်နူးခြင်း အတိုင်းအဆကိုတော့ မှီ[...]
လိမ့်မည် မဟုတ်သေး။

❈❈❈



(၆)

ဘူးသီးကြော်တစ်ခုကို ခပ်ဖွဖွကိုက်လျက် တိတိတခိုး သူ့[...]ငေးကြည့်နေသည်။ တစ်စက္ကန့် တစ်မိနစ်မကသောအာလ[...]ထိ တမင်ကြည့်နေမှန်း သိသဖြင့် သူ မနေ့တတ်တော့။

'ငါ့ကို ဘာဖြစ်လို့ ကြည့်နေရတာလဲ တိတိတခိုး'

ဘူးသီးကြော်ကိုစားရင်း တိတိတခိုး ပြုံးသည်။

နှင်းငွေ့မကင်းသော လေအသွေ့တွင် တိတိတခိုး၏[...]င်ကုပ်ဝဲလေး လွင့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝဲဘက်ရှိ အင်းလျား ရေမျက်နှာပြင်သည် လေအဝှေ့ကြောင့် လှုပ်ယမ်းနေသကဲ့သို့ ရှိ၏။

'လည်ကတုံး အင်္ကျီလေးနဲ့ ဆံပင်တိုတို သပ်သပ်ရပ်ရပ် ဖြီးထားပြီး ခင်စရာကောင်းတဲ့ နင့်မျက်နှာလေး ငါ မြင်ဖူးခဲ့တဲ့ ဓာတ်ပုံတစ်ပုံထဲက လှိုင်လင်းနဲ့ ယှဉ်ပြီး ကြည့်နေတာလေ'

'နင် ဘာကို ဆိုလိုတာလဲ'

တိတ်တခိုးကိုကြည့်၍ သူ မေးသည်။

'ငါ့ကို ရွှေတိုးက ဓာတ်ပုံတစ်ပုံ ပြတယ်၊ အဲဒီဓာတ်ပုံထဲက နင့်ကို ငါ လုံးဝမမှတ်မိဘူး လှိုင်လင်း၊ ဓာတ်ပုံထဲက နေပုံထိုင်ပုံ ဝတ်ပုံစားပုံက အခုပုံစံနဲ့ တခြားစီ ဖြစ်နေတယ်၊ အထူးသဖြင့် နင့်ပါးပေါ်က အမှဲ့လေးက ဘာလို့ ပျောက်သွားရတာလဲ၊ ငါ တကယ် အံ့ဩတယ် လှိုင်လင်းရယ်'

'အံ့ဩစရာ မဟုတ်ပါဘူးဟာ၊ နင့်ကို ငါ ပြောထားသားပဲ၊ ငါဟာ အရင်တုန်းကလှိုင်လင်း မဟုတ်ပါဘူးလို့'

'လှိုင်လင်းရယ်....ဖြစ်နိုင်ရင် နင့် အကြောင်းတွေကို ငါ အကုန်လုံး သိချင်တယ်ဟာ'





'မသိချင်စမ်းပါနဲ့'

'နင် ဝါ့ကို မခင်ဘူးလား၊ ငါ သံသယစဉ်ရှိသလို နင် ငါ့အပေါ်မှာ သံသယစဉ်မရှိဘူး'

'အဲဒီလိုတော့ မစွပ်စွဲပါနဲ့၊ ငါ နင့်ကို ခင်ပါတယ်'

'ခင်တယ်ဆိုရင် ငါသိချင်တာကို ပြောပြရမှာပေါ့၊ ဘာလဲ....လှိုင်လင်း၊ ထပ်တူဆိုတဲ့ အခွင့်အရေးက ငါနဲ့ မထိုက်တန်လို့လား'

ကြေကွဲစွာဆိုသော စကား....။

'နင် ငါ့ကို မုန်းသွားလိမ့်မယ် တိတ်တခိုး၊ ခင်ချင် မင်ချင်စိတ် ပျောက်သွားလိမ့်မယ်၊ နင် အခု ခင်ပါတယ်ဆိုတဲ့ ပုံစံမျိုး မဟုတ်ခဲ့ဘူးဆိုတဲ့ တစ်ခုထဲနဲ့ နင် မုန်းဆလို မရနိုင်ဘူးလား တိတ်တခိုးရယ်....'

'ငါ့စိတ်ထဲမှာ သိချင်တာတစ်ခုပဲ ရှိတယ်၊ သိပြီးတဲ့ အခါမှာလဲ ငါ့ရဲ့သံသယစဉ် တစ်စက်ကလေးမှ လျော့သွားစရာ အကြောင်း မရှိဘူး၊ ငါခင်တဲ့ လူ တစ်ယောက် အကြောင်းကို တစ်ခုမကျန် သိချင်မိ တာ ငါ လွန်လွန်းနေသလား ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ ပြောပြချင်ပါတယ် ဟာ၊ အစလောလောဆယ် ပြောဖို့ ခက်နေလို့ပါ၊ ငါ့မှာ ပြောပြနိုင်စွမ်း နည်းပါးနေသေးလို့ပါ'

သက်ပြင်းတစ်ချက် ချမိသည်။

ဆင်းလျှားရေပြင် လှိုင်းဂယက် ထ,သွားသည့် ထင်မိ၏။

❖ ❖ ❖

'သိချင်တာပဲ၊ ပြောပြလိုက်ပေါ့ကွ'

မျိုးချိမ်က ဘွဲ့နှင်းသဘင် လှေကားထစ်ပေါ်တွင် ထိုင်ချလိုက်ရင်း ပြောသည်။ ရွှေတိုး၏နံဘေးတွင် သူထိုင်၏။ မှင်းနွယ်နှင့် နိုင်ကိုက အပေါ်ဆုံး လှေကားထစ်တွင် ထိုင်ပြီး ဆေးလိပ်ဖွာနေသည်။

ရွှေတိုးက လွယ်အိတ်ကို စလွယ်သိုင်းလျက်—

'ဟုတ်သားပဲ၊ သိချင်တာ ပြောပြလိုက်ရုံနဲ့ မင်းက ဘာဖြစ်သွားမှာမို့လို့လဲ၊ တိတီတခိုးရဲ့ အခင်အမင် လျော့သွားမှာ စိုးလို့လား'





'ငါ ဘယ်သူ့ကိုမှ မခင်ချင်တော့ဘူး ရွှေတိုး၊ အားနာစိတ်နဲ့ ရေလိုက်ငါးလိုက် နေခဲ့ရင်းက ခင်မင်စရာကောင်းလို့ တိတ်တခိုးကို ငါ ခင်ခဲ့တာပဲ၊ သူ့အခင်အမင် လျော့သွားမှာကို ငါ စိုးရိမ်စရာ မှလို့ ပါဘူး'

'ဒါဆို ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ ဆိုတော့....'

ရင်တွင် ဆို့နင့်သွားရသည်။

စကားတန့်လျက် အဓိပတိလမ်းမ၏ ဟိုး...အဆုံးအထိ ငေးကြည့်မိသည်။

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီအကြောင်းတွေကို ဇာတ်လမ်း ဇာတ်ကွက်တစ်ခုလို တည်တည်ငြိမ်ငြိမ်နဲ့ ပြောပြနိုင်တဲ့စွမ်းအား ငါ့မှာမရှိသေးလို့ပဲ၊ မြန်မတွေးချင်တော့တဲ့ အဖြစ်အပျက်ကို တစ်လုံးတစ်ပါဒချင်း ပြန်ပြောပြရမယ့် ငါ့အခက်အခဲကို ငါပဲ အသိဆုံးမို့ပါ'

စကားသံ တုန်ယင်သွားရသည်။

မည်သူ့နှုတ်စကားကိုမျှ မကြားရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

ဘာနာဘာထိသော သူငယ်ချင်းများ ဖြစ်ကြသည့်အတွက် ရင်တွင်းကို မြင်သာသွားပြီ ထင်၏။

မသွားရောက်ချင်သော နေရာဒေသကို ပြောပါဆိုလျှင် အတိတ်ကာလကိုသာ လက်ညှိုးညွှန်ရပေမည်။

✻✻✻



(၄)

မမ၏အိမ်ရှေ့သို့ သုံးခေါက်တိတိ ဖြတ်လျှောက်ခဲ့သည်။

မည်သည့် အရိပ်အယောင်ကိုမျှ မတွေ့။

မနေ့က ကိုကိုသက်အိမ်သို့ ကျွန်တော်နှင့်ရွှေတိုး အလည် သွားသည်။ ကိုကိုသက် အိမ်မှာမရှိသဖြင့် အိမ်သို့ ပြန်ခဲ့၏။ အိမ်မှာ ရွှေတိုးနှင့်ကျွန်တော် ဂစ်တာတီးဖို့ပြင်သည်။

အနားကိုလာထိုင်ပြီး ပြောသော အမေ့စကားကြောင့် ခေါင်းတစ်ခုလုံး ပဟေဠိတွေ ပြည့်လျှံသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



'စောစောက ဆောင်မလေးတစ်ယောက် လာတယ် သား၊ သားနဲ့ တွေ့ချင်လို့တဲ့'

'ဘယ်သူများပါလိမ့်'

'နာမည်တော့ ပြောသွားတယ် ဒါလီအောင်တဲ့၊ ကိစ္စရှိရင် မှာထားခဲ့ပါပြောတော့ မမှာတော့ဘူးတဲ့၊ ဖုန်းနံပါတ် ယူသွားတယ်'

'သားမှာ မိန်းကလေးသူငယ်ချင်းမှ မရှိတာဘဲ၊ ဒါလီအောင်ဆိုတာလဲ သားအသိထဲမှာ မရှိဘူး'

'ကားအနီကလေးနဲ့ လာတာကွယ့်၊ ကျောင်းတက်ျူတာတွေ ဘာတွေများ ဖြစ်နေမလားဘဲ၊ သားထက် အသက်နည်းနည်းကြီးပုံရတယ်'

'ကျောင်းတက်ရတာ သိပ်မှမကြာသေးဘဲ၊ ဆရာဆရာမတွေနဲ့ မရင်းနှီးသေးဘူး အမေ'

'လူမှားနေတာ နေမှာပေါ့'

ဟု ရွှေတိုး ဝင်ပြောသည်။

'မမှားဘူး၊ မောင်လှိုင်လင်းတို့အိမ်လားလို့ မေးပြီးဝင်လာတာ'





ထိုညတစ်ညလုံး ကျွန်တော် ဖုန်းအနီးတွင်ထိုင်ပြီး ဝစ်တာတီးနေမိသည်။ ည ဆယ့်နှစ်နာရီထိုးသည်အထိ မည်သူ့ဆီက ဖုန်းမဆက်။ မနက်လင်းလင်းချင်း ကိုကိုသက် တစ်ယောက်သာ ဖုန်းဆက်သည်။

ခေါင်းထဲမှာ ပဟေဠိတွေကို ဖယ်ထုတ်ပြီး ကျောင်းသို့ စောစောထွက်ခဲ့သည်။ ကျောင်းရှေ့ရှိ မြကောရိ လှေကားရည်ဆိုင်တွင် ခဏထိုင်သည်။ အဘန်းတက်ချင်စိတ်မရှိသဖြင့် မြေနီကုန်းမှာ ရုပ်ရှင်သွားကြည့်ကြဖို့ ဆုံးဖြတ်သည်။

မမ အိမ်ရှေ့မှဖြတ်သွားဖို့ ကျွန်တော် ဆန္ဒပြုသည်။

သုံးခေါက်တိတိ ဖြတ်လျှောက်သွားသည့်တိုင် မမကို မတွေ့ရ။

မင်္ဂလာလမ်းအတိုင်း လျှောက်လာကြတည်။

ပဒုမ္မာ ဘောလုံးကွင်းဘက်သို့အကွေ့ ကားအနီလေး တစ်စီး ထိုးရပ်သည်။ ကားအဘွင်းသို့ ငဲ့အကြည့်ဘွင် ကျွန်တော့်ရင်ထဲမှာ ပျော်သွား၏။

'မမ'

'မင်း ဘယ်သွားမလို့လဲ'

'ရုပ်ရှင် သွားကြည့်မလို့'



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်း မတက်ဘူးလား'

'မနက်ဖြန်မှ တက်မယ်'

'လာ....ကားပေါ်တက်'

တားတံခါးကို ဖွင့်ပေးသည်။

ရွှေတိုးတို့ကို ငဲ့ကြည့်ပြီး ကျွန်တော်ကားထဲ ဝင်ထိုင်လိုက်သည်။

'မင်းတို့ပါတက်လေ'

ရွှေတိုးက လက်ကာလျက်....

'ကျွန်တော်တို့ မလိုက်တော့ဘူး'

'ပြီးရော'

ဟု ပြောပြီး ကားစက်နှိုးသည်။

ကားကို လျင်မြန်စွာ မောင်းထွက်၏။ ရွှေတိုးတို့ကို လှည့်ကြည့်မိသေးသည်။

ဗားကရားလမ်းမပေါ်ရောက်မှ ကားကို အရှိန်လျှော့သည်။



'ခင်း ကျောင်းသား မဟုတ်ဘူးလား'

'ကျွန်တော် ကျောင်းသားပါ မမ၊ ပထမနှစ်ကျောင်းသားပါ'

'တက္ကသိုလ်ရောက်ရင် ကျောင်းကို လွတ်လွတ်လပ်လပ် ပြေးလို့ရပြီလို့ ဘယ်သူပြောထားသလဲ'

'ဘယ်သူ့မှ မပြောပါဘူး'

'ဒါဆိုရင် မင်း အခု ကျောင်းတက်ရမယ်၊ မင်းကို ကျောင်းရှေ့အထိ တို့ လိုက်ပို့ပေးမယ်၊ ဟုတ်ပြီလား'

'ကျွန်တော် ဒီနေ့ မတက်ချင်သေးဘူး မမ'

'တို့ကို မင်း ခင်တယ် ဆို'

'ခင်ပါတယ်'

'အဲဒါဆို တို့ စကားကို မင်း လိုက်နာလိမ့်မယ်လို့ တို့ ယူဆလိုက်တော့မယ်'

'..................'

မည်သည့်စကားမျှ ကျွန်တော် ပြောခွင့်မရှိတော့....။

သိန်း၊ဝင်း၊ဇော်ဝေ

www.burmeseclassic.com



ကျောင်းရှေ့တွင် ကားကို ညင်သာစွာရပ်သည်။ ကားတံခါးကိုဖွင့်၍ ကျွန်ုပ်တော် ဆင်းသည်။

'လှိုင်လင်း'

ခြေလှမ်းတုံ့လျက် မမ ရှိရာသို့ ကြည့်လိုက်သည်။

'တို့ကို မခင်တော့ဘူးလို့ ဆုံးဖြတ်တဲ့နေ့ကျမှ မင်း အတန်းမတက်ဘဲ နေပေါ့'

ပြောပြီး ကားကို မောင်းထွက်သွားသည်။ ပျင်းရိစွာ ကုန်လွန်ရမည့် ကြည်နူးစရာ နေ့တစ်နေ့ဟု သဘောမှတ်လိုက်မိသည်။

စကားပွင့်တွေ ဝေနေ၏

'ကသင်'

ဂစ်တာကို ကြိမ်းပြင်ပေါ်တွင် လှဲလိုက်သည်၊ ပြန့်ကျဲနေသော သီချင်းစာအုပ်တွေကို ကျော်လွှားပြီး တယ်လီဖုန်းသို့ လက်လှမ်းသည်။



7

'ဟဲလို...အမိန့်ရှိပါ'

'.................'

အသံကို ချက်ချင်း ခန့်မှန်းနိုင်လိုက်သောကြောင့် ကိုယ့်ကိုယ်ကို ချီးကျူးမိသည်။

'မမ...၊ မမမို့ လားဟင်'

'ဘယ်က မမလဲ၊ တို့နာမည် ဒါလီအောင်၊ မမ မဟုတ်ဘူး'

'ဒါလီအောင်ဆိုတာ ကျွန်တော့်မမပေါ့'

'အတိအကျကို ခန့်မှန်းနေတာပါလား'

'အမေ့ဆီက ဖုန်းနံပါတ်ယူသွားတာ မဒါလီအောင်၊မဒါလီအောင် စီးလာတဲ့ကားက အနီရောင်၊ မမစီးတဲ့ကားကလဲ အနီရောင်၊ အဲဒီတော့ မမဆိုတာ မဒါလီအောင်'

ရယ်သံသဲ့သဲ့ ကြားရသည်။

'မင်း ကျောင်းကို အချိန်ပြည့်တက်ရဲ့လား'

'တက်ပါတယ် မမ'

'ကင်နီတင်းနဲ့တောင် တွေ့မထိုင်တော့ဘူးပေါ့'

www.burmeseclassic.com



'စာသင်ချိန်တစ်ချိန်လုံး ဒီမနေ့အဖွဲ့ စည်းကမ်း
အဆောဝပ်ဆုံးက ကျွန်တော် တစ်ယောက်ထဲပဲ'

'မင်းတို့ မြန်မာစာဌာနမှာ မဓ အသိ ဆရာမ
ရှိတယ်နော်'

'ကျွန်တော် ခညာတတ်ပါဘူး မမ'

'မင်းကို တို့ အကူအညီတစ်ခု တောင်းချင်တယ်'

'ပြောပါ မမ'

'တို့မေမေ နေမကောင်းဘူး၊ နာလန်ထ စဆိုပါ
တို့ ဆေးဝယ်စရာရှိလို့ အိမ်မှာ လူနာ လာစောင့်
နိုင်မလား'

'ကျွန်တော် ကူသိုလ်ရမယ့်ကိစ္စပဲ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်လဲ'

'မမ အိမ်ထဲမှာ ကျွန်တော် ကို ထားခဲ့ဖို့ ကျွန်
အပေါ် ယုံယုံကြည်ကြည် ရှိနိုင်ရဲ့လား'

'ဝတ်ပုံ စားပုံ နေပုံ ထိုင်ပုံကတော့ တကယ့်
ရုပ်ပဲ၊ ယုံကြည်စရာ မရှိဘူး၊ မျက်လုံး မျက်ခုံး
ရည် ဒူးရည်အရတော့ မင်းဟာ အဆင့်အတန်းမ



လူတစ်ယောက်ပဲ၊ အိမ်အပေါ်မှာ အခန်းလေးခန်း
ရှိတယ်၊ တို့နေတဲ့ အခန်းထဲက မှန်တင်ခုံ အံဆွဲထဲမှာ
လက်ဝတ်ရတနာတွေ ရှိတယ်၊ မီးခံသေတ္တာသော့က
မေမေ့ ခေါင်းအုံးအောက်မှာ၊ အောက်ထပ်မှာတော့
အပေါ်စက် အောက်စက်နဲ့ ရေခဲသေတ္တာ၊ ရှိုးကေ့စ်
ထဲမှာ နာရီလေး ဘာလေး ထည့်ထားသေးတယ်၊
ဒီလောက်ပါပဲ၊ မင်းတစ်ယောက်တည်း ဒီပစ္စည်းတွေ
ဘယ်လိုလုပ် နိုင်ပါ့မလဲ'

ရယ်မောလျက် ပြောသည်။

'ကျွန်တော် အခုပဲ လာရမှာလား'

'အခုလာရင် ပိုကောင်းတာပေါ့၊ ဪ.... နေဦး၊
တောင်းဘီရှည် တကားကားနဲ့တော့ မလာစေချင်ဘူး၊
လုံချည်ဝတ်ခဲ့နော်'

'ကျွန်တော် မှာ လုံချည် တစ်ထည်မှ မရှိဘူး မမ၊
ရေလဲလုံချည်တွေပဲ ရှိတယ်၊ အဖေ့ လုံချည်တွေက
တော့ အနမ္မရဲ့ အမှတ်တရ ပစ္စည်းတွေမို့ ယူမဝတ်
ချင်ဘူး'

'ကဲ....ဒါဆိုလဲ သဘောရှိ၊ ဆံပင်ကိုလဲ သပ်သပ်
ရပ်ရပ် ဖြီးခဲ့ဦး'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ကို မှတ်မိရဲ့လား၊ ကားနဲ့ လာခေါ်ပေးရ
မလား'

'မျက်စိမှားပြီး လာရင်တောင် ခြေထောက်တွေက
မှတ်မိနေမှာပါ'

⁂

အိမ်ငြင်းတံခါးကို မမကိုယ်တိုင် လာဖွင့်ပေးသည်။

ဧည့်ခန်းသို့ အရောက်တွင်....

'ထိုင်'

မမညွှန်ရာနေရာတွင် ထိုင်သည်။ ရှပ်မြင်သံကြားစက်အနီး
ပန်ကာလေကြောင့် မမဆံပင်တွေ ကျွန်တော့်မျက်နှာ
တွင် ယိမ်းနွဲ့နေသည်။ ကျွန်တော့်ဆံပင်တွေက တလှုပ်လှုပ်
ကျွန်တော် ထိုင်နေရာတည့်တည့်တွင် အမေနှင့် ရှယ်တူ
ဒါမှမဟုတ် လေးငါးနှစ်ခန့် ကြီးမည်ထင်ရသည့် အန်တီကြီး
တစ်ယောက်ကို တွေ့ရသည်။ ခန့်ခန့်ညားညားရှိသည့်ရုပ်ရည်
မမ၏ မိခင် ဖြစ်လိမ့်မည်ဟု ခန့်မှန်း၏။

'မေမေ၊ ဒါ လှိုင်လင်းတဲ့၊ လမ်းသရဲမေါက်စလေး



အမျိုးသမီးကြီးက ပြုံးရွှင်စွာ ကျွန်တော့်ကိုကြည့်သည်။

'ဒါ တို့ရဲ့ မေမေ၊ ဒေါ်နယ်လီအောင်တဲ့'

ကျွန်တော် ရိုကျိုးစွာ ရယ်ပြလျက်....

'အန်တီက နေမကောင်းဘူးဆို၊ အခုကျတော့ ဧည့်
ခန်းထဲမှာ'

တအံ့တဩ ပြောလိုက်သည်။

'နာလန်ထတာ သိပ်မကြာသေးဘူး သားရဲ့၊ ဒီနေ့
ထမင်း စ,စားတယ်'

မမက သူ့မိခင်နံဘေးတွင် ဝင်ထိုင်သည်။

ထိုင်ပုံ ထ,ပုံ ရွေ့လျားပုံတွေ လှလွန်းနေသည့် မမ။

'ဟိုတစ်နေ့က အိမ်ကကား ဘာဖြစ်မှန်း မသိဘူး၊
စက်နှိုးလို့ မရတာနဲ့ ဘတ်စ်ကားစီးပြီး ဆေးသွား
ဝယ်တာ၊ အိမ်ပြန်ရောက်တော့ မေမေ့ ဒရစ်ပိုက်က
ပိတ်နေတယ်၊ ဘေးနားမှာ အဖော်မရှိတော့ မေမေ
တစ်ယောက်တည်း ဘာမှ မလုပ်နိုင်ဘူး၊ ဒီနေ့တော့
ဒရစ်တွေ ဘာတွေ သွင်းစရာ မလိုတော့ပါဘူး၊ ဆေး
သောက်ရုံပဲ၊ မမ ဆေးသွားဝယ်နေတုန်း မေမေ
အဖော်မရှိလို့ မင်းကို ခေါ်တာ၊ စိတ်ချပါ၊ မင်း
မပင်မပန်းစေရပါဘူး'

ညီနှိုးမင်း၊ ၁၉၃၉

www.burmeseclassic.com

www.burmeseclassic.com



'ပင်ပန်းလဲ့ ကိစ္စမရှိပါဘူး၊ အန်တီ့ကို ကျွန်တော် အမေလို သဘောထားပြီး ကျွန်တော် ပြုစုဖို့ ဝ မလေးပါဘူး၊ ဆေးကို ကျွန်တော်ကိုယ်တိုင် ဝယ် ပေးဆိုလည်း ဝယ်ပေးပါ့မယ်'

'လိမ္မာလိုက်တာ'

ဟု မမမိခင်က ပြောသည်။

ကျွန်တော့်ရင်ထဲမှာ ပျော်နေ၏။

'မမဖာသာ သွားဝယ်ပါ့မယ်၊ မေမေ့တေးနား

အာလူးဖုတ်နေ့ရစ်တော့'

ကားသော့လေးကို လက်ညှိုးဖြင့် လှည့်ကစားရင်း ထိုင်ရာမှ ထသည်။ ငှက်လှလှလေးတစ်ကောင် ပျံသန် အတောင်ဖြန့်လိုက်သည်နှင့် တူလှန်း၏။

***



(၈)

ကျောင်းရှေ့ရှိ တရုတ်စကားပင်တွေကို သံတံတားပေါ် မြင်နေရသည်။

ညနေခင်း၏ လေပြည်နုကြောင့် အေးစိမ့်စိမ့် ဖြစ်၏။

သံတံတားပေါ်မှ ဖြတ်သွားသူတွေ တစ်ယောက်စ နှစ် ာက်စ ရှိသည်။

ံတားအောက်ရှိ မီးရထားသံလမ်းပေါ်တွင် ရထား ား အလာ မရှိသေး။ လှမ်းမြင်နေရသော အချက်ပြမီး နီရဲလျက် ရှိနေ၏။

တိုးက ဆေးပေါ့လိပ်ကို ရဲခနဲဖွာပြီး....

www.burmeseclassic.com



'ဒါဆို မင်းက တစ်နေ့ခင်းလုံး မဒါလီအောင်
အိမ်မှာပေါ့'

ဂုဏ်ယူဝမ်းမြောက်စွာ ကျွန်တော် ခေါင်းညိတ်သည်။

မျိုးချိမ်က....

'မဆိုးဘူးကွ၊ မဒါလီအောင်က ဖင်ပေါ့ပေါ့နဲ့
ကောင်းမယ့်လူကို ရှာနိုင်သားပဲ'

မညွှာမတာ ပြောရက်လေသည်။

'သူတို့က သားအမိနှစ်ယောက်ထဲပေါ့၊ ဟုတ်လား

ဟု နိုင်ကို မေးသည်။

ကျွန်တော်က တံတားသံတိုင်ကို ကျောမှီလျက် ထို
လိုက်ရင်း....

'လောလောဆယ်တော့ သားအမိနှစ်ယောက်တည်း
ဆိုပါတော့၊ အစ်ကိုတစ်ယောက်က နိုင်ငံခြား

'အဘွားကြီးက မင်းကို ဟက်ဟက်ပက်ပက်ရှိရဲ့လား

မင်းနွယ်က ကျွန်တော့်ပခုံးပေါ် လက်တင်ရင်း
သည်။

'ရှိတာပေါ့ကွ၊ တစ်နေ့လုံး စကားတွေ ပြောင်
ကြတာ၊ ခမ ပြန်လာတော့ ငါ့ဖို့ မုန့်တွေ ဝယ်
တယ်၊- အမျိုးကြီးပဲ'





'ငတ်ငတ်ပြတ်ပြတ်နဲ့ အားမနာ ပါးမနာ မင်းစား
ခဲ့တယ်မို့လား'

'မျိုးချိမ်၊ ခင်း ဘာဖြစ်လို့ ငါ့ကို မညွှာမတာ ပြော
နေရတာလဲ၊ မနာလို မရှိပါနဲ့ကွာ၊ ကံဇာတာတက်
နေတဲ့ မင်းသူငယ်ချင်းအပေါ် မုဒိတာလေး ထား
ပေးစမ်းပါ'

ရွှေတိုးက တဟားဟားရယ်လေသည်။ အရယ်ရပ်လျက်....

'တကယ့်ကို အံ့ဩစရာကောင်းတဲ့ဇာတ်ကွက်ပဲ၊ ငါတို့
ရွှေ့မှာသာ မဒါလီအောင်က မင်းကို ကားနဲ့ ခေါ်
မသွားဘူးဆိုရင် မင်းပြောသမျှတွေယုံချင်စရာမရှိဘူး'

'ငါလဲ ငါ့ကိုယ်ငါ မယုံနိုင်အောင် ဖြစ်နေတယ်၊
အိပ်မက် မက်နေသလိုပဲ'

'တစ်ခုတော့ ရှိတယ်၊ မဒါလီအောင်က မင်းကို
ရည်းစားစကား ပြောခွင့်တော့ ပေးမှာ မဟုတ်ဘူး၊
ဘာဖြစ်လို့လဲ ဆိုတော့ အစ်မကြီး တစ်ယောက်က
မောင်အရင်းတစ်ယောက်ကိုပြောဆိုဆက်ဆံတဲ့ လေယူ
လေသိမ်းမျိုးနဲ့မင်းကို ထိန်းသိမ်းလိုက်ပြီမို့လား'

'အချိန်တွေ အများကြီး ကျန်ပါသေးတယ်ကွာ၊
ချစ်ခွင့် မရသေးပေမယ့် လောလောဆယ် ခင်မင်ခွင့်
ကို စောစောစီးစီး ရလိုက်တာပဲ မဟုတ်လား၊ လော
လောဆယ် ဒါနဲ့ပဲ ကျေနပ်နေလိုက်ဦးမယ်'

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

မမဝယ်ပေးသော ပဒုလကပ်လုံချည် သုံးထည်ကို ငြင်းမရသည့်အဆုံးတွင် ကျွန်တော် လက်ခံလိုက်ရသည်။ မမ၏အိမ်သို့ အလည်အပတ်သွားသောအခါတွင် ထိုလုံချည်တွေကို အလှည့်ကျ ဝတ်ဆင်သည်။

မမ၏ မိခင်က ကျွန်တော့်ကို လုံချည်ဖြင့် တွေ့သောအခါ တအံ့တဩ ဝမ်းပန်းတသာ ဖြစ်သည်။ မမက အမြဲတမ်း လုံချည်လေးနဲ့ နေပါလားဟု ပြောသည်။

အတတ်နိုင်ဆုံး ကြိုးစားမည်ဟု ကျွန်တော် ပြောလိုက်သည်။

ဆံပင်ရှည်ကို ဖြတ်တောက်ပစ်ဖို့အတွက်တော့ ကျွန်တော် အကြောက်အကန် ငြင်းဆန်လိုက်သည်။ ငယ်စဉ် ကတည်းက ကျွန်တော် ဆံပင်ရှည်ထားခဲ့ခြင်း ဖြစ်သည်။ ဆံပင်ရှည်ရှည်သည် ကျွန်တော့်အမြတ်နိုးဆုံး အစိတ်အပိုင်းဖြစ်ကြောင်း မမ လက်ခံအောင် ပြောပြရသည်။

မကျေနပ်ခြင်းတစ်ဝက်ဖြင့် မမ လက်လျှော့သွားရ၏။

မမ၏ တောင်းဆိုချက်များကြောင့် ကျွန်တော် အတန်းမှန်မှန်တက်ဖြစ်သည်။ ဆံပင်တွေကို သပ်သပ်ရပ်ရပ် ဖြီးသင်တတ်လာသည်။ဆေးလိပ်သောက်ခြင်းအလုပ်ကို လျှော့လျှော့ပေါ့ပေါ့ ပြုလုပ်သည်။





မမရှေ့တွင် ဆေးလိပ်နှင့် ကင်းကင်းရှင်းရှင်း နေပြ၏။

မမတို့ သားအမိနှင့် ဟိုဟိုဒီဒီ သွားလာခဲ့ရသည်။

မမနှင့် နှစ်ယောက်တည်း သွားလာခွင့် ရခဲ့သောနေ့သည် ကျွန်တော် ပျော်ရွှင်ကြည်နူးမှု ပိုကဲခဲ့သောနေ့။ ချစ်သူတွေဖြစ်လျှင် သိပ်ကောင်းမှာပဲဟု ရင်ထဲမှ တမ်းတစွာ တွေးကြည့်ပြီး ပျော်ပိုက်သည်။

မမခေါင် ဟု သုံးနှုန်းခေါ်ဝေါ်သော အခါမျိုးတွင် မမကို ကျွန်တော် အားနာရ၏။

မမနှင့် ဓာတ်ပုံတွေ တွဲရိုက်သည်။

မမကို ကျွန်တော်ကိုယ်တိုင် ဓာတ်ပုံရိုက်ပေးသည်။

မမကိုယ်တိုင် ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးသည်။

ကလေးငယ် တစ်ယောက်ကဲ့သို့ ပျော်ပါးနေမိသော ကျွန်တော့်ရင်တွင်းကို မမ မြင်သာစေချင်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

(၉)

မမရဲ့
လှပတဲ့ မျက်သွယ်
ချစ်စဖွယ်....အပြုံး
မိုနာလီဇာ ရှုံးမယ်....။
မမ
ပြုံးပြတဲ့ အခါ
မိုနာလီဇာဟာ
(ကမ္ဘာမှာ)
ဒုတိယ ဖြစ်သွားတယ်....။



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ ရေးနေတာလဲ'

ကျွန်တော် မျက်လုံးဝိုင်းသွားရသည်။

ကျောဘက်သို့ လှည့်မကြည့်ရဲ။

ကိုကိုသက်က ကျွန်တော် ထိုင်နေရာ စာကြည့်စားပွဲနံဘေးတွင် လာရပ်သည်။

သင်လက်စ သင်ခန်းစာ၏ စာမျက်နှာကို ကျွန်တော် စာမန်းကတန်း လှန်လိုက်၏။

သို့သော် ကိုကိုသက်က ကျွန်တော့်စာအုပ်ကို ဆွဲယူလိုက်သည်။

စာအုပ်နောက်ကျောကို သေသေချာချာ ကြည့်သည်။

'မင်း ငါ့အိမ်ကို ဘာလာလုပ်တာလဲ'

'စာ လာသင်တာ'

မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

'မရတဲ့ သင်ခန်းစာရှိရင် လာမေးဖို့ ပြောထားတယ်၊ အင်္ဂလိပ်စာ မရလို့ မင်း ငါ့ကို လာမေးတယ်၊ ငါ သင်ပေးထယ်၊ လေ့ကျင့်ခန်းတွေလုပ်ခိုင်းပြီး အိမ်ထဲ ခဏဝင်တယ်၊ ငါ ပြန်ထွက်လာတယ်၊ မင်း ဘာ လုပ်နေသလဲ'



'ကျွန်တော် လေ့ကျင့်ခန်းတွေ လုပ်ပြီးသွားပြီ'

'တစ်ခေါက်ပြီးသွားလို့ နောက်တစ်ခေါက် ထပ်လုပ်နေရင် ဘာဖြစ်မှာမို့လို့လဲ၊ အခုတော့ အချိန်ကို အလဟသဖြုန်းတယ်၊ ပေါက်ကရတွေ လျှောက်ရေးနေတယ်'

စာအုပ်ကို စားပွဲပေါ် ပြန်တင်ပြီး....

'မင်းမှာ ရည်းစားရှိနေပြီလား'

'မရှိပါဘူး'

'မရှိဘူးဆိုပေမယ့် မင်း စိတ်ကူးယဉ်အလုပ်တွေ လုပ်နေပြီ၊ စိတ်ကစားနေပြီ၊ ကိုယ့်ကိုယ်ကို တက္ကသိုလ်ကျောင်းသား ဗွတ်ယောက်ဆိုတာ သိထားစမ်းပါကွာ၊ သူများ ဆုံးမမှ လိမ္မာရတဲ့လူမျိုး မင်းကို မဖြစ်စေချင်ဘူး၊ သေသွားတဲ့ မင်းအဖေဟာ အင်ဂျင်နီယာကြီး တစ်ယောက်ဆိုတာ မင်း မေ့နေပြီလား၊ ကိုယ့်အဖေလို အင်ဂျင်နီယာကြီး မဖြစ်ရလေခြင်းလို့ တွေးပြီး ဝမ်းနည်းဖူးသလား၊ ဖခင်အေ့ခြေရာကို မမီတောင်မှ ရောက်တဲ့နေရာဒေသလေးမှာ တော်အောင် တတ်အောင် မင်း ကြိုးစားသင့်တယ်၊ ငါ့ရှေ့မှာ ဒါနောက်ဆုံးအကြိမ် ဖြစ်ပါစေလို့ ခေါ်ကြားလား'

'ဟုတ်ကဲ့'

www.burmeseclassic.com



'လူတစ်ယောက်ဟာ တာဝန်ယူတတ်ရင် တာဝန်တွေ အများကြီးပဲ၊ အချစ်ဆိုတာ အဲဒီတာဝန်တွေ အားလုံးရဲ့ ဟိုး နောက်ဆုံးမှ ထားသင့်တဲ့အရာ—၊ အခု လောလောဆယ် မင်းရဲ့တာဝန်က ဘွဲ့တစ်ခုကို ရအောင် ယူရမယ့် တာဝန်၊ မမတွေ မီးမီးတွေ လုပ်ရမယ့်အချိန် မဟုတ်ဘူး၊ အခုအချိန်မှာ ငါ မိန်းမ ယူလို့ရပြီကွ၊ ပညာရေးရော, စီးပွားရေးရော, လူမှုတာဝန်ရော ပြည့်ပြည့်စုံစုံ ထမ်းဆောင်နိုင်စွမ်း ရှိပြီ၊ မင်းလဲ ငါ့လိုအခြေအနေမျိုး ဖြစ်လာတဲ့အခါ မင်းချစ်ချင်တဲ့သူကို ချစ်ပေါ့၊ ဟုတ်လား'

'ကျွန်တော် နောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ ကိုကိုသက်'

'အေးကွာ....ငါ မင်းကို စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူး ဆိုတာ မင်း နားလည်ရင် ပြီးရော၊ မင်းအဖေက ငါ့ရဲ့ အထက်အရာရှိ၊ ငါ့ကို အရာရာ ပြည့်စုံအောင် သွန်သင်ပေးခဲ့တယ်၊အခုမင်းကို ငါကပြန်ပြီးသွန်သင် ရမယ့် အလှည့်ပဲ၊ မင်းဘဝ တိုးတက်ဖို့ဟာ ငါ့ရဲ့ တာဝန်တစ်ခုပေါ့ကွာ'

ကျွန်တော့် ပခုံးပေါ် လက်တင်လျက် ပြောသည်။





မမနှင့် မိုနာလီဇာကို စာအုပ်ထဲမှာ သည်အတိုင်း ထည့်ပိမ်းထားလိုက်၏။



'ရော့....အဲ့ဒါ မင်းအတွက်'

စားပွဲပေါ်ရှိ ပစ္စည်းတွေကိုရော, မမ မျက်နှာကိုရော အံ့တသြ ကြည့်မိသည်။

အန်တီနယ်လီအောင်က ကျွန်တော့်ကို ပြုံးကြည့်နေ၏။

'ဟာ....မမ၊ များလှချည့်လား၊ ဖိနပ်ရော,ဘောင်းဘီတွေရော,အင်္ကျီတွေရော ဒါ နောက်ဆုံးပေါ် ဒီဇိုင်းတွေ၊ ကျွန်တော်တောင် မဝတ်ဖူးသေးဘူး၊ အဲဒီလောက် တန်ဖိုးကြီးတဲ့ဟာတွေ ကျွန်တော် မယူချင်ဘူး'

'မယူချင်လို့ မရဘူး ကိုလင်း'

'မမပဲ ကျွန်တော့်ကို လုံချည်နဲ့ပဲ နေဆို၊ ဘာဖြစ်လို့ ဒါတွေ ဝယ်ပေးရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ မမ ဝယ်ပေးတာ မဟုတ်ဘူး၊ ကိုကို ပို့လိုက်တာ၊ မင်းအတွက် လက်ဆောင်တဲ့'

'မခရဲ့ အစ်ကို.... ကိုကိုအောင်ကို ပြောတာလား'

'ဟုတ်တယ်'

'ကျွန်တော့်ကို ကိုကိုအောင်က ဘယ်လိုသိ တာလဲ'

'မမ မိတ်ဆက်ပေးတာပေါ့'

နား မရှင်းသေး။

'မမရယ် မေမေရယ်....မင်းရယ်....ဘုရားမှာ ရိုက်ထား တဲ့ ဓာတ်ပုံ ကိုကို့ဆီကို ပို့လိုက်တယ်လေ၊ညီမလေး တို့အိမ်မှာ မောင်လေးတစ်ယောက် ကောက်ရ ထား တယ်လို့....စာရေးလိုက်တာပေါ့'

စားပွဲပေါ်ရှိ စာအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြီး ကျွန်တော့်ကို လှမ်းပေးသည်။

'အဲဒါ ကိုကိုက မင်းဆီကို ရေးလိုက်တဲ့စာ၊ဖတ်ကြည့် လိုက်ဦး'

စာရွက်ကိုယူ၍ ကျွန်တော် ဖတ်ကြည့်သည်။



မောင်လှိုင်လင်း

ကိုယ့်မိသားစုနဲ့ မင်းနဲ့ ခင်မင်နေတယ်ဆိုတာ သိရလို့ ကိုယ် ဝမ်းသာမိတယ်။

ကိုယ့်ရဲ့ကိုယ်စား ကိုယ့်မိသားစုကို စောင့်ရှောက်မယ့် မိသားစုတစ်ယောက် တိုးလာတယ်၊ ညီတစ်ယောက် တိုးလာတယ်လို့ ကိုယ် ခံစားရတယ်။

လူကို မမြင်ဖူးပေမယ့် မင်းဓာတ်ပုံကို ကြည့်ပြီး ကိုယ် မင်းကို ခင်မိတယ်။

ညီမလေး ဒါလီအောင်ရဲ့....မောင်၊ မေမေ့ရဲ့ သား အငယ်ဆုံး၊ ကိုယ့်ရဲ့ ညီအငယ်ဆုံးလို့ မင်းကို သတ်မှတ် ပါရစေ....။

ကိုယ် ပေးတဲ့ လက်ဆောင်ကို အစ်ကိုကြီး တစ် ယောက်က ညီငယ်အတွက် ပေးတဲ့ လက်ဆောင်အဖြစ် သတ်မှတ်ပြီး လက်ခံစေချင်တယ်။

နော်....ညီလေး....။

ခင်မင်လျက်....

ကိုအောင်

စာကို ပြန်ခေါက်လိုက်သည်။ ခံစားရသည့်စကားကို ဆိုရ မှန်း မသိတော့....။

www.burmeseclassic.com

www.burmeseclassic.com



မမှက....

'စာဖတ်ပြီးပြီမို့လား၊ မင်းဖြင်းချင်လဲ ဖြင်းပေါ့'

ညှော်ခန်းနံ့ရှိ ကိုကိုအောင်၏ ခေါင်းပုံကို မော့ကြည့်လိုက်သည်။

ပြောစရာစကား မရှိသလို ဖြစ်သွားရသဖြင့် အန်နယ်လီအောင်ကို ပြုံးပြလိုက်တော့၏။

❖ ❖ ❖

'ဒါကြောင့် မင်း သိပ်လှနေတာကိုး'

ရွှေတိုးက ကျန်တော့် အခတ်အစားတွေကို ကြည့်လျ ပြောသည်။

နိုင်ကိုက....

'မင်းတော့ နွဲ့ထဲမှာ နစ်ဘာထက် ဆိုးပြီ၊ အင် ရင်း၊ အစ်မရင်းလို သဘောထားပြီး မိသား နေထိုင် စောင့်ရှောက်ဖို့ ဆန္ဒပြုလိုက်ကြပြီ မို့လာ





အဲဒီတောင်ကို မင်း ကျော်ဖို့ ခက်သွားပြီ၊ အလို အလျောက် မဒါလီအောင်က မင်း အစ်မ၊ ကိုကို အောင်က မင်းအစ်ကို၊ ဒေါ်နယ်လီအောင်က မင်း အမေ ဖြစ်သွားပြီ၊ မဒါလီအောင်အပေါ် ချစ်သူ ရည်းစားလို သဘောထားချင်တဲ့ မင်းဆန္ဒ ထွက် ပေါက် ပိတ်သွားပြီ'

မျိုးချိမ်က ငွေသွင်းဌာနဘက်ကို မျက်နှာမူထားရာမှ တော့်ဘက်ကို လှည့်ပြီး....

'မင်းသာ မဒါလီအောင်ကို ရည်းစားစကား ပြော လိုက်လို့ကတော့ အားနာစရာ ဖြစ်သွားမှာအမှန်ပဲ'
'အားနာစရာထက် ပိုလိမ့်မယ်၊ စော်ကားတဲ့အဆင့် မျိုးထိ ဖြစ်သွားနိုင်တယ်'

င်းနွယ်၏ ထင်မြင်ချက်က ကြောက်လန့်စရာ ကောင်း သည်။

'မဒါလီအောင်က ကျောင်းပြီးသွားရောပေါ့'

ရွှေတိုး ပြောသည်။

'မနှစ်က ပြီးတယ်၊ အိကိုနဲ့'

www.burmeseclassic.com

'ဒီအတိုင်းပဲ နေလိုက်ပါတော့ကွာ'

'ဒီအတိုင်းနေရတာကို ငါ ပျော်ပါတယ်၊ တစ်ချိ ချိန်မှာ မမရဲ့နှလုံးသားကို တခြား တစ်ယော ယောက်က မပိုင်ဆိုင်ဘူးဆိုတဲ့ 'ကျိန်းသေရင် ငါ တစ်သက်လုံး ဒီအတိုင်းပဲ နေချင်ပါတယ်'

'ဒါတတော့ ကံတရားအတိုင်းပေါ့ကွာ'

'မင်းတို့ကို နှုတ်ပိတ်ရဦးမယ်'

'ဘာကိုလဲ'

'ဒီအကြောင်းတွေကို ကိုကိုသက်ရှေ့မှာ မပြော စေနဲ့နော်၊ မမ....ဆိုတဲ့ အသုံးအနှုန်းကို ငါ့စာအုပ် မှာ ကိုကိုသက် တွေ့သွားတယ်'

'နှုတ်ပိတ်တယ်ဆိုတာ ပါးစပ်နဲ့ ပိတ်လို့ မရ သွင်ယ်ချင်း'

မျိုးချိမ်က မျက်လုံး ထောင့်ကပ်လျက် ပြောသည်။

'ဘယ်လိုပိတ်ရမှာလဲ၊ လက်သီးနဲ့ ဆွဲထိုးပြီး ပိတ် မှာလား'

'နိုး....နိုး....အဲဒီလောက် ကြမ်းတမ်းဖို့ မလိုဘူး ဦးပြောင်ဆိုင်မှာ ဝမ်းတေဘယ်လ်လောက်နဲ့ ထ တော့ရင် ဖြစ်ပါတယ်'



'ကန်တော့ရင်...ဆိုတဲ့ အသုံးအနှုန်းကို ပြင်ပြော၊ အခု ချက်ချင်းစီစဉ်လိုက်မယ်'

'ဟဲ....ဟဲ....ကန်ဒတော့ဘာ မဟုတ်ဘူး၊ ပြုစုတာ၊ ပြုစုတာ'

စကားဖြူပင်တွေဆီသို့ ရယ်သံတွေ ပျံ့ဘက်သွားသည်။ စကားဖြူပွင့်တွေ မပွင့်ဝေသေး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

'တိတ်တခိုးရဲ့ မျက်လုံးတွေကို မင်း ဘာသာပြန်နိုင်ဖို့ လိုနေပြီ လှိုင်လင်း'

ဒဂုံဆောင်ကို တစ်ချက်ငဲ့ကြည့်ရင်း ရွှေတိုး ပြောသည်။ လှမ်းနေသော ခြေလှမ်းကို တမင် နှေးကွေးစွာ လျှောက်နေမိ၏။ သစ်ရိပ်တို့၏ ဟိုမှာဘက် တူရူဘွင် တောင်ငူဆောင်ကို လှမ်းမြင်နေရသည်။

တောင်ငူဆောင် အနီးရှိ စားသောက်ဆိုင် တန်းတွင် တိတ်တခိုးတို့ ရှိနေမည်ဟု သိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ မရောက်ခင် စကားစ ပြတ်ချင်သည်။

'ငါ့ခေါင်းထဲမှာ ကျောင်းမြန်မြန်ပြီးဖို့ပဲ စဉ်းစားချင်တယ်၊ စာမေးပွဲ နီးပြီလေ'

'စာမေးပွဲနီးတာတို့၊ ကျောင်းမြန်မြန်ပြီးချင်တာတို့က မင်းရဲ့ ဦးခေါင်းထဲက ကိစ္စမှန်း ငါ သိပါတယ်၊ အခု ငါ ပြောနေတာက နှလုံးသားကိစ္စ'

'မင်းက ဘယ်လိုဖြစ်စေချင်လို့လဲ ရွှေတိုး'

'ငါ ဘယ်လိုမှ မဖြစ်စေချင်ဘူး လှိုင်လင်း၊ ဖြစ်စေချင်တဲ့ သူ့ကို နည်းနည်းလောက် ငဲ့ကြည့်ဖို့ ပြောနေတာ'

'တိတ်တခိုးက ဘာဖြစ်ချင်တာလဲ'

'ဒါ မသိချင်ယောင် ဆောင်ပြီး မေးတဲ့ မေးခွန်းလို့ ငါ နားလည်တယ်၊ တိတ်တခိုးက မင်းကို မြင်မြင်ချင်း ချစ်မိသူလို့ ငါပြောရင် မင်း ယုံမလား'

'မင်း ဘယ်လိုလုပ် ပြောနိုင်သလဲ'

'စမ်းစမ်းအေးတို့ ပုပုခတို့ရဲ့ အရိပ်အမြွက် စကား ပြီးတော့ တိတ်တခိုးရဲ့ မျက်လုံး၊ အဲဒါတွေက တစ်ဆင့် သိတာပေါ့၊ မျိုသိပ်နိုင်စွမ်း မပြည့်ပေမယ့် မိန်းကလေးဆိုတဲ့ အသိက သူ့ကို မျိုသိပ်ခိုင်းထား





တယ်၊ သိသိနဲ့ လျစ်လျူရှုထားတယ်လို့ မင်းကို ငါ စွပ်စွဲချင်တယ်ကွာ'

'လျစ်လျူရှုတာ မဟုတ်ဘူး သူငယ်ချင်း၊ သူ ငါ့အပေါ်မှာထားတဲ့ သံယောဇဉ်ဟာ ငါ့အကြောင်းကို အကုန်အစင် မသိသေးလို့ ဒီအတိုင်း ရှိနေတာပါ၊ ငါ ဖြစ်ခဲ့ ပျက်ခဲ့သမျှ သူ သိသွားရင် အဲဒီစိတ်တွေ အဲဒီသံယောဇဉ်မျိုး ထားနိုင်လိမ့်ဦးမယ်လို့ ဘယ်သူ အာမခံမှာလဲ'

'ငါ အာမခံတယ်'

'အတိအလင်းကို အာမခံနေပါလား'

'အာမခံတယ်ဆိုကတည်းက အာမခံ ပေးရမယ့် သူကို အကြွင်းမဲ့ ယုံကြည်လို့ပေါ့၊ တိတ်တခိုးက ဘယ် ယောကျ်ားလေးနဲ့မှ အဆွေအနွေး မရှိခဲ့ဘူး၊ သူတို့ သူငယ်ချင်း အချင်းချင်း ပျော်ပျော်နေတတ်ခဲ့တာ၊ မျိုးရိုး အသိုင်းအဝိုင်း၊ ရုပ်ရည်ကအစ ပြည့်စုံပြီး သား....၊ သူသာ ယောကျ်ားလေးတစ်ယောက် ဖြစ်ရင် အခုလောက်ဆို မင်းကို ရည်းစားစကား ပြောပြီး ရော့မယ်၊ မိန်းကလေးဆိုတော့ ဘူရိယာလိုပဲ၊ တီးခတ်မယ့်သူ မရှိဘဲ သူ့အလိုလို အော့ မြည်မှာ မဟုတ်ဘူး၊ မင်း ကိုယ်ချင်းစာနာ တတ်မှာပါကွာ၊ မဒေါ်လီ အဆောင်ကို ရည်းစားစကား ပြောချင်ရက်နဲ့ ပြောခွင့်



www.burmeseclassic.com

www.burmeseclassic.com



မသာခဲ့တုန်းက မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ
မင်းတာ ယောက်ျားလေးဆိုတော့ နည်းနည်းပါးပါး
သက်သာကောင်း သက်သာလိမ့်မယ်'

'မသက်သာပါဘူးကွာ'

ဟု ရင်ထဲမှ ပြောမိသည်။

နီးနီးကပ်ကပ် မြင်နေရပြီဖြစ်သော တောင်ငူဆောင်၏ ငေးမောစွာ ကြည့်နေပါလျက် မြင်ရသည်ဟု မထင်တော့

'ဘာကြည့်တာလဲ'

ရွှေတိုး မေးလိုက်သော စကားသံကိုလည်း သူ ကြားလိုက်သလား၊ မကြားလိုက်လေသလား ...။

မသိတော့....။





'ဘာကြည့်တာလဲ'

ကျွန်တော် ဘာမျှ ပြန်မပြောမိ။

ကားရှေ့အဖုံးတွင် မှီနေသော မမ နံဘေးဘွင် ကျွန်တော် ဝင်ထိုင်လိုက်၏။

ပန်းခင်းလေးနောက်ခံနှင့် မမ အချမ်းကို လှနေသည်။ မမ၏ ဆံပင်ရှည်ရှည်လေးတွေက—ကားနီနီလေးပေါ်တွင် မဝိုမရှိ တွယ်ငင်နေ၏၊

နံ့သာရောင် လက်ပြတ်အကျီလေးကြောင့် မမ၏ သွယ်ပျောင်းသော နံ့သာလက်သွယ်ကို မြတ်နိုးစဖွယ် တွေ့သည်။

နံ့သာရောင် ထဘီအနား စသည် လေပြည်ထဲတွင် တလှုပ်လှုပ် ရှိသည်။

လေပြည်ထဲတွင် မမနှင့်အတူ လွင့်ပါးချင်၏။

'ဘာကြည့်နေတာလဲ'

သာယာလွန်းသော...နူးညံ့ဂီတ။

ငဲ့ကြည့်သော အလှမျက်နှာတွင် ရွှန်းစိုသော မျက်ဝန်းတစ်စုံ ပါလာ၏၊

တောက်ပလွန်းသော ရတနာတစ်ပါးကို မျက်စိပြင်း ကြည့်သည့်အခါ လင်းခနဲ့ လက်ခနဲ ဖြစ်သွားရသကဲ့သို့ မမ၏



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့သော မျက်ဝန်းအစုံကို ကျွန်တော့် မျက်လုံးတွေက ရင်ဆိုင်နိုင်စွမ်း မရှိချေ။

မျက်လုံးကို စုံမှိတ်လျက် ကျွန်တော်ပြုံးနေမိလိုက်သည်။

'ပြောလေ....ဘာဖြစ်လို့ ကြည့်နေရတာလဲ'

'မမက အရမ်းလှလို့'

မျက်လုံးမဖွင့်ဘဲ ခေါင်းမော့လျက် ကျွန်တော် ပြောသည်။

'လှတာမျှား ဆန်းတာမှတ်လို့'

မျက်လုံးပြန်အဖွင့်တွင် ပြုံးနေသော မမကို မြင်သည်။

'ကိုလင်းနော်....မေမေနဲ့ အတိုင်ခံရမယ်'

'ကျွန်တော် ဘာလုပ်လို့လဲ'

'မင်း မျက်လုံးတွေကို မမ မကြိုက်ဘူး'

မျက်နှာကို တမင်တည်၍ ပြောသည်။

'ဘယ်ကြိုက်ပါ့မလဲ၊ ကျွန်တော့် မျက်လုံးတွေက မမ မျက်လုံးတွေလိုမှ မလှဘဲ'

'လှတာ မလှတာ ပြောတာမဟုတ်ဘူး ကောင်စုတ်လေးရဲ့'





ပြောပြီး ကျွန်တော့်ပခုံးကို လှမ်းရိုက်သည်။ ကျွန်တော် ကိုယ်ကို ရှိ့သည်။ ဒုတိယမြောက်အရိုက်တွင် မမ၏ လက်ချောင်းသွယ်သွယ်လေးတွေကို ဖမ်းဆုပ်မိ၏။ နောက်ထပ်လက်တစ်ဖက်ဖြင့် လှမ်းအရိုက်တွင် မမကိုယ်လေး ယိုင်နဲ့သွားသည်။ ကျွန်တော့် ရင်ခွင်ထဲသို့ရောက်၏။

မမမျက်နှာ ကျွန်တော့်ရင်တွင် အပ်သည်။

မမ၏ ပခုံးနုနုလေးကို ကျွန်တော် ဖက်တွယ်ထားလိုက်မိ၏။

ကျွန်တော့်ရင်တွေ ခုန်နေသည်။

'လွှတ်ကွာ'

'မလွှတ်ဘူး....လွှတ်ရင် မမ ရိုက်လိမ့်မယ်'

'မရိုက်ဘူး'

'မလွှတ်ရဲဘူး'

'အမယ်...မလွှတ်ရဲဘူးဘဲ ရှိရသေးတယ်၊ သနားဖို့ကောင်းလိုက်တာ'

ခဏမျှ ငြိမ်သက်သွား၏။

ယိမ်းနွဲ့မြက်ခင်း....

လူးလွင့်ပန်းခင်း....



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ပျံ့ဖွယ် လေပြည်ညင်းတို့ကို ရှူမြင်ခံစားဖို့ မေ့လျော့သွားခဲ့သည်။

'ကိုလင်း'

မမက ကျွန်တော့်ကို မော့ကြည့်လျက် ခေါ်သည်။

'မေမေက မင်းကို ကျေးဇူးတင်နေတယ်'

'ဘာဖြစ်လို့'

'မမ အပြင်သွားရင် မင်းက မေ့ခမ့်အနားမှာ နေပေးလို့၊ ပြီးတော့ မင်းကိုယ်တိုင် ဆေးတိုက်တဲ့အတွက် မေမေ နေကောင်းသွားတာ၊ အဲဒါကြောင့် မေမေက ကျေးဇူး အရမ်းတင်နေတယ်'

အာရုံကို လွှဲဖယ်လိုက်သော စကားဟု ထင်သည်။

'မမ တိုက်ခိုင်းတဲ့ဆေးကို ကျွန်တော်တိုက်တာပဲ၊ ဒါ သိပ်ပြီး ကြီးမားတဲ့ကိစ္စမှ မဟုတ်တာ'

'ဒါပေမယ့် မင်းကို မမက ကြီးကြီးမားမား ကျေးဇူးတင်ပါတယ်၊ ကိုကိုကလဲ ကျေးဇူးတင်မှာအမှန်ပဲ'

မမကို ကျွန်တော် မြတ်နိုးစွာ ကြည့်နေမိသည်။

'မမ'

တိုးတိတ် တိမ်ဝင်တုန်ယင်သွားသော ခေါ်သံ။



'မမမှာ ရည်းစားရှိလား ဟင်'

'ဘာဖြစ်လို့ မေးတာလဲ'

'ရှိသွားမှာ စိုးလို့'

ချစ်စဖွယ် ပြုံးသည်။

ရင်ခွင်မှ ခွာ၏။

'မမ ရည်းစားထားရင် ကိုကို ရှိုက်လိမ့်မယ်'

'ကျွန်တော်လဲ ရှိုက်မယ်၊ ဒါပေမယ့် ကျွန်တော်က မမကို ရှိုက်မှာမဟုတ်ဘူး၊ မမရည်းစားကို ရှိုက်မှာ'

'ယက္ခဂုမ္ဘာန် ဝိုင်းရံထားတယ် ဆိုပါတော့'

'ယက္ခဂုမ္ဘာန်လို့ မပြောပါနဲ့၊ ကိုယ်ရံတော် တပ်မှူးတွေလို့ ပြောစမ်းပါ မမကလဲ'

'ဟာဟာ....သူ့ကိုယ်သူ ကိုယ်ရံတော်တပ်မှူးတဲ့'

ခေါင်းငုံ့ဟန် မျက်နှာထားကို ကျွန်တော် စာဖွဲ့၍မရ။

ရင်တွင်းစကားကို အသံမဲ့စွာ ပြောပြနိုင်စွမ်း ကျွန်တော့်မှာ ရှိချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မခွဲမခွာ နေလိုသောဆန္ဒကို သံယောဇဉ်ဟု အမည်ပေးချင်၏။ ရင်မှသံယောဇဉ်ကို မြင်သာထင်ရှားသော နှယ်ကြိုးတစ်ပင်အဖြစ် အသွင်ပြောင်းသွားစေချင်သည်။

ဘာပဲဖြစ်ဖြစ် မမအနားမှာ ကျွန်တော် နေချင်သည်။

ဘယ်တော့ဖြစ်ဖြစ် ကျွန်တော့်အနားမှာ မမ အမြဲတမ်း ရှိနေစေချင်သည်။

'စာမေးပွဲ နီးပြီနော်၊ စာတွေ လိုက်နိုင်ရဲ့လား'

'ကျွန်တော် စာမေးပွဲအောင်မှာပါ မမရဲ့'

'အတန်းမှန်မှန်တက်ဖို့ စာမှန်မှန်ကျက်ဖို့ တတွတ်တွတ် ပြောနေတဲ့ကြားက မအောင်ဘူးဆိုရင်လဲ မောင့်အဖြစ်က စွန့်လွှတ်ဖို့ပဲ ရှိတော့တယ်'

'အဲဒီလို စွန့်လွှတ်မှာကြောက်လို့ ကျွန်တော် စာကြိုးစားတာပေါ့'

'တော်တော့်ကို ကြီးမားတဲ့ ရည်ရွယ်ချက်ပဲနော်'

'ကျွန်တော့်ရဲ့ ကြီးကြီးမားမား ရည်ရွယ်ချက်က မမနဲ့ မဝေးဖို့ အဲဒါပါပဲလေ'

မမက ကျွန်တော့်ကို ပြုံးလျက် ကြည့်နေသည်။





'မမ စာရေးဆရာ အောင်လင်းရဲ့ ဇောင့်မမငြိမ်း ဆိုတဲ့ဝတ္ထု ဖတ်ဖူးလားဟင်'

'ဟင့်အင်း....ကြားတောင် မကြားဖူးဘူး'

ဒါ မမ တခင်သက်သက် ညာပြောလိုက်ခြင်း ဖြစ်သည်။ မမ၏ စာအုပ်စင်တွင် ထိုစာအုပ်ကို တွေ့မြင်ခဲ့သည်မှာ ရက်ပိုင်းမျှသာ ရှိသေး၏။

'မမ ညာတယ်'

'ဟောတော့....မသိလို့ မသိဘူး ပြောတာပဲ'

လိမ်ညာသူ၏အပြုံးသည် လိမ်ညာမှုကို မြင်သာစေပါလျက် စိတ်ဆိုးချင်စရာ မရှိ။

'မမ အဲဒီလို ပြုံးနေရင် သိပ်လှတာပဲဗျာ'

အပြုံးမပျက်သော မျက်စောင်းပါးပါးလေးကို လက်ဆောင်ရလိုက်သည်။

မမ
ပြုံးပြတဲ့အခါ
မိုနာလီဇာဟာ
(ကမ္ဘာမှာ) ဒုတိယ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

စားသောက်ဆိုင်တန်းသည် စည်ကားလျက် ရှိ၏။

ဦးချစ်ဆိုင်အတွင်းမှ မျိုးချိမ်က လက်လှမ်းပြသည်။ ရွှေတိုးနှင့်အတူ သူ ဆိုင်ထဲသို့ ဝင်သည်။ အနီးရှိ ခွေးခြေ နှစ်စုံကို ယူသည်။

ရွှေတိုးကို တစ်ခုံလှမ်းပေးပြီး မျိုးချိမ်၏နံဘေးတွင် ထိုင်သည်။ သူနှင့်မင်းနွယ်၏အကြားတွင် ရွှေတိုး ထိုင်သည်။

စားပွဲကို မျက်နှာမူမိသောအခါကျမှ တိတ်တခိုး မှိုင်မှုန်း သူသိ၏။



www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းအေးနှင့် ပူစူးမတို့ကို မေးဖို့ နှုတ်ပြင်သေးသည်။ ချက်ချင်း မမေးဖြစ်။

စာသင်ဆောင်ထဲ ခဏတစ်ဖြုတ် ဝင်နေသည်ဟု တွေးထင်သည်။

ဆရာချစ်စံဝင်း၏ ယသော်ဓရာအလွမ်း စာအုပ်ကို မြန်မာ စာသမားတွေ ဖတ်သင့်ကြောင်း၊ ပျို့ကဗျာအကြောင်း၊ စာရေးဆရာမ မမိုးမြေအကြောင်း၊ စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ) အကြောင်း၊ ကျောက်စာတွေ အကြောင်း၊ စကားဝိုင်းထဲတွင် ပြောနေကြသည်ကို မကြားတစ်ချက် ကြားတစ်ချက်။

နာရီဝက်ခန့်ကြာသည့်အခါ သိလိုစိတ်ကို မအောင့် အည်းနိုင်တော့....

'တိတ်တခိုး ကျောင်းမတက်ဘူးလား'

ထိုသို့ မေးလိုက်မိသည့်အတွက် မည်သူမျှ အထူးတလည် အံ့သြကြမည် မဟုတ်သော်လည်း ရွှေတိုးကတော့ စူးစူးစမ်းစမ်း ကြည့်နေသည်။

ကြည့်နေမှန်းသိသော်လည်း မသိဟန်ပြု၍ နေရ၏။

'မနေ့ညက ငါ့ဆီကို တိတ်တခိုး ဖုန်းဆက်တယ်၊ သူ ဒီနေ့ ကျောင်းမတတ်ဘူးတဲ့'





'ဘာဖြစ်လို့ မတက်တာလဲ နေမကောင်းလို့လား'

ဟု စမ်းစမ်းအေးကို မေးကြည့်ချင်သော်လည်း သူ မမေး။

'ဘာဖြစ်လို့ မတက်တာလဲလို့ ဆက်မေးလေကွာ'

ရွှေတိုး၏ ပြောစကားကြောင့် ရယ်သံတွေ ထွက်ပေါ်ကြ၏။

'ကိစ္စရှိလို့ မတက်တာနေ မှာပေါ့'

မပြည့်စုံသော ထင်မြင်ချက် စကားကို မျက်နှာထားတည် သူပြောသည်။

စမ်းစမ်းအေးက....

'နေမကောင်းလို့ မတက်တာတော့ မဟုတ်ဘူး၊ သွားစရာ လာစရာကိစ္စလဲ ရှိပုံမပေါ်ဘူး၊ ဘာဖြစ်လို့ မတက်တာလဲလို့ မေးတော့ မတက်ချင်လို့ မတက်တာတဲ့'

မျိုးချိမ်က ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း....

'ငါတို့ထဲက တစ်ယောက်ယောက်နဲ့ အဆင်မပြေလို့ မတက်ချင်တာနဲ့ တူတယ်'

ပေါ်ပေါ်တင်တင် မဆိုသော်လည်း ရည်ညွှန်းရာကို မြင်သာနိုင်ရှားစေသည့် အနေအထားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့- ကျူတိုရီရယ် ဖြေရမယ်ဆိုတာ သူ မသိ
လား၊ စာမေးပွဲလဲ နီးနေပြီဥစ္စာ'

သူပြောသော စကားတိုင်းကို ရွှေတိုးက နားဖြင့် သ
ခွဲနေလေ၏။ ငဲ့အကြည့်တွင် ရွှေတိုး၏ မဲ့ပြုံးကို တွေ့သည်၊

'ကျောင်းတောင် ဆက်မတက်ချင်တော့ဘူးလို့ ပြ
တယ်'

ပူစူးမ၏ စကားကြောင့် သူ့ရင်ထဲ တစ်စုံတစ်ရာသေ
စိုးရိမ်စိတ် ဝင်သည်။

'မိသားစုနဲ့ တစ်ခုခုများ ဖြစ်သလား မသိဘူး'

'ဂဃနဏ သိချင်ရင် မင်း ဖုန်းဆက်ပြီး မေးကြ
ပေါ့ကွ'

မင်းနွယ်၏ စကားအဆုံးတွင် မည်သည့်စကားကိုမျှ
မပြောတော့။

ကံ့ကော်ရင်ပြင် တစ်ခုလုံး မိုးရိပ်တွေကြောင့် အုံ့မှိုင်းဉ
ညစ် နေသည်ဟု ထင်မြင်၏။

❊ ❊ ❊





တီတီတခိုး ကျောင်းမတက်သည့် သုံးရက်လုံးလုံး သူ့
စိတ်ထဲတွင် ဘဝင်မကျ။ ဘာကြောင့် ကျောင်းမတက်တာ
လဲဆိုသည်ကို အသိချင်ဆုံး ဖြစ်သည်။

ခင်မင်ခဲ့သည့် တစ်နှစ်ကျော်ကျော် ကာလအတွင်း တီတီ
တခိုး ကျောင်းပျက်သည့်နေ့ မရှိခဲ့သည်ကို သူ မှတ်မှတ်ရရ
ရှိနေသည်။

'ဟဲလို'

'.... .... ....'

'တီတီတခိုးလား ဟင်'

'ဟုတ်တယ်.... လှိုင်လင်း'

အသံကို ချက်ချင်း မှန်းဆနိုင်သည်ကို သူ အံ့သြသည်။

'နင် ဘာလို့ ကျောင်းမတက်တာလဲ၊ စာမေးပွဲတွေ
နီးနေပြီလေ'

'နင် ငါ့ကို ဘာဖြစ်လို့ ဖုန်းဆက်တာလဲ လှိုင်လင်း'

'ငါ ဖုန်းဆက်တာ နင့်အတွက် အနှောင့်အယှက်ဖြစ်
သွားလို့ မေးတာလား'

'အနှောင့်အယှက် မဖြစ်ပါဘူး၊ အံ့သြစရာဖြစ်နေ
တယ်၊ နင်ငါ့ကို ဂရုတစိုက် မေးလိမ့်မယ်လို့ လုံးဝ
မျှော်လင့်မထားဘူး'

www.burmeseclassic.com



'နှင့်.... သူငယ်ချင်း စာရင်းထဲမှာ ငါရှိခဲ့နတယ်.... တိတ်တခိုး'

'ငါ ဝမ်းသာပါတယ်'

'ငါမေးတာ ပြောလေ၊ နှင် ဘာဖြစ်လို့ ကျောင်း မတက်တာလဲ နေမကောင်းလို့လား'

'ဘာမှမဖြစ်ပါဘူး၊ မတက်ချင်လို့ မတက်တာ'

'မတက်ချင်တာ တစ်ခုတည်းကြောင့်တော့ ကျောင်း မပျက်စေချင်ဘူး'

စကားကို ခဏရပ်တန့်သည်။

တစ်ခုခုကို အပြေးအလွှား စဉ်းစားပြီး....

'မနက်ဖြန် နှင် ကျောင်းတက်ပါလား'

'မတက်ချင်သေးပါဘူးဟာ'

'နှင့်မှာ ဘာပြဿနာ ရှိလို့လဲ တိတ်တခိုးရယ်'

တုံ့ပြန်စကား မကြားရ။

'တိတ်တခိုး'

'ပြောလေ...'

'မနက်ဖြန် မနက် ကိုးနာရီထိုးတည်းက စပြီး ကွန်ဘုတ် ရှေ့မှာ နှင့်ကို ငါ ထိုင်စောင့်နေမယ်.... နှင်ရောက်





မလာ မချင်း ငါအဲဒီနေရာက မထဘူး၊ နှင် ခင်ပါ တယ်ဆိုတဲ့ နှင့်သူငယ်ချင်းရဲ့ ဆန္ဒ၊ အရာရောက် မရောက် မနက်ဖြန်က ဆုံးဖြတ်ပါလိမ့်မယ်'

စကားပြောခွက်ကို ညင်သာစွာ လွှတ်ချလိုက်သည်။ နှုတ်ဆက်စကား မဆိုဖြစ်သည်ကို မှားယွင်းသည်ဟု မယူဆ။

* * *

ဗိုလ်ချုပ်ဈေးထဲတွင် အမေ့ အသည်ဆိုင် ရှိသည်၊ အမေ က ဈေးသို့ အငှားကားနှင့် သွားလာနေကျ။ အခါတိုင်း နေ့တွေဆိုလျှင် အမေ့ကို ကားငှားပေးပြီးမှ သူကျောင်း သွားဖို့ ပြင်ဆင်သည်။

သည်နေ့တော့- အမေ့ကို ကားငှားမပေးခင် ကသည်း က ကျောင်းသို့ သွားဖို့ အဆင်သင့် ဖြစ်နေ၏။

'ဒီနေ့ ကျောင်းသွားတာ စောလှချည့်လား....သား'

'ကိစ္စရှိလို့ စောစော သွားရမှာ'

'ထမင်းစားသွားနော်' ဟု အမေမှာသည်။

အမေ့ကို ကားငှားပေးပြီးသော အချိန်သည် နံနက်ရှစ်နာရီခင် မထိုးတတ်သေး။

* * *



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးကို မြင်သောအခါ ကြီးမားသော အလိုဆ...
ထစ်ခု ပြည့်စုံသွားသည် ကဲ့သို့ ကြည်နူးကျေနပ်ရသည်။ သူ...
အရှေ့သို့ ရောက်သော်.... တိတ်တခိုးက ညင်သာစွာပြုံး...
သည်။

ပါးလှပ်သော အပြုံးဟု သူ သတိပြုမိ၏။

တွဲနှင်းသဘင် လှေတားထစ်များ၏ အလယ်လောက်တွ...
သူ ထိုင်သည်။ သူ့နံဘေးတွင် တိတ်တခိုးထိုင်၏။

တိတ်တခိုး၏ မျက်နှာကို သူ အသေအချာ ငုံ့ကြည့်...
သည်။

'နှင်.... ငိုထားသလား တိတ်တခိုး'

စကားမတုံ့ပြန်ဘဲ အဝေးကို ငေးကြည့်နေ၏။

သက်ပြင်း မျှင်းမျှင်းချလျက်....

'နှင့်ကို မခင်ဘူးလို့ ထင်မှာစိုးလို့ ငါလာတာ၊ ခ...
နေရင် ငါ ပြန်ချင်တယ်'

'နှင် ဘာဖြစ်နေတာလဲ၊ ပြဿနာ တစ်ခုခုနဲ့ ကြုံ...
ရင် ငါ ကူညီပါရစေ'

'ကျေးဇူးတင်ပါတယ်ဟာ၊ ငါ ဘာမှမဖြစ်ပါဘူး...'

ရင်တွင်းကို မြေင်သာစေချင်မှန်း သိသည်။ လွယ်အိတ်...
မှ ဗလာစာအုပ် တစ်အုပ်ကို ထုတ်ပြီး တိတ်တခိုးကို ပေ...
သည်။





'ငါ စာတွေ ကူးပေးထားတယ်၊ ဒီနေ့ မတက်ချင်သေးဘူးဆိုရင်လဲ နောက်အပ် စာအုပ်တစ်အုပ်နဲ့ ငါ ကူးပေးထားဦးမယ်၊ နော်....တိတ်တခိုး၊ နှင့်စိတ်ရှင်ရှင်လန်းလန်း ရှိကဲ့ နေ့ကျမှ အတန်းလာတက်ပေါ့၊ စာမေးပွဲက နီးနေလို့ နှင်ရောက်လာအောင် ငါ ခေါ်မိတာပါ။ အဲဒီ့အတွက် ငါ တောင်းပန်ပါတယ်၊ နှင့်ကို အနှောင့်အယှက် ပေးသလို ဖြစ်သွားပြီ'

'ငါ ဒီနေ့ အတန်းတက်တော့မယ် လို့င်လင်း'

'ဟင်....ဘယ်လိုဖြစ်တာလဲ၊ ခုနကပြောတော့ ခဏနေရင် ပြန်မယ်ဆို'

'မပြန်တော့ပါဘူး၊ ငါ ကျောင်းပျက်ရင် နှင် အလုပ်ပိုနေလိမ့်မယ်'

'မပိုပါဘူး တိတ်တခိုးရယ်၊ နှင် နေသာသလိုနေပါ'

'ငါ နေသာသွားပါပြီ၊ ငါ.... စိတ်ချမ်းသာသွားပြီ၊ နှင် ငါ့ကို ဂရုတစိုက်ရှိတာကို သိရတော့- စိတ်ညစ်-သမျှတွေ ဟစ်ပက်တိတိ လျော့သွားပြီ'

ပြုံးရှင်ကြည်လင်စွာ ပြောသည်။ အကြွင်းမဲ့ ကြည်လင်မှုမျိုး မဟုတ်သေးသည်ကိုတော့ အလိုလို သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပြဿနာက သို့ပ်ကြီးကြီးမားမား မဟုတ်ပါဘူး၊ ငါ့အစ်ကိုနဲ့ စကားများကြတာ၊ ငါကစိတ်ကောက်ပြီး ကျောင်းမသက်ဘဲနေတာ၊ ဒီနေ့မှ ကျောင်းတက်မယ် ဆိုတော့ ဝမ်းသာအားရနဲ့ ဒယ်ဒီကိုယ်တိုင် လိုက်ပို့တယ်'

ထိုခုမှ သူ သက်ပြင်းချနိုင်သည်။

'မောင်နှမချင်း စကားများတာနဲ့များ၊ အဘန်းပျက် ကျောင်းပျက် ငိုထားလိုက်တာလဲ၊ မျက်လုံးတွေကို မို့နေတာပဲ'

'ငါ့မျက်လုံးတွေ အရမ်းမို့နေလို့လား'

'အင်းပေါ့'

'ရွှေတိုးတို့မြင်ရင် ငါ့ကို နောက်ကြပြောင်ကြဦးမှာလား မသိဘူး'

'နောက်မှာ မဟုတ်ပါဘူး၊ ငါရော သူတို့တွေရော နင် တစ်ခုခုဖြစ်မှာပဲ စိုးရိမ်နေကြတာ'

'အားနာစရာ ကောင်းလိုက်တာဟယ်.... ငါ့ကြောင့် အားလုံး စိတ်အနှောင့်အယှက် ဖြစ်ကုန်ပြီ ထင်ပါရဲ့'





အရာရာသည် ပုံမှန်အတိုင်း ဖြစ်လာပြီဟု သူတွေး၏။ စကား အပြောအဆို လေယူလေသိမ်း မျက်နှာအမူအရာသည် မြင်စကနှင့် မတူတော့။

သာသာယာယာရှိသော ရာသီ မျှတရာဒေသအတွင်း၊ အတူတကွ လျှောက်လှမ်းရသကဲ့သို့ ခံစား ပျော်ပိုက်မိသည်။

အသည်းနှလုံး၏ တစ်စိတ်တစ်ဒေသကို ပြန်လည်ဆန်းစစ်သင့်ပြီဟု ထင်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

'စာမေးပွဲ နောက်ဆုံးနေ့ကျရင် ငါတို့အုပ်စု ဘယ်သွားရင် ကောင်းမလဲ'

ပူစူးမက စကားစ,သည်။

'လှော်တားဥယျာဉ် သွားရင် ကောင်းမယ်'

စမ်းစမ်းအေးက ပြောသည်။

'မြို့သူ့ ဥယျာဉ်ထဲမှာ အတွဲ သွားချောင်းတာ ပိုကောင်းတယ်'

စမ်းစမ်းအေးက မျိုးချိမ်ကို စာအုပ်ဖြင့် လှမ်းရိုက်သည်။

'မြို့သူ့ဥယျာဉ်ထဲတော့ မလာပါနဲ့ မျိုးချိမ်ရာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'အဲဒီနေ့ကျရင် ပြည်သူ့ဥယျာဉ်ထဲမှာ ဝါ ရှိနေမှ
နိုင်ကို့စကားကြောင့် မျိုးချိမ် မျက်ခုံးတွန့်သည်။

'မင်းက ဘာသွားလုပ်မှာလဲ'

'နားနဲ့မနာ ဖဝါးနဲ့ နာပါကွာ၊ အဲဒီနေ့ကျ
ပြည်သူ့ဥယျာဉ်ထဲမှာ မင်း ညီမနဲ့ ငါ ချိန်းထ
လို့၊ မင်းတို့လာတာနဲ့ တိုးရင် မျက်နှာပူစရာ
ဖြစ်ကုန်လိမ့်မယ်'

'သေချင်းဆိုး'

မျိုးချိမ်ကို ကြည့်ရင်း အားလုံး ဝိုင်းရယ်ကြသည်။

'မှတ်ပြီလား'

စမ်းစမ်းအေးက မျိုးချိမ်ကို မေးသည်။

မျိုးချိမ်က မျက်နှာတည်ဖြင့်....

'မမှတ်သေးဘူး၊ ညီမတွေ အများကြီး ကျန်သေး
တယ်'

'အရှုတ်ကို မရှိဘူး'

ဟု ပူစူးမက ဝင်ပြောသည်။





'နင်ရော အရှက်ရှိလို့လား'

'ရှိတာပေါ့ဟဲ့၊ မိန်းကလေးပဲ'

'ဒါဆိုရင် ပြ၊ နင့်အရှက်က ဘယ်နေရာမှာလဲ'

'သေနာ..သေခြင်းဆိုး....မြွေခြောက်ကိုက်'

မျိုးချိမ် ဦးခေါင်း ဂေါက်ခနဲ မြည်သွားသည်။

'နင်ရော ဘယ်သွားချင်လဲ တိတ်တခိုး'

'ဘယ်မှ မသွားချင်ဘူး'

သူ ဘာဆက်ပြောရမှန်း မသိ။

စမ်းစမ်းအေးက....

'မသွားချင်ဘူးတော့ မလုပ်နဲ့ဟာ၊ မနှစ်ကလဲ
ဘယ်မှ မသွားဖြစ်ဘူး၊ မြို့ပတ်ရထား တစ်ပတ်စီး
တာနဲ့ တစ်နေကုန် သွားရတာ'

အမှတ်ရဟန်ဖြင့် တိတ်တခိုး ပြုံးသည်။

စမ်းစမ်းအေးက စဉ်းစားဟန် ပြုပြီး....

'ပဲခူး သွားမယ်၊ ပဲခူးဈေးနားမှာ ငါ့အဒေါ်
ရှိတယ်'

'အပြန် မိုးချုပ်နေမှာပေါ့'

ဟု ပူစူးမက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက နှုတ်ဆိတ်စဉ်းစားနေကြစဉ် တိတ်တခိုးက…

'ပဲခူးသွားမယ်ဆိုရင် ငါ လိုက်မယ်'

အံ့ဩသော မျက်လုံးများစွာကို မြင်သည်။

'ခုနကပြောတော့ ဘယ်မှ မသွားချင်ဘူးဆို'

သူ မအောင့်နိုင်ဘဲ မေးမိလိုက်သည်။

'နီးနီးနားနား မသွားချင်ဘူးလို့ ပြောတာပ… ပဲခူးသွားမယ် ဆိုရင် ငါ့အိမ်က ကားနဲ့ သွားမယ်…'

'ကဲ…အနူးညွှံဆုံး ခြေဖဝါးလေးက တာဝေး ပြေ… မယ်ဆိုတော့ ငါတို့ အားလုံးကလဲ အစီအစဉ်… အတည်ပြုလိုက်ကြရုံပေါ့'

ဟု နိုင်ကို ပြောသည်။

တိတ်တခိုးကို နားမလည်စွာ သူ ကြည့်၏။

စိတ်ထွေ ပုံမှန်မှ ဟုတ်သေးရဲ့လားဟု မေးပစ်လိုက်… သည်။





'စာမေးပွဲ နောက်ဆုံးနေ့ကျရင် မင်း ဘယ်မှ မသွား ရဘူးနော်…ကိုလင်း'

'အာ…မမကလဲ…သူငယ်ချင်းတွေနဲ့ အင်းလျားမှာ ရေသွားကူးမလို့'

'ရေသွားကူးရအောင် မင်းက သေချင်လို့လား'

'မမ စကားကလဲ မဦးမချွတ်၊ လွဲပါစေ…ဖယ်ပါ စေ'

'ကိုလင်း….'

အသံမာမာဖြင့် မမ ခေါ်သည်။

အန်တီနယ်လီက ဘာသာရေးစာအုပ်တစ်အုပ်ကို ဖတ်ရင်း စာအုပ်ကို ကျော်၍ ကျွန်တော်နှင့် မမကို လှမ်းကြည့် နေ၏။

'စာမေးပွဲ နောက်ဆုံးနေ့ကျရင် အိမ်မှာ မင်း စား ချင်တာ ချက်ကျွေးမယ်၊ မင်း ဘယ်မှမသွားနဲ့၊ ဟိုသွားဒီသွား အသံကြားရင် မမတို့သားအမိနဲ့ မင်း သေခန်းပြတ်ပဲ'

'သေစကားတွေ ပြောလှချည်လား မမရဲ့၊ ကျွန်တော် သေသွားမှ မမ ငိုနေရမှာ့ယ်'

'မငိုဘူး၊ ငါ့စကားကို နားမထောင်ရင် ဘယ်သူ့ အတွက်မှ ငါ မငိုဘူး'



www.burmeseclassic.com

www.burmeseclassic.com



မမ အသံ တုန်ယင်နေသည်။ မျက်ရည် ဝေ့ဝဲ့ တွေ့ရ၏။ ဒေါသကြီးမှုန်း အခုမှ သိသည်။

'မမကလဲ ကျွန်တော်က နောက်တာပါ၊ ကျွန်တော် ဘယ်မှ မသွားဘူး၊ စာမေးပွဲ ဖြေပြီးပြီးချင်း ဒီကို လာ ခဲ့မယ်၊ အဲဒီနေ့ကျရင် အုန်းနို့ခေါက်ဆွဲ ချက်ကျွေး ကျွန်တော်က အုန်းနို့ခေါက်ဆွဲ သိပ်ကြိုက်တာ စိတ်မဆိုးနဲ့တော့နော်'

မမ ပါးလေးကို ကျွန်တော် ဖွဲ့၍ ပြော၏။

မမက ကျွန်တော့်ဘယ်ဘက် ပါးပေါ်ရှိ အမှတ်တော ရှိရာ နေရာကို ခပ်ဖွဖွ ဆွဲဖဲ့သည်။

ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ပြီး အန်တီနယ်လီ ပြုံးလျက် ရှိ၏။

'သားရေ...မင်းအစ်ကိုကြီးဆီက စာလာတယ်'

အန်တီနယ်လီအောင် ထိုင်ရာမှ ထသည်။ ရုပ်မြင်သံကြား စက်ပေါ်မှ စာအိတ်တစ်အိတ်ကို ယူပေးသည်။

'သားကရော အစ်ကိုကြီးဆီ စာရေးရဲ့လား'

'ရေးပါတယ် အန်တီ၊ ကျွန်တော် စာပြန်ရေးတာ လေးစောင် ရှိသွားပြီ၊ ဒီတစ်စောင်ကို ပြန်ရေးရင် ငါးစောင်မြောက်'





စာအိတ်ကိုဖွင့်ရင်း ပြောသည်။

ကျွန်တော် စာဖတ်နေစဉ် မမက 'ရှိုးကေ့စ်' မှန်ချပ်တွန်းဖွင့်နေ၏။

...ခမမေ့ ကျွန်းမာရေး ဒေါင်ဒေါင်မြည်သွားတာ မင်းရဲ့ အကူအညီတွေ အများကြီး ပါတယ်လို့ ညီမလေးက ပြောတယ်။

ညီလေးကို ကိုယ် အရမ်း ကျေးဇူးတင်နေတယ်၊ ညီလေးနဲ့ ကိုယ်နဲ့ လူချင်းတွေ့မှ စကားတွေ တစ်ဝကြီး ပြောကြတာပေါ့။

ညီလေး ပို့လိုက်တဲ့ ဓာတ်ပုံတွေ ကိုယ် ရတယ်၊ ညီလေးက တကယ့် ဇာတ်လိုက်မင်းသားပဲ၊ မြန်မာ့ မင်းသားတော့ မဟုတ်ဘူး၊ နိုင်ငံခြား မင်းသား။ တက္ကသိုလ် ကျောင်းသားကြီးဆိုပြီး ရည်းစားတွေ ဘာတွေ မထားနဲ့ဦး၊ ကိုယ် ပြန်ရောက်တဲ့ အခါ ကျမှ ချောချောလှလှတစ်ယောက် ကိုယ်ကိုယ်တိုင် ရွေးပေးမယ်၊ နော်...ညီလေး။

ညီလေးဓာတ်ပုံကို ကြည့်ပြီး ကိုယ်လဲ အားကျမခံ ဓာတ်ပုံတွေ ထည့်ပေးလိုက်တယ်၊ ကိုယ့်ရုပ်ကတော့ ညီလေးလောက် ချောမှာမဟုတ်ဘူး၊ တို့ညီအစ်ကို နှစ်ယောက် ဓာတ်ပုံ တွဲရိုက်ထားချင်တယ်ကွာ။

ခင်မင်လျက်....
ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



မမက အနားတွင် လာထိုင်သည်။

စက္ကူအူးငယ် တစ်ခုကို လှမ်းပေးရင်း....

'ရှော့ မင်းအတွက် ကိုကိုပေးလိုက်တာ၊ တော့ပင်

စာအိတ်ထဲမှ ဓာတ်ပုံတွေ ထုတ်ကြည့်ရင်း ကျွန်တေ
လှမ်းယူသည်။

'ကျွန်တော် ကိုအောင့်ဆီကို လက်ဆောင်တစ်ခု
ချင်တယ်'

အန်တီနှယ်လီက လက်ကာလျက်....

'အမယ်လေး၊ မပို့ပါနဲ့သားရယ်၊ မင်းအစ်ကိုကြီး
တစ်မျိုး ထင်သွားပါ့မယ် သူပေးတဲ့ လက်ဆေ
တွေအတွက် တန်ပြန်ဘယ်လို့ ထင်ပြီး စိတ်မကော
ဖြစ်နေပါလိမ့်မယ်၊ သားရဲ့ဓာတ်ပုံတွေ ပို့လိုက်
ကိုပဲ သားကြီးက ကျေးဇူးတင်နေတာ'

မမက ကျွန်တော့်ကို မျက်စောင်းထိုးသည်။

ကျွန်တော်က နှာခေါင်း ရှုံ့ပြလိုက်သည်။

'သူကပဲ လက်ဆောင်ပြန်ပေးချင်တယ် တဲ့၊ ကြီး
ကျယ်ကျယ်'

နှုတ်ခမ်းလှလှလေး၏ အလှုပ်အရှားကိုသာ ကျွန်
ငေးကြည့်နေမိတော့သည်။



(၁၃)

မြန်မာစာဌာန ရှေ့နားရှိ ကောဖြူပင်တွေ အောက်တွင် ကျောင်းသူသုံးယောက် ထိုင်နေကြသည်ကို ကျောင်းသားများ နားနေဆောင် အတွင်းမှ မြင်နေရ၏။

အပေါ်ထပ်တွင်ရှိသော စာကြည့်တိုက်သို့ တက်သည့် လှေကားထစ် အနီး၌ ကျောင်းသားတစ်အုပ်စု ရယ်မောနေကြသည်။

နားနေဆောင်ထဲမှ ထွက်လာသော မျိုးချိမ်က...



www.burmeseclassic.com

www.burmeseclassic.com



'လူချင်း တရင်းတနှီး ရှိနေတာပဲကွာ၊ စာတစ်တန် ပေတစ်ဖွဲ့ လုပ်နေလို့ ကောင်းပါ့မလား'

'ငါ ပြောမထွက်ဘူးကွ၊ တကယ့်မောင်နှမ အရင်းလို ဖြစ်နေတာကိုက ငါနှလုံးသားအတွက် အခြေအနေ ဆိုးနေတာပဲ'

မြောင်းငယ်တစ်ခု၏ အနီးရှိ သစ်ပင်ရိပ်တွင် ထိုင်နေကြ သည်။

ထိုင်ရာနေရာ၏ မျက်နှာမူသည့် ဘက်တွင် ကျောင်းအုပ် ကြီး၏အိမ်၊ ဝန်ထမ်းတွေ၏ အိမ်တန်းကို တွေ့သည်။ ကျောင် ဝင်း၏ အနောက်ဘက် တံခါးကို ပိတ်လျက် တွေ့ရ၏။

မိုးကာလ ဖြစ်သော်လည်း မိုးရွာချိန်မှအပ နေရော ခြည်က ပြင်းစွာကျသည်။

'အိုက်လိုက်တာ'

နိုင်ကို အင်္ကျီအတွင်း လေမှုတ်ရင်း ပြောသည်။

မျိုးချိမ်က ပုဆိုးကိုဖြေလျှော့လျက် တဖျပ်ဖျပ်ခပ်ပြီး...

'မအိုက်ဘဲ နေမလား၊ တစ်ကိုယ်လုံးကို ဒီခလာ ထုပ်စည်းထားမှတော့ အပူငုပ်ပြီး သေဖို့ပဲရှိတော့တယ်'

နိုင်ကိုနှင့် မင်းနွယ်တို့၏ အဝတ်စားကို ကြည့်၍ ပြော ခြင်းဖြစ်သည်။





ကျွန်တော်တို့ အုပ်စုထဲတွင် သူတို့နှစ်ယောက်က တစ်ပုံ ရွှေတိုးက တစ်ပုံစံ၊ မျိုးချိမ်က တစ်ပုံစံ။

ကျွန်တော်က တစ်ပုံစံ။

နိုင်ကိုနှင့် မင်းနွယ်တို့က မထိုခရှည်ဆံပင်ကို သပ်သပ် ပြီးသင်သည်။ ခေါင်းလိမ်းဆီ အနံ့က အစဉ်သင်း ရှိ၏။

နှစ်ယောက်စလုံး စကားက ခပ်နည်းနည်း၊ နောက်ပြောင် သည်း အဘည်နှင့် နောက်သည်။

အဝတ်အစား ဝတ်လျှင်လည်း သပ်သပ်ရပ်ရပ်ရှိလှ၏။ သပ်ရပ်ရပ်ဆိုသည်က ကျွန်တော်ဝတ်ပုံနှင့် မတူခြင်းကို သည်။

ကျွန်တော်က အင်္ကျီကို ဘယ်တုန်းကမှ အထဲသို့ ထည့် ၊ ကြယ်သီးကိုလည်း စုံစုံစေ့စေ့ တပ်လေ့မရှိ။ရင် တပြဲ။

လည်ပင်းတွင် ချိတ်ဆွဲထားသော ဆွဲကြိုးဒီဇိုင်းမျိုးစုံကို တော် သဘောကျသည်။

နိုင်ကိုနှင့် မင်းနွယ်က အင်္ကျီဝတ်လျှင် ရှပ်အင်္ကျီမှဲ့ဝတ် ကြယ်သီးကို အစုံအစေ့ တပ်သည်။ လည်ပင်းကြယ် တပ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

## စ၄ဂ မောင်လှမျိုး[ချင်း၊ချောင်း၊ခြံ]

ဘောင်းဘီလှတ်ဘာ ဖိနစ်စီးတာက အစ သေသေသပ်
ဝဲဘက်တွင် နာရီတစ်လုံး ပတ်ထားသည်မှလွဲ၍ တခြား
အလိုမရှိ။

ရွှေတိုးကတော့ ကျွန်တော်နှင့် နေပုံထိုင်ပုံ ဝတ်ပုံစ
ဆင်ဆင်တူစောလှည်း ကျွန်တော်ကဲ့သို့ ဆံပင်မ
ဒါပေမယ့် ဖြီးလိမ်းခြင်း အလေ့အထ မရှိ။

ကျွန်တော် အင်္ကျီဝတ်လျှင် တံတောင်ဆစ် အထက်
အထိ လက်ခေါက်ဝတ်သည်၊ ရွှေတိုးက ကျွန်တော်ခေ
သည်ထက် အထက်သို့ ပိုရောက်၏။ အင်္ကျီကိုရင်ဘက်
ထားသည်။

ဒါပေမယ့် ဘောင်းဘီထဲသို့ ထည့်ဝတ်၏။ သည်ပင်
လည်း ကျွန်တော်ကဲ့သို့ လှလှပပ ရှုပ်ရှုပ်ထွေးထွေးတွေ

ဝဲဘက်လက်တွင် စေတီးလက်ကောက် တစ်ခုတော့
ထားသည်။

မျိုးချိမ်ကတော့ အားလုံးနှင့် တူ…မတူ။

ကျွန်တော်တို့ထက် အရပ်နိမ့်သည်။ ဘောင်းဘီဝတ်
လည်း ခြေသလုံး ကြွက်သားနားအထိ ခေါက်ဝတ်
လုံချည်ကိုလဲ ခိုင်ခိုင်မြဲမြဲ ဝတ်ဆင်ထားသည်ဟု မရှိ။



ခါးပုံစကို ဖိုသီဖက်သီ ဆွဲထုတ်ထားလေ့ ရှိသည်။ ရှင်ပသပ်
င်းနားအထိ တိုးတက်သည့်အခါ ဝတ်သည်။ တိုက်ချင်တာ
ကိုပင် ကြွယ်သီးအစုံတပ်၍ ဝတ်သည့်အခါ ဝတ်းလျားမှာ

'ကဲကွာ… အိုက်တာတွေ ချမ်းတာတွေ လုပ်မနေနဲ့
မမကိစ္စကို ဆက်ပြီး ဆွေးနွေးကြစမ်းပါ'

'စာမေးပွဲ နီးပြီလေ'

မှ မင်းနွယ် ဝင်ပြော၏။

ကျွန်တော် ခေါင်းကုတ်လိုက်ရသည်။

'ကဲ…ဒါ ဆွေးနွေးမယ်'

တို့ပြောမည့် စကားကို ကျွန်တော် နားစွင့်ထား၏။

'ရည်းစားစကားကို စာတစ်တန်ပေတစ်ဖွဲ ရေးပြီး
ပြောပါ၊ ဒါမှမဟုတ် ပါးစပ်ကပဲ ပြောပါ ဆိုတာမျိုး
ဆွေးနွေးမှာ မဟုတ်ဘူး၊ ငါပြောမှာက မင်းအတွက်
ဦးစားစရာ ကိစ္စ၊ မင်းရဲ့ အသက်အရွယ်က ရည်းစား
နဲ့ ပျော်ပျော်ရွှင်ရွှင် စိတ်ကူးယဉ်နိုင်တဲ့ အရွယ်၊
မဒါလီအောင်ရဲ့ အရွယ်က ရည်းစား ရှာရမှာတော့မယ့်
အရွယ် မဟုတ်တော့ဘူး၊ ဘဝအတွက် အဖော်
ကောင်းကို ရွေးချယ်ရမည့် အရွယ်၊ အဲဒီတော့ကွာ
ကျောက်ရိုက်ချိန် ရောက်မှ မင်းက ပျိုးကြဲဖို့ စီစဉ်နေ

www.burmeseclassic.com



ဝဲဘ(
အ(

သလို ဖြစ်နေတယ်၊ အဲဒါကို မဗိုး စဉ်းစား
တယ်'

'အလက်အရွယ် ကွာတာကို ပြောတာလား'

ရွှေတိုးက ခေါင်းယမ်းသည်၊

'အဲဒါအဓိက မဟုတ်ဘူး၊ အဓိက ပြောချင်တာ
ဘာလဲဆိုတော့ မင်းက အခုမှ ပထမနှစ်၊ ဘွဲ့
တာ တော်တော် လိုသေးတယ်၊ မဒါလီအေ
မင်းကို ချစ်ပါတယ်ကြိုက်ပါတယ် ဆိုရင်ေ
မင်းဘက်မှာ ဘာမှ အဆင်သင့် မဖြစ်သေး
ဇါပြောနေတာ'

'မမကို ငါ ခဏစောင့်ခိုင်းထားမှာပေါ့'

'မဟုတ်သေးဘူး လှိုင်လင်း၊ မင်း ရင်ဆိုင်ရမ
တွေ ကျန်သေးတယ်လေ၊ သူ့အစ်ကိုနဲ့ သူ့အ
မင်း ဘယ်လို မျက်နှာပြမလဲ'

မွန်းမွန်းကြုပ်ကြုပ် ခံစားရသည်။ အနီးရှိ မြောင်
လေး အတွင်းသို့ လူတစ်ကိုယ်လုံး ပြုတ်ကျသွားသ
ခံစားမိ၏။

မျိုးချိမ်က လုံချည်ကို ပြင်ဝတ်ပြီး....





'ကဲပါကွာ... အဲဒီ့ကိစ္စကို စာမေးပွဲပြီးမှ သပ်သပ်
အစည်းအဝေးထိုင်မယ်၊ အခု ငါ ဆွေးနွေးချင်တာ
က စာမေးပွဲ နောက်ဆုံးနေ့ကျရင် အင်းလျားမှာ
ရေသွားကူးဖို့ ကိစ္စပဲ'

'အဲဒီနေ့ကျရင် ဂစ်တာပါ ယူခဲ့'

ဟု နိုင်ကို ပြောသည်။

'ငါတော့ မလိုက်ချင်ဘူး'

'ဘာဖြစ်လို့လဲ'

ရွှေတိုးမေးသည်မဟုတ်ဘဲ တခြားလူမေးလျှင် ကျွန်တော်
ညာပြောမိပေမည်။ ရွှေတိုးကိုယ်တိုင် မေးသည့်အတွက် လိမ်
ညာဖို့ ခက်သည်။

'မမက ငါ့ကို ဘယ်မှမသွားရဘူး...တဲ့'

'အလို...သနားစရာကောင်းလိုက်တဲ့ လေသံလေးပဲ'

မျိုးချိမ်က စုတ်သပ်လျက် ပြောသည်။

'စာမေးပွဲပြီးပြီးချင်း သူ့အိမ်ကို လာဖို့ မှာထား
တယ်၊ ငါ့ကို အုန်းနို့ခေါက်ဆွဲ ကျွေးမယ်တဲ့'

'အုန်းနို့နဲ့ ဝမ်းချုခတာမယ် ထင်ပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



မျိုးချိမ်၏ အရှိန်းစကားကြောင့် အားလုံးရယ်ကြသည်။ မျက်လုံးထောင့်သို့ ပြုံးကျလာသော ဆံပင်တို့ကို လက်ဖြင့် သပ်တင်လိုက်ရင်း တောင်းကင်ကို မော့ကြည့်မိသည်။

ညိုညစ် မိုးတိမ်တွေ၏ နောက်တွင် ပြာလဲ့လဲ့ ကောင်းကင်ကို မြင်သည်။

ကောင်းကင်ပြာတွင် မမ၏ ဆံနွယ်လေးတွေ လွင့်မြူးနေ၏။

✣ ✣ ✣

'အမိုက်အမဲလေးကို ခင်တွယ်ခဲ့တဲ့...မောင့်ရဲ့ မမချစ်'

မမက ကျွန်တော့်ကို အိမ်ဝင်းအတွင်းသို့ တွန်းပို့သည်။ ဝင်းတံခါးကို အလျှင်အမြန် ပိတ်သည်။ ကျွန်တော့်လက်ကို ဆွဲပြီး အိမ်တံခါးကို ဖွင့်၏။

'အိမ်ထဲကို ဝင်စမ်းပါ၊ ပြောနေဘယ်လေ....ဝင်....အခု ဝင်'

အိမ်တံခါးကို ဆွဲပိတ်လိုက်၏။

'ထိုင်'





ဆက်တီပေါ်တွင် ကျွန်တော် ထိုင်လိုက်သည်။

မမက ကျွန်တော့်နံဘေးတွင် ထိုင်၏။

'သူ့ဖွားသာ သီချင်းဆိုတာ မင်းနဲ့ ဘာဆိုင်လဲ'

မမကို စူးရဲစွာ ကြည့်ပစ်လိုက်၏။

'မမချစ်....မမချစ်....'

သီချင်းသံက နားထဲတွင် ကိုးလိုးကန့်လန့် ဖြစ်နေ၏။

'မမကို စောင်းဆိုနေတာ မမ မသိဘူးလား'

'သူတို့ဖွားသာ စောင်းဆိုဆို၊ ကန့်လန့်ပဲ ဆိုဆို၊ အသားပဲ ပါသွားတာမှ မဟုတ်တာ၊ မင်းက ဘာဖြစ်လို့ ကလေကချေ အလုပ်ကို လုပ်ချင်ရတာလဲ'

'ကလေကချေ အလုပ်ဆိုတာ ဘာလဲ မမ'

'ရန်ဖြစ်တာ၊ ကလေကချေ အလုပ်ပေါ့'

'မမ ပြောရက်တယ်'

ကျွန်တော့်စကား ငိုသံ ပါသွားသည်။

'ကျွန်တော် ရန်ဖြစ်ပါ မဟုတ်ဘူး၊ ရန်မဖြစ်ချင်ဘူး၊ မမကို ကာကွယ်ချင်တယ်။ မမ အနားမှာ ကျွန်တော် ရှိနေရက်နဲ့ မမကို ဘယ်သူမှ ထိကပါး၊



www.burmeseclassic.com

www.burmeseclassic.com



ရိုကပါ။ မလုပ်စေရဘူး၊ မမကို မျက်လုံးနဲ့ ငေ့ကြ
တာတောင် ကျွန်တော် မကြိုက်ဘူး မမ၊ အခုဟာ
အိမ်ရှေ့ တည့်တည့်မှာ သီချင်း လာဆိုနေတ
မမကို စောင်းပြီး ဆိုနေတာ၊ ကျွန်တော် လက်မှို
ကြည့်နေ ရမှာ လား၊ မမ နားဝင် ချိုပေ
ကျွန်တော် နားဝင် မချိုနိုင်ဘူး'

'တိုးတိုးပြောစမ်းပါ၊ မေမေ အပေါ်ထပ်မှာ ရှိ
တယ်၊ မင်းကို ရန်ဖြစ်မှာစိုးလို့ မမ ပြောနေတာ

'ကျွန်တော် ရန်မဖြစ်ချင်ပါဘူးလို့ ပြောပြီးပြီ
ကျွန်တော် မမကို ကာကွယ်တာ၊ ကာကွယ်ပိုင်
ကျွန်တော့်မှာ မရှိဘူးလား မမ'

မမ၏ လက်နုနုလေးကို ကိုင်ပြီး ကျွန်တော် မေးလို
သည်။

မမ ခေါင်းငုံ့ထားသည်။

'မမ စိတ်ဆိုးရင်လဲ ဆိုးတော့၊ ကျွန်တော့်
မိသားစု စာချင်းထဲက ထုတ်ရင်လဲ ထုတ်ပစ်လို
တော့၊ ကျွန်တော် မမကို ချစ်တယ်'

မမ ခေါင်းငုံ့ထားဆဲ ရှိသည်။

'မမ ကျွန်တော့်ကို ပြန်ချစ်ပါ၊ ခင်မင်မှု အ
ကောင်း ယူတယ်လို့တော့ မထင်နဲ့၊ မြင်ပါ့ တွေ





များလို့ မမကို ကျွန်တော် ချစ်တာ မဟုတ်ဘူး၊
မမကို ကျွန်တော် မြင်မြင်ချင်း ချစ်တာ၊ ဒါကို မမ
သိမှာပါ၊ စာမေးပွဲ နောက်ဆုံးနေ့ကျရင် မမဆီက
အဖြေစကား ကြားချင်တယ်၊ စော်ကားတယ် ထင်လို့
မပတ်သက်ချင်တော့ဘူး ဆိုရင်လဲ မလာနဲ့တော့လို့
ဖုန်းဆက်ပြီး တားလိုက်ပါ၊ ကျွန်တော် သွားမယ်
မမ'

မမ လက်ကလေးကို ညင်သာစွာ လွှတ်လိုက်သည်။
ကျွန်တော် ထိုင်ရာမှ ထ သည်။
မော်ကြည့်လေမလားဟု မျှော်လင့်ပြီး မမကို ငုံ့ကြည့်
သည်။
မမ တုတ်တုတ်မျှ မလှုပ်။ အလှမျက်နှာကို ကောသာနှယ်
ဖြင့် တာကွယ်ထားသည်။
မြတ်နိုးစွာကြည့်ပြီး လှမ်းထွက်ဖို့ ခြေလှမ်းပြင်၏။
'နေဦး'
ခြေလှမ်း ရပ်တန့်သွားစေသည်။
ညင်သာစွာသော အမိန့်စကား။
'မေမေက ထမင်းစားဖို့ မင်းကို စောင့်နေတာ၊ ပြန်
မယ်ဆိုရင်လဲ ညနေကျမှ ပြန်၊ တို့ကားနဲ့ လိုက်ပို့
ပေးမယ်'
ပြန်ထိုင်ဖို့ ခက်သွားရပြီကို မမ မသိ။
မမကို ကျွန်တော် ရဲတင်းစွာ မကြည့်ဝံ့တော့။



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ထိုခနေ့က မမ ကျွန်တော့်ကို ထားဖြင့် အိမ်အထိ လိုက်ပို့သည်။

အိမ်နေရှ့သို့ အရောက်တွင် ကျွန်တော် ကားပေါ်မှ ဆင်းသည့်အထိ မမ ကျွန်တော့်ကို စကားတစ်ခွန်းမျှ မပြောခဲ့ပါ။ အကြောင်းမရှိ အကြောင်းရှာပြီး ကျွန်တော်ကလည်း ဘာမျှ မပြောခဲ့မိ။

မမ မျက်နှာကို တစ်ကြိမ်တစ်ခါ ကြည့်ဖို့ပင် ဝန်လေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုယ်ကို အံ့ဩစရာကောင်းမှန်း အိပ်မပျော်သော အခါကျမှ သိသည်။ မနက်ဖြန် နောက်ဆုံးဘာသာ ဖြေရတော့မည်ကို မမ သိပေလိမ့်မည်။

မမဆီကို ဖုန်းဆက်ဖို့၊ မမအိမ်ကို သွားဖို့ ပြင်းပြခဲ့သော စိတ်ဆန္ဒကို ရင်မဆိုင်ရဲသော အခြေအနေက ဟန့်တားလျက် ရှိချေသည်။

မမလာလည်း နေနိုင်လွန်းသည်။

စာမေးပွဲ ဖြေနိုင်ရဲ့လားဟုပင် ဖုန်းဆက်ပြီး မေးဖော် မရ။ စာကျက်ရင်း တမ်းတနေမိသည်ကို မမ အနေဖြင့် စာနာသိဖြင့် သိလျှင် ကောင်းလိမ့်မည်။

ဒါမှမဟုတ် မျိုသိပ်ထားသော စကားတစ်ခွန်းကို မမျှော်လင့်သော အချိန်တွင် ထွက်ပေါ် ခွန်းခြေမိခြင်းအား မမ နားလည်ခွင့်လွှတ်တတ်လျှင် ကောင်းလိမ့်မည်။

အခုတော့....

နောင်တရခြင်း ပိုက်ကွန်ထဲမှာ ကျွန်တော် တစ်ယောက်တည်း။

စာမေးပွဲ ဖြေဆိုနေရသည်မို့ သူငယ်ချင်းတွေကိုလည်း ဘာကိုမျှ ပြောမပြ၊ ရင်မဖွင့်မိသေး။





တွေးလိုက်၊ ငေးလိုက်၊ စာကျက်လိုက်ဖြင့် မိုက်ပြစ်မဟုတ်သော မှားယွင်းခြင်းအတွက် လွန်ခဲ့ပြီးသမျှကို နှမြောတသ မိ၏။

'ကလင်'

စကားပြောခွက်ကို လေးပင်စွာ ကိုင်လိုက်သည်။

'ဟယ်လို....အမိန့်ရှိပါ'

တစ်ဘက်မှ စကားသံကို ချက်ချင်း မကြားရ။ ခဏကြာမှ စကားသံကို ကြားရသည်။

'စာမေးပွဲ ဖြေနိုင်လား'

လျှပ်စစ်လိုင်းများမှ စီးဆင်းလာသော တုန့်ခါခြင်းများသည် နားဝမှတစ်ဆင့် ရင်တွင်းသို့ ချိုမြိန်စွာ စီးဆင်းသည်။ စီးဆင်းခြင်းနှုန်းကြောင့် နှလုံးသွေးတို့ အခုန်မြန်လာသည်။

ပုံမှန်ဖြစ်အောင် အသက်ကို တစ်ဝရှူလိုက်ရ၏။

'မမ လားဟင်'

'ဘယ်သူ ဖြစ်ဖြစ်၊ မေးတာကိုပဲ ဖြေ၊ စာမေးပွဲ ဖြေနိုင်လား'

'မမရဲ့ ပို့မေတ္တာကြောင့် အခက်အခဲမရှိ ဖြေနိုင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မေမေ ဖုန်းဆက်ခိုင်းကယ်၊ မနက်ဖြန် စာမေ
ပြီးပြီးချင်း အိမ်ကို လာခဲ့ပါ တဲ့'

'မမကရော လာစေချင်ရဲ့လား'

'မေမေက လာဖြစ်အောင် လာခဲ့ပါကွဲ၊ အုန်း
ခေါက်ဆွဲ ချက်ထားလိမ့်မယ်'

'မမ ကိုယ်တိုင် ခေါ်တာ မဟုတ်ရင် မလာချင်
မမ'

'မင်းကို တို့စိတ်ဆိုးနေတယ်'

'ကျွန်တော်က မမ စိတ်ဆိုးနေမှာကို ကြောက်
တယ်'

'ကြောက်ရမှန်း အခုမှ သိသလား'

'အဲဒီမေးခွန်းကို ကျွန်တော်လဲ ကိုယ့်ကိုယ်ကိုမေး
မိတယ်'

'တို့ရဲ့သံယောဇဉ်ကို မင်း အငြိုးဆိုးတယ်'

'နှလုံးသွေးနဲ့ ဆိုးတဲ့ အရောင်ပါ မမ'

'စကားတွေ သိပ်တတ်နေတယ်ပါ့ ဟုတ်လား'

'ခံစားနေရတဲ့ ဝေဒနာဟာ သင်ပေးလိုက်တာပါ'

'သိပ် ခံစားနေရသလား'

'ဟုတ်တယ်...မမ၊ အရမ်းခံစားနေရတယ်'





'သေလိုက်'

'ကျွန်တော့်ကို တကယ် သေစေချင်သလားဟင်'
တုံ့ပြန်သံ ရပ်တန့်သွား၏။

'မနက်ဖြန် စာမေးပွဲပြီးရင် ရွှေတိုးတို့က အင်းလျား
မှာ ရေသွားကူးကြမှာ၊ သူတို့နဲ့ လိုက်သွားပြီး ကိုယ့်
ကိုယ်ကို ရေထဲနှစ်လိုက်ရုံပါပဲ၊ ပြောလေ မမ၊
ကျွန်တော် သေရမလား'

'တရားခံ မရှာနဲ့၊ အနုလောလောဆယ် စိတ်ဆိုးနေ
တဲ့သူကို မင်း မတောင်းပန်ဘူးလား'

'မပြောသင့်တဲ့စကားကို ပြောမိတဲ့အတွက် ကျွန်တော်
တောင်းပန်ပါတယ် မမ၊ ကျွန်တော့်ကို ခွင့်လွှတ်
ပါ၊ ဒါပေမယ့် ချစ်မိတဲ့အတွက်တော့ မတောင်းပန်
ပါရစေနဲ့ မမ၊ အဲဒီအတွက် ကျွန်တော့်ကို မမ
ပြန်ချစ်ပါ'

'ကဲ...မနက်ဖြန် ခင်း လာမယ်မဟုတ်လား'

'မမ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် လာမှာပေါ့'

'လာမှယ်ဆို ပြီးရော၊ ဒါပဲ'

အသံလှိုင်း ပြတ်တောက်သွားသည်။

'မမ.... မမ'



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံတွေဖြင့် တစ်ကိုယ်တည်း ကျန်ခဲ့ရသည်။

ကျွန်တော် တစ်ယောက်တည်း စကြဝဠာထဲတွင် လွင့်ပါး သွားသည်ဟု ခံစားရ၏။

❖ ❖ ❖

'ကလျှင်'

စကားပြောခွက်ကို ကျွန်တော် အပြေးအလွှားကိုင်သည်။

'မမ ပြောလေ မမ၊ မမ ဖုန်းချသွားလို့ ကျွန်တော် ဖုန်းနားမှာ ထိုင်စောင့်နေတာ'

'ဟေ့ကောင် လျှိုလင်း ဘာကြောင်တာလဲ၊ ငါပါကွ၊ သက်ထွန်းပါ'

'ဟာ....ကိုကိုသက်'

'အေး....ဟုတ်တယ်၊ ငါ ကိုသက်ပဲ၊ မင်း ဘာဖြစ်နေတာလဲ'

'ဘာ....ဘာမှ မဖြစ်ပါဘူး ကိုသက်ရဲ၊ ကျွန်တော် စာကျက်နေတာပါ'





'စာကျက်နေတဲ့ ကောင်ကလဲ မမတွေရော၊ ဖုန်းချ သွားတာတွေရော၊ ဘာတွေ ကယောင်ကတမ်း ဖြစ်နေ တာလဲ'

ကျွန်တော် ရယ်နေလိုက်မိသည်။

'ဘယ်လိုလဲ ဖြေနိုင်တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ်'

'အေး....ဖြေနိုင်တယ်ဆို ပြီးရော၊ မနက်ဖြန် စာမေးပွဲ ဖြေပြီးရင် မင်း ဘယ်မှ မသွားနဲ့နော်၊ ငါ ခွင့်ယူ ထားတယ်၊ မင်းဆီကို လာခဲ့မယ်၊ မင်းတို့ တစ်အုပ်စု လုံးကို ငါ ရုပ်ရှင် လိုက်ပြမလို့၊ ရွှေဘိုးတို့ကိုပါ ပြောထားလိုက်'

'ကိုကိုသက်'

'ပြော'

'ကျွန်တော် မနက်ဖြန် သွားစရာ ရှိတယ်'

'ငါသိပါတယ်၊ မင်းတို့ ရေကူးသွားကြမယ်မို့လား'

'ရေသွားကူးမှာက ရွှေတိုးတို့ပါ၊ ကျွန်တော်က တခြား သွားစရာရှိလို့'

'ဘယ်သွားမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ပြောရ ခက်သွားသည်။

'ပြောလေ၊ မင်း ဘယ်သွားစရာ ရှိလို့လဲ'

'ကိုသက် ကျွန်တော့်ကို မဆူနဲ့နော်၊ ကျွန်တော် ကျွန်တော့်ချစ်မမဆီ သွားမှလို့၊ မမနဲ့ မနက်ဖြန် ချိန်းထားတယ်'

'ဘယ်က ချစ်မမလဲ၊ မင်းက တော်တော် ခြေသွက် နေပါလား'

'ဘယ်က မမလဲဆိုတာ ကျွန်တော် နောက်တော့ ပြောပြပါ့မယ် ကိုကိုသက်'

'အဲဒါဆိုလဲ မင်းဘာသာ သွားချင်ရာသွား၊ ညနေ ငါးနာရီလောက်တော့ အိမ်ရောက်အောင် ပြန်ခဲ့ မင်းအိမ်ကို ငါလာခဲ့မယ်'

'ဟုတ်ကဲ့ ကိုကိုသက်၊ ကျေးဇူးပဲ'

'စာမေးပွဲလဲ ဝရုတစိုက် ဖြေဦးနော် ဟေ့ကောင်'

'စိတ်ချပါ၊ ကျွန်တော် ဂုဏ်ထူးထွက်မှာပါ'

'ကောင်းပြီလေ၊ အောင်စာရင်းထွက်ရင် အဖြေပေါ် မှာပေါ့၊ ကဲကဲ....ဒါပဲ၊ ညနေ ငါးနာရီအိမ်ရောက် အောင် ပြန်နော်'





'ဟုတ်ကဲ့'

သက်ပြင်းမချမိဘဲ ရင်ပေါ့သွားရသည်။

မနက်ဖြန် မမကို ကျွန်တော် ဘာပြောချင် ကောင်းမလဲ၊ ကိုကိုသက်ကိုရော ဘယ်လိုပြောရရင် ကောင်းမလဲ။

မမကရော ကျွန်တော့်ကို ဘာတွေ ပြောမလဲ။

ကိုကိုသက် တရော ကျွန်တော့်ကို ဘယ်လို အပြစ်ဖွဲ့လေမလဲ။

ကျွန်တော် ကြိုသိချင်သည်။

www.burmeseclassic.com

(၁၅)

စာမေးပွဲပြီးပြီးချင်း စားသောက်ဆိုင်တန်းတွင် ထမင်း စားကြသည်။ တိတ်တခိုးက ကားယူလာသည်။

ထိုကားကို ရန်ကုန်မှထွက်ထွက်ချင်း နိုင်ကို မောင်းသည်။ ပုလဲမြို့သစ်သို့ ရောက်သောအခါကျမှ ရွှေတိုး မောင်း၏။

ကားရှေ့ခန်းတွင် သူနှင့် တိတ်တခိုးကို ထိုင်ခိုင်းကြသည်။ ကျန်သူများက ကားနောက်ခန်းတွင် ထိုင်ကြ၏။

မင်းနွယ်၏ ဝင်တာတီးသံ၊ မျိုးချိမ်၏သီချင်းသံကို ကား အရှိန်လျှော့သောအခါတွင် ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ သုံးနာရီလောက်တွင် ပဲခူးသို့ရောက်၏။

ဘုရားစုံဖူးပြီးသောအခါတွင် အချိန်သည် ညဦးပိုင်း။ ပဲခူးတွင် တစ်ညအိပ်ဖို့ ဆုံးဖြတ်ကြသည်။

တစ်ညတာလုံး ဂစ်တာတီးလိုက်၊ သီချင်းဆိုလိုက်၊ စကားဝိုင်းဖွဲ့လိုက်ဖြင့် ညဉ့်နက်မှ အိပ်ရာဝင်ကြသည်။

❖ ❖ ❖

မနက်လင်းလင်းချင်း တီတီတခိုးတို့ သုံးယောက်ကို ဈေးအနီးရှိ စမ်းစမ်းအေး၏ အဒေါ်အိမ်တွင် ချန်ထားခဲ့ကြသည်။

ရွှေသာလျောင်း ဘုရားရှေ့တွင် ကားကိုရပ်ခဲ့သည်။

ချောင်းကူး တံတားငယ်ကို ဖြတ်ကျော်ပြီး ကိုးသိန်းကိုးသန်းဘက်သို့ ရောက်လာကြသည်။ ကိုးသိန်းကိုးသန်း ဘုရား၏ အနီးတွင် ရှိသော ထန်းရည်ဆိုင်တွင် ထိုင်ကြသည်။

ရွှေတိုးက ကျည်တောက်ငယ် အတွင်းရှိ ပင်ကျရည်တွေကို တရစပ်သောက်ပြီး....





'အရေးတကြီး ပြောစရာတွေ ရှိတယ် လှိုင်လှိုင်း'

သူက ငါးကြော် တစ်ပဲ့ကို စားရင်း ရွှေတိုးစကားကို နားစွင့်သည်။

'မနက်စာ စားပြီးရင် ငါတို့ ရန်ကုန်ပြန်မယ်'

'အင်းလေ အဲ့ဒါဘာဖြစ်လဲ'

မျိုးချိမ်က မြူအိုးနှုတ်ခမ်းဝရှိ ပျားတွေကို ဖယ်တုတ်နေသည်။

'ငါတို့ ပြန်တာဆာ ဟုတ်တယ်၊ တိတ်တခိုးကွ အိမ်မပြန်ချင်တော့ဘူးတဲ့'

သူ မျက်ခုံးတွန့်သည်။

အဖြေကို စဉ်းစားမရ။

'မင်းကို ပြောလို့လား'

'ငါတို့ကိုတော့ တရားဝင် မပြောသေးဘူး။ ပူစူးမနဲ့ စမ်းစမ်းအေး ပြောတာ၊ တီတီတခိုးဆီမှာ ပိုက်ဆံတွေ အများကြီး ပါလာတယ်၊ အိမ်က ထွက်ပြေးမယ် ဆိုတဲ့ သဘောပဲ'

'ဘာဖြစ်လို့များပါလိမ့်၊ အားလုံး ဝိုင်းမေးရင် တောင်းမယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အားလုံး ဝိုင်းမေးတာထက် မင်းတစ်ယောက် ထဲ… မေးစေချင်တယ်၊ တိတ်တခိုးကို တရားချနိုင်မယ်… ဆိုလို့ မင်းပဲရှိတယ်'

'ငါပြောလို့မှ မရရင် ဘယ်လိုလုပ်မလဲ'

'အဲဒီတော့လည်း ငါတို့ပါ ဒီမှာ နေပေးကြတာပေါ့'

ဟု မျိုးချိမ်က ပြောသည်။

'သူနဲ့အတူ တစ်စုံတစ်စည်းတည်း နေပေးရတာ… မရှိပါဘူး၊ မိဘကိုထည့်တွက်ရဦးမယ်လေ၊ သူ့… မှာ ဘာပြဿနာ ဖြစ်ခဲ့သလဲမှ မသိဘာ၊ ပြော… တာ ကြာတယ်ကွာ၊ ပွင့်ပွင့်လင်းလင်းပဲ သွား… ကြရအောင်၊ အချိန်နှောင်းသွားရင် မကောင်းဘူ…

ရွှေတိုးက ထန်းရည်တစ်ခွက်ကို ထပ်သောက်သည်။

'ပိုက်ဆံ ရှင်းမယ်'

ဟု နိုင်ကို လှမ်းအော်သည်။

သစ်ရိပ်ဝါးရိပ်အောက်တွင် ထိုင်နေရပါလျက် … ပြင်ကို လှမ်းတွေ့နေရ၏။





'အတူတူလာခဲ့ကြပြီးမှ နင်တစ်ယောက်တည်း နေချင်ရာ နေခဲ့မယ်ဆိုတော့ ဘယ်သင့်တော်ပါ့မလဲ တိတ်တခိုး'

စကားမတုံ့ပြန်ဘဲ အိမ်ပြင်သို့သာ ငေးကြည့်နေ၏။

အနီးအပါးတွင် မည်သူမျှ မရှိ။ ကျန်သူများက ထမင်း…းခန်းထဲတွင် မနက်စာအတွက် ပြင်ဆင်နေကြသည်။

တမင် ရှောင်ဖယ်ပေးခြင်းလည်း ဖြစ်သည်။

'နင်နေခဲ့မယ်ဆိုရင် နင့်အိမ်က ကားကို ငါတို့ဘယ်လိုလုပ် သွားပေးရမှာလဲ'

'ငါ စာရေးပေး လိုက်မှာပေါ့'

မျက်နှာကို မကြည့်ဘဲ ဆိုသည်။

'ဘယ်လိုရေးပေးလိုက်မှာလဲ ပြောပါဦး'

'သမီး အိမ်မပြန်ချင်သေးလို့ ပဲခူးမှာနေခဲ့တယ်၊ ပဲခူးကနေ တခြားနေရာကိုလဲ သွားချင်သွားမယ်၊ ကားကိုသူငယ်ချင်းတွေနဲ့ ပေးခိုင်းလိုက်တယ်၊ စိတ်မပူပါနဲ့လို့ ရေးပေးလိုက်မယ်လေ'

ငဲ့ကြည့်လျက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မပူပါနဲ့လို့ ရေးလိုက်ရုံနဲ့ နင့်မိဘက စိတ်အေး လက်အေး ဖြစ်လိမ့်မယ်လို့ နင် အာမခံသလား တိ တခိုး၊ အရွယ်ရောက်ပြီ ကိုယ်ပိုင်ဉာဏ် ရှိပြီဆိုရုံနဲ့ သွားချင်ရာသွားလို့ မသင့်တော်ပါဘူးဟာ၊ ဒါကို သိရက်နဲ့ ဇွတ်တိုးဖို့ စဉ်းစားတယ်လို့ ငါ ထင်တယ် နင့်မိသားစုနဲ့ နင့်ကြားမှာ ပြဿနာတစ်ခုခုတော့ နေလိမ့်မယ်ဆိုတာ ငါတို့ သူငယ်ချင်းတွေ အားလ ရိပ်မိတယ်၊ သူငယ်ချင်း တွေပေါ်မှာ နင် ပွင့် လင်းလင်း တိုင်ပင်သင့်တယ်၊ ဆွေးနွေးသင့်တယ် အဖြေ ရှာသင့်တယ်....'

သက်ပြင်းချသံ ကြားသည်။

'ပြောလေ....တိတ်တခိုး၊ နင်ဘာဖြစ်လို့ အိမ်မပြန်ချ တာလဲ'

ခေါင်းကိုသာ တွင်တွင်ခါသည်။

အဖြေစကား မကြားရ။

ထိန်းသိမ်းထားသော မျက်ရည်ဝေ့ဝေ့ကို တွေ့သည်

'ငါ့ပြဿနာကို ဘယ်သူမှ ကူညီနိုင်မှာမဟုတ်ဘူး ကူညီနိုင်မယ် ဆိုရင်တောင် ဘယ်သူ့ကိုမှ ငါပြော ပြချင်ဘူး'





'သူစိမ်းဆန်တဲ့ စကားတွေကို နင် ဘာဖြစ်လို့ ပြောရတာလဲ တိတ်တခိုးရယ်'

ပုစ္ဆာမဲ့သော အဖြေကို ရှာဖွေနေရသည်နှင့် တူလှ၏။

'သူတစ်ပါး အိမ်တွင်းရေးကို ဝင်မစွက်ဖက်သင့်ဘူး ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် နင်နဲ့ နင့်မိသားစု အရေးကို ငါဖြေရှင်းပေးပါရစေ၊ နင့်ရဲ့အရင်းအနှီး ဆုံး လူတစ်ယောက်လို့ သဘောထားပြီး ငါ့ကိုနှင် တိုင်ပင်ပါ'

'ငါ့ပြဿနာကို ငါရှင်းပါ့မယ်ဟာ၊ ရှင်းနိုင်လိမ့် မယ်လို့လဲ ထင်တယ်၊ ပြဿနာနဲ့ဝေးရာကို ငါထွက် သွားမယ်၊ အဲဒါဆို ဖြေရှင်းပြီးသား ဖြစ်သွားမှာ ပါ'

သူ တိုင်ရာမှ ထသည်။

တိတ်တခိုး အနီးတွင် မတ်တတ်ရပ်ပြီး....

'ပြဿနာနဲ့ဝေးရာကို ထွက်ပြေးသွားရုံနဲ့ ပြဿနာ တစ်ခု ပြီးဆုံးသွားမှာမှ မဟုတ်ဘဲ၊ ခန္ဓာကိုယ်ကသာ ပြဿနာနဲ့ ဝေးချင် ဝေးသွားမယ်၊ စိတ်ထဲမှာတော့ ပြဿနာက ဝေးသွားမှာ မဟုတ်ဘူး၊ အဲဒီတော့ ထွက်ပြေးမယ့်အစား ရင်ဆိုင်လိုက်စေချင်တယ်၊ ရင် ဆိုင်မယ့် နင့်နံဘေးမှာ ငါရှိတယ်၊ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဘယ်သူမှ မစွမ်းဆောင်နိုင်ဘူး ဆိုရင်တော ငါ ရအောင် စွမ်းဆောင်ပါ့မယ်၊ နင် အိမ်ပြန်လို ပါ၊ အိမ်မပြန်ခင်စပ်ကြား နင် ရင်ဆိုင်နေရတဲ့ ကို မခြွင်းမချန် ပြောပြပါ’

သူ့ကို တိတ်ဘခိုး မော့ကြည့်သည်။

‘ကျေးဇူးတင်ပါတယ် လှိုင်လင်းရယ်၊ ဒါပေမယ့် ငါ အိမ်မပြန်ချင်သေးဘူး၊ မိသားစုနဲ့ဝေးရာမှာ တစ်ယောက်ထဲ နေချင်တယ်’

‘ငါခွင့်မပြုနိုင်ဘူး၊ အိမ်မပြန်ချင်သေးရင် ကြို နေရာမှာနေ၊ ဒါပေမယ့် နင်တစ်ယောက်ထဲ မနေရဘူး၊ နင်ရှိတဲ့နေရာမှာ ငါတို့လည်းရှိမ မယ်၊ ငါတို့လည်း မပြန်သေးဘူး’

တိတ်တခိုး ငြိမ်ကျသွားသည်။ တိတ်တခိုးကို တစ် ငဲ့ကြည့်ပြီး အိမ်နောက်ဘက်သို့ သူဝင်သွား၏။

‘ဘယ်လိုလဲ ပြန်မယ်တဲ့လား’

ရွှေတိုးက ဇွန်းခက်ရင်းတွေကို အာတ်ဖြင့် သုတ် မေးသည်။

သူက ထမင်းစားပွဲတွင် ဝင်ထိုင်သည်။





‘မပြန်ချင်သေးဘူး...တဲ့’

‘ဘာကြောင့် မပြန်ချင်သေးတာတဲ့လဲ၊ မေးလိုရလား’

‘မရဘူး၊ စမ်းစမ်းအေးနဲ့ ပူစူးမ ထပ်မေးကြည့်ရင် ကောင်းမယ်၊ နင်တို့က မိန်းမချင်းဆိုတော့....’

စမ်းစမ်းအေးက ထမင်းပန်းကန်တွေထဲသို့ ထမင်း ထည့် ရာမှ....

‘အမယ်လေး....မိန်းမချင်းမကလို့ အမြွှာ ညီအစ်မပဲ ဖြစ်ခပလေ့စေ၊ သူက ပြောမှာ မဟုတ်ဘူး၊ ပြန်မှ သင့်မယ်လို့ ပြောတာတောင်မှ သူ တည်းခိုခန်းမှာ နေမှာပါတဲ့၊ ငါ့အဒေါ် အိမ်မှာ မနေစေ့ချင်လို့ ပြောတယ်ထင်မှာ စိုးလို့ ငါလဲ ဘာမှ မပြောတော့ ဘူး၊ ငါ့အဒေါ်က တစ်ယောက်တည်း သမား၊ သူငယ်ချင်းတွေအကုန် ဒီမှာ တစ်သက်လုံး နေမယ် ဆိုရင်တောင် ကြည်ကြည်ဖြူဖြူ ခွင့်ပြုမှာအမှန်ပဲ။ အခုတောင် ငါတို့ ဟောတစ်ဖြုတ် လာတာနဲ့ သူ လွတ်လွတ်လပ်လပ် အိမ်လည်ထွက်နေပြီ’

‘ဒါဆို ငါတို့ တိတ်တခိုးကို ထားခဲ့ပြီး ပြန်ကြမှာ လား’

ပူစူးမက ဟင်းထည့်ရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဇမ်းစမ်းအေးပါ နေခဲ့ရင် ကောင်းမယ်'

မင်းနွယ်၏ အကြံပြုစကား။

'ဒီနေ့အဖို့ အားလုံးကို မပြန်စေချင်သေးဘူး၊ မနက်ဖြန်မှ တိတ်တခိုးပါ ပြန်ဖြစ်အောင် ငါကြိုး… မယ်'

သူ့စကားကြောင့် မျိုးချိမ် မျက်ခုံးတွန့်သည်။

'မင်းက ဘယ်လို ကြိုးစားမှာလဲ'

'ရတဲ့နည်းနဲ့ ကြိုးစားမှာပေါ့ကွာ'

ရွှေတိုးက....

'ဒီနေ့ ပြန်မရောက်ရင် အိမ်က စိတ်ပူနေကြမယ်… အိမ်ကို ဖုန်းဆက်ကြမလား'

'အင်း....ဆက်ရမှာပေါ့၊ တိတ်တခိုးအိမ်ကို စမ်း… အေးတာ ဆက်၊ အဒေါ်က မပြန်ပါနဲ့ဦးဆိုလို့ တ… ဆက်အိပ်မှာပါလို့၊ မနက်ဖြန်နေ့လယ်လောက် … သော ပြန်ရောက်မယ်ဆိုတာပါ ထည့်ပြောလိုက်'

'သေချာ လှချည့်လား လှိုင်လင်း၊ တော်… တိတ်တခိုးက ပြန်မလိုက်ချင်ဘူးဆိုမှ စမ်းစမ်း… ကို တစ်မျိုး မြင်နေဦးမယ်'





'မမြင်စေရပါဘူးကွာ....ငါ တာဝန်ယူပါတယ်'

ထမင်းစားခန်းထဲသို့ တိတ်တခိုး ဝင်လာသည်။

မျက်ဝန်းသည် ညိုမှိုင်းလျက်၊ မျက်နှာသည် အုံ့ဆိုင်းလျက်ရှိ၏။ ဦးခေါင်းငုံ့ထားသည်ကို ကြည့်၍ စိတ်မကောင်းဖြစ်ကြရသည်။

သွက်လက် ချက်ချာခဲ့သူ၏ ရင်တွင်း၌ မည်သို့သော လေးတန်မှုတွေ ရှောင်နေပါသနည်း၊

အားလုံးက သိချင်နေကြသည်။

ထမင်းဝိုင်းတွင် တိတ်တခိုး မပြန်သေးမချင်း အားလုံး… ပြန်ဦးမည် မဟုတ်ကြောင်း သူပြောသည်။

တိတ်တခိုးက ခေါင်းညိတ်ရုံသာ ညိတ်၏။

တိတ်တခိုး ထမင်းစားလျော့နည်းသည်ကို သူ သတိပြု… …ည်။ ထမင်းဝိုင်း သိမ်းသောအခါတွင် တိတ်တခိုးနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းအေးနှင့် ပူစူးမတို့ မီးဖိုဆောင်ထဲတွင် ကျန်ရစ်ခဲ့သည်။

အိမ်ရှေ့ခန်းတွင် မျိုးချိမ်က....

'သူ့အိမ်က လင်ပေးစားမှာယ်များ ပြောလို့လား မသိဘူး'

လေသံသဲ့သဲ့ဖြင့် ပြောသည်။

'ငါလဲ အဲဒီအတိုင်း တွေးမိတာပဲ၊ ဒါပေမယ့် ဒီကိစ္စက အိမ်မှာနေချင်စိတ် မရှိလောက်အောင် ဖြစ်ရမယ့် ကိစ္စမျိုးမှ မဟုတ်တာ'

သူက ကျောဘက်သို့ တစ်ချက်ငဲ့ကြည့်ပြီး ပြောသည်။

ရွှေတိုးက...

'မချစ်မနှစ်သက်တဲ့ သူနဲ့ စီစဉ်မယ်ဆိုရင် ဒါဟာ အိမ်က ထွက်ပြေးချင်တာ မပြောနဲ့ လောကကြီးထဲက ကို ထွက်ပြေးသွားချင်စရာ ကိစ္စမျိုးလေ'

နိုင်ကိုက စီးကရက်မီးညှိပြီး....

'အဲဒီကိစ္စမျိုး တကယ်ရင်ဆိုင်ရတယ်ဆိုရင်လဲ စမ်းစမ်းအေးတို့ ပူစူးမတို့ကို သူ တိုင်ပင်မှာပေါ့ကွ၊ မဟုတ်ဘူးလား'



သူ ခေါင်းညိတ်သည်။

'ဒါနဲ့ မေးရဦးမယ်၊ မနက်ဖြန် တိဘိတခိုး အိမ်ဖြန့် ဖြစ်အောင် မင်း ဘယ်လိုနည်းနဲ့ ကြိုးစားမှာလဲ'

သူ သက်ပြင်းချသည်။

'ဘယ်လိုနည်းနဲ့ ကြိုးစားရမယ်ဆိုတာ ငါလဲ ဒီ တစ်ညလုံး စဉ်းစားရဦးမှာ'

ဟု ပြောလိုက်သည်။

'အဲဒီ ကြိုးပမ်းမှုတလဲ စိတ်ဝင်စားစရာ တစ်ခုပါပဲ'

ဟု မျိုးချိမ် ပြော၏။

သူ ဆက်တီပေါ် ခေါင်းတင်ပြီး မျက်စိ မှိတ်နေလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

အိပ်ဆု အပြောင်းအလဲကြောင့် အိပ်၍ မရခြင်း မဟုတ်သည်ကို သူသိ၏။

မိုးလင်းလျှင်လင်းချင်း တိတ်တခိုးကိစ္စက အခဖြတ်တွက်ပြီးသား ဖြစ်နေသင့်သည်။

ဆူပူ ကြိမ်းမောင်းပြီး တစ်ပါတည်း အရခေါ်ဖို့ဆိုတာလည်း မေခင်နှမအရင်း သွေးရင်းသားရင်းမှ ပြုမူရမည့်အမိ။

သူငယ်ချင်းဟူသော သက်ဆိုင်ခြင်းမှလွဲ၍ သွေးမတော်သားမစပ်သည့် သူ့ကို ကိုယ့်စိတ်နှင့် တစ်ထပ်တည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ငွမ်းဆောင်ဖို့ ဆိုသည်မှာ ခက်ခဲလွန်းသည့်ကိစ္စ ဖြ
သည်။

အိပ်မပျော်သော သူကဲ့သို့ တိတ်တခိုးလည်း နိုးကြားေ
လိမ့်မည်ဟု ယူဆ၏။

ခေါင်းထဲသို့ လှက်ခနဲ ရောက်လာသော အတွေးကြေ
ရင်မှာ လှုပ်ခနဲဖြစ်သည်။ ထိုအတွေးကြောင့် နံနက်မြန်
လင်းပါစေဟု တောင်းဆိုလိုက်မိ၏။

သည်လိုအချိန် သည်လိုညမျိုးမှာ အိပ်လို့မရသော တာ
ရှည်တစ်ခုကို ဖြတ်သန်းကြုံတွေ့ဖူးပါလားဟု မျက်စိ မှိတ်ထာ
ရင်းက သူ သတိတရ ဖြစ်သွားသည်။

ထည်ညက တိတ်တခိုး၏ ည။

ထိုညီကား မမ၏ ည။

❖ ❖ ❖





'ညနေစောင်းတဲ့အထိ ငါတို့ အင်းလျားမှာ ရှိမယ်'

ဟု ရွှေတိုးပြောသည်။

'အေးပါ....အချိန်ရရင် ငါလိုက်ခဲ့မယ်'

ဟု ကျွန်တော် ပြောလိုက်သည်။

ရွှေတိုးတို့အားလုံး ကားပေါ် အရောက်တွင် ကျွန်တော်
က....

'ညနေငါးနာရီ ငါ့အိမ်ကို ကိုကိုသက်လာလိမ့်မယ်၊ အချိန်မရလို့ မင်းတို့ဆီ မလာဖြစ်ရင်လဲ ငါ့အိမ်ကို ငါးနာရီတော့ ရောက်အောင်လာနော်၊ ကိုကိုသက် ငါတို့ကို ရုပ်ရှင်ပြလိမ့်မယ်'

'အေး....ငါတို့ ငါးနာရီရောက်အောင် လာခဲ့မယ်'

'မင်းသာ မင်းကတိစကားကို ငါးနာရီအမီ ပြတီအောင် ဖြတ်'

ကားစက်နှိုးရင်း ရွှေတိုးပြောသည်။ ကားထွက်သည်နှင့် အခါကျမှ မျိုးချိမ်က ကားပေါ်မှ လှမ်းအော်သည်။

'အုန်းနို့ခေါက်ဆွဲခုတွေ အရမ်းမစားနဲ့နော်၊ ဆပ်ပြာတွေ ကန်နေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကို လက်ညှိုးနှင့် တို့ပြီး ပြောသွားသည်။ မြကောရိ လက်ဖက်ရည်ဆိုင်ရှေ့တွင် ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သံတံတားပေါ်မှ ဖြတ်ကျော်ပြီး မမ၏ အိမ်ဘက်ဆီသို့ ကျွန်တော် ခြေကုန်သုတ်ခဲ့သည်။ နေပူကျဲကျဲကို ဂရုမပြုအား။

နှင်းခဲများကြားမှ ဖြတ်ကျော် လျှောက်လှမ်းနေရသူဟု ကိုယ့်ကိုယ်ကို ထင်၏။

'သား....ဖြေနိုင်တယ် မို့လား'

အန်တီနယ်လီအောင်က တံခါးဖွင့်ပေးရင်း မေးသည်။

'ဟုတ်ကဲ့....ဖြေနိုင်ပါတယ် အန်တီ'

အဖြေစကားနှင့်အပြိုင် မျက်လုံးကို အိမ်ရှေ့ခန်း တစ်ခုလုံးသို့ ဝေ့ကြည့်လိုက်၏။ လှပသော နံရံ အပြင်အဆင်တွေကို ယခင်အတိုင်း တွေ့သည်။

လှပသော မျက်ဝန်းကို မတွေ့။





သွေ့ခြောက်ခြောက် ဖြစ်သွားသောရင်တွင် မောပန်းမှု တွေ မပြေချင်သေး။

'အန်တီ....မမကော'

'ထမင်းစားခန်းထဲမှာ ရှိတယ်လေ'

ဟန်ဆောင်ဖို့ကို ကျွန်တော် မေ့သွားသည်။

အသည်းနှလုံး၏ လိုအင်ဆန္ဒကို ခြေလှမ်းအစုံက ပြည့် ည့် ဝဝ ဆောင်ကြဉ်းပေးသွားသည်။

မမ၏ ကျောပြင်လှလှလေးကို မြင်သည်။ ကေသာရှည် တွ ဖုံးကွယ်ထားသည့်အလှတို့၏ တစ်စိတ်တစ်ဒေသကို တိန်းစွာ မြင်ခွေးမိသည်။

ခြေသံဖွဖွနင်းလျက်....မမ အနားသို့ ကျွန်တော် သွား ည်။

'မမ'

ရေစိုနေသောဇက်ကို လက်သုတ်ပဝါဖြင့် သန့်စင်နေရင်း န်တော့်ကို မမ ငဲ့ကြည့်သည်။

'အဲဒီမှာထိုင်'

ထမင်းစားပွဲရှိ ကျောမှီကုလားထိုင်ကို မျက်ခုံးဖြင့် ညွှန်ပြ ည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းနှိုးရာနေရာတွင် ကျွန်တော် ယို့ယို့လေး ထိုင်သည်။ ခေါက်ဆွဲဖတ်တွေကို လက်နှုန့်လေးဖြင့် ကိုင်မ,လျှ[illegible] ပန်းကန်လုံး တစ်ခုထဲသို့ မမ ထည့်သည်။

ပါးလှပ်စွာ လှီးထားသော ကြက်သွန်နီများဆီသို့ မ[illegible] လက်အလှမ်းတွင်....

'ကျွန်တော် မစားချင်သေးဘူး မမ'

ကြက်သွန်များကို ညင်သာစွာ ပြန်ထည့်သည်။ ရေဇ[illegible] ငယ် အတွင်း လက်နှိုက်ပြီး လက်သုတ်ပဝါကို လှမ်းယူ၏။

'မမ စားပြီးပြီလား'

ခေါင်းယမ်းပြသည်။

ထို့ကြောင့် ရေဇလုံငယ်အတွင်းသို့ လက်နှိုက်ဆေး[illegible] ပန်းကန်လုံး တစ်လုံးကို ကျွန်တော် လှမ်းယူသည်။

ခေါက်ဆွဲဖတ်တွေကို ပန်းကန်လုံးထဲ ထည့်သည်။

ကြက်သွန်စိတ်အနည်းငယ်ကို ထည့်သည်။

မီးဖိုဆောင်ဘက်သို့ ဝင်သည်။

မီးဖိုပေါ်တွင်တင်ထားသော အုန်းနို့ဟင်းရည်အိုးရှိရာ[illegible] ခေါက်ဆွဲပန်းကန်နှစ်လုံးကို ယူသွားပြီး ဟင်းရည်တွေ [illegible] သည်။ ဟင်းရည်အိုးသည် အငွေ့တစ်ထောင်းထောင်းရှိ[illegible]





မမရှေ့တွင် ခေါက်ဆွဲပန်းကန် တစ်ပန်းကန် ချပေးသည်။

ကျွန်တော့် ခေါက်ဆွဲပန်းကန်ထဲသို့ ကြက်သွန်စိတ်များ ထည့်ပြီး....

'ကျွန်တော်....မမနဲ့အတူ စားမယ်နော်၊ အြန်တီကော စားပြီးပြီလား မသိဘူး'

'မေမေနဲ့ မတည့်ဘူး'

စတီးဇွန်း နှစ်ချောင်းကို ယူ၍ မမ ပန်းကန်ထဲသို့ တစ်ချောင်းစိုက်သည်။

'စားလေ....မမ'

ခေါက်ဆွဲပန်းကန်ကို မမ မွှေနေသည်။

မမရှေ့တွင် ကျွန်တော် မနေထိုင်တတ်တော့....။

နှုတ် မပွင့်တစ်ပွင့်။

စကား မဆိုချင့်ဆိုချင် ဖြစ်နေသည်ကို သိသိသာသာ ငြိလွန်းလှသည်။

အပြစ်ရှိသောသူကို အပြစ်မှီ စကားဆိုပြီး အပြစ်ဖောင် ဖျိုန်းမောင်းလျှင် ကျွန်တော်ခံနိုင်သည်။ အခါတိုင်းကဲ့သို့ ဆက်ဟက်ပက်ပက် စကားမဆိုဘဲ မျက်စောင်းတထိုးထိုး

www.burmeseclassic.com



နှုတ်ခမ်းတကိုက်ကိုက်လုပ်နေလျှင်ပင် ကျွန်တော် နေသာသေး သည်။

ထို့ထက်ပို၍ လျစ်လျူ မရှုသင့်သည်ကိုတော့ မမ သိဖို့ကောင်း၏။

ခေါက်ဆွဲပန်းကန်ကို မွှေနှောက်နေသေးသည်။ တစ်ဇွန်း တလေမျှ မစား။ နှလုံးသားကို မွှေနှောက်နေသကဲ့သို့ ကျွန်တော် ခံစားနေရသည်။

စားဖို့ပြင်သားသော ကျွန်တော့် ပါးစပ်ပင်လျှင် ဘာ ကိုမျှ စားချင်သောက်ချင်စိတ် မရှိတော့။

'ကျွန်တော် ပြန်ရမတော့မလား မမ'

ထိုသို့ ပြောလိုက်သောအခါကျမှ အကြည့်မျက်ဝန်း တစ်စုံကို ကျွန်တော် မြင်တွေ့ခွင့်ရသည်။

လှမ်းဆွတ်လိုလှ ခြေလှမ်းကို ဟန့်တား စေနိုင်သော... အကြည့်မျက်ဝန်း။

'ပြောလေ မမ၊ ကျွန်တော် ပြန်ရတော့မလား'

'ဘာဖြစ်လို့ ပြန်ရမှာလဲ'

'မမမှ ကျွန်တော့်ကို စကားမပြောဘဲ၊ အခါတိုင်း ဒီလိုမှ မဟုတ်တာ'





ကလေးငယ်တစ်ဦးကို ကြည့်သော အကြည့်မျိုးဖြင့် မမ ကျွန်တော့်ကို ကြည့်သည်။

'စဉ်းစားကြည့်ပါဦး ကိုလင်းရယ်၊ မမ မင်းကို ဘယ်လို မျက်နှာချင်း ဆိုင်ရမှာလဲ၊ မင်း ပြောခဲ့တဲ့ စကားတွေကို မင်း ပြန်တွေးကြည့်ပါဦး'

'အဲဒီအတွက် မမ ကျွန်တော့်ကို မကျေနပ်ဘူးမို့ လား၊ ကျွန်တော့်ကိုအပြစ်ပေးတဲ့အနေနဲ့ ကျွန်တော့် ပါးကို ရိုက်ပါ၊ လျစ်လျူရှုတဲ့ အပြစ်ဒဏ်ကိုတော့ ကျွန်တော် မခံစားပါရစေနဲ့'

'မမ ထင်ထားသလို ဖြစ်လာတဲ့အတွက် မအံ့သြပါ ဘူးကွယ်၊ ဒါပေမယ့် အဲဒီအဖြစ် အဲဒီ အခြေအနေ မျိုးကို မမ ရင်ဆိုင်နိုင်စွမ်း မရှိဘူး၊ မဖြစ်နိုင်ဘူး ဆိုတာ မမ သိနေတာမို့ ရှေ့ကို မင်း ဇွတ်တိုးဝင်လာ ရင် မမ ဘယ်လို တားရမလဲ'

'မဖြစ်နိုင်ဘူးဆိုတာ ဘာကိုပြောတာလဲ မမ'

'မင်း ကိုယ်တိုင် တွေးကြည့်ရုံနဲ့ အဖြေ ပေါ်လာ မှာပါ'

'ကျွန်တော် တွေးပြီးသားပါ၊ အသက်အရွယ်၊ မောင် နှမလို နေခဲ့ကြတဲ့ အခြေအနေ၊ ဒါပဲမို့လား....မမ၊ မဖြစ်နိုင်တာကို ဖြစ်နိုင်ပါတယ်လို့ ကျွန်တော် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါပေမယ့် မဖြစ်နိုင်တာဟာ မချစ်နိုင်တာနဲ့ မတူဘူးဆိုတာကိုတော့ မမ ကွဲကွဲပြားပြား သိပါလိမ့်မယ်၊ အဲဒီတော့ မဖြစ်နိုင်ဘူးလို့ ပြောချင် ပြောပါ၊ မချစ်နိုင်ဘူးလို့တော့ မပြောစေချင်ဘူး မမ’

ရင်တွင်းအစိုင်အခဲကို မြင်သာစေနိုင်သော ဝေါဟာရ။

‘ပြောလေ မမ၊ ကျွန်တော်ဟာ မမအတွက် မဖြစ်နိုင်တာလား၊ မချစ်နိုင်တာလား’

မမ သက်ပြင်းချသည်။

‘အဖြေရခက်နေရင်လဲ ဒီနေ့ မဖြေပါနဲ့တော့ မမ ရယ်၊ အေးအေးဆေးဆေးမှပဲ ဖြေပါတော့၊ အေးအေး ဆေးဆေး ဆိုတာ ကျွန်တော် အောင်စာရင်း ထွက်တဲ့နေ့၊ အဲဒီနေ့မှာ ကျွန်တော် မမဆီက အဖြေစကား ကြားချင်တယ်၊ မဖြစ်နိုင်တာကို ထည့်မပြောနဲ့နော်၊ ချစ်နိုင် မချစ်နိုင်ဘဲ ပြောရမယ်၊နော်....မမ’

‘ဒီအကြောင်းတွေကို မပြောပါနဲ့လား ကိုလင်းရယ်’

‘ဒီနေ့အဖို့တော့ မပြောတော့ပါဘူး၊ မမ နေသာသလို နေပါ၊ ကျွန်တော့်ကို စကားပြောပါ’

အုန်းနို့ခေါက်ဆွဲတစ်ဇွန်း ခပ်စားသည်ကို မြင်သဖြင့် ကျွန်တော် ပျော်သွားသည်။





‘စားလေ....’

ထိုအခါကျမှ ကျွန်တော် တစ်ဇွန်း စားသည်။

‘စာမေးပွဲ ဖြေနိုင်တယ်မို့လား’

‘ဖြေနိုင်ပါတယ်၊ စာမေးပွဲကတော့ အောင်ဖို့ ကျိန်းသေပါတယ် မမ’

‘မမကို အစ်မရင်းတစ်ယောက်လို သဘောမထားနိုင်ဘူးလား ဟင်’

‘ကျွန်တော် စိတ်အရိုင်းတွေနဲ့ မမကို ချစ်တာ မဟုတ်ပါဘူးဗျာ၊ မပြောင်းလဲနိုင်တာကို ရိုင်းစိုင်းတယ်လို့ မထင်ပါနဲ့၊ အစ်မရင်းတစ်ယောက်လို ချစ်ခဲ့ပြီးမှ စိတ်အရိုင်းဝင်ပြီး ချစ်သူလို ချစ်မိဖို့ဆိုတာ လွယ်ကူပါတယ်၊ မြင်မြင်ချင်း ချစ်သူတစ်ယောက်လို မြတ်နိုးခဲ့ပြီးမှ အစ်မရင်းတစ်ယောက်လို ပြောင်းချစ်ပါ့မယ်လို့ ညာမပြောချင်ဘူး မမ၊ ညာလို့လဲ ရမှာ မဟုတ်ပါဘူး၊ အဲဒါကို မမ နားလည်ဖို့ ကြိုးစားပေးပါ’

‘ကလင်’

လျှပ်စစ်ခေါင်းလောင်းသံ ကြားသည်။

‘သမီးရေ....ဧည့်သည်လာတယ်’

မမ ထိုင်ရာမှထသည်။ ကျွန်တော့်ကို လက်ကာပြပြီး အိမ်ရှေ့ကို ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီနယ်လီအောင် ထမင်းစားခန်းထဲသို့ ရောက်လာသည်။

'သား စားပြီးပြီလား'

'စားနေတုန်းပဲ အန်တီ'

အိမ်ရှေ့ဘက်သို့ ခေါင်းငဲ့လျက်....

'ဘယ်က ညော်သည်လဲ ဟင်၊ မမ ညော်သည်လား'

အန်တီနယ်လီက အနားတွင် လာထိုင်ရင်း....

'မင်း မမရဲ့ ညော်သည်ပေါ့၊ အင်း....ညော်သည် မဟုတ်ဘူး၊ မင်း မမရဲ့ ချစ်ချစ်၊ သားရဲ့ နောက်ထ အစ်ကိုတစ်ယောက်ပေါ့ကွယ်'

ရှင်ဆို့သွားသည်။

'သမီးက သားကို ပြောမထားဘူးလား၊ အခုလာ တာ မင်း မမရဲ့ ခင်ပွန်းလောင်း'

ကျွန်တော် ထိုင်ရာမှထသည်။

အိမ်ရှေ့သို့ ပြေးထွက်ခဲ့မိ၏။

✣



(၁၇)

နံရံရှိ မီးခလုတ်ကို လက်ဖြင့်စမ်းပြီး ဖွင့်လိုက်သည်။

လက်မှနာရီကို သူကြည့်သည်။

ညဥ့်တစ်နာရီထိုးသည်အထိ အိပ်မပျော်သေးမှန်း ကိုယ့်ကိုယ်ကို သိသည်။

ဝဲဘက်နံတင်တွင် အိပ်ပျော်နေသော မျိုးချိမ်၏တောက်သံကို ကြားရသည်၊ လက်ယာဘက်ခုတင်တွင် နိုင်ကိုနှင့်မင်းနွယ်တို့ကလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ၏။

သူနှင့်အတူအိပ်သည့် ရွှေကိုလည်း အိပ်ပျော်နေသည်။ စားပွဲပေါ်ရှိ ရေးဆောင်အိတ်ထဲ စားဘက်ဇစ်ကို ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားရည်ဖုံးဖြင့် ဖုံးထားသော ဒိုင်ယာရီစာအုပ်ကိုယူပြီး ဇစ်မြန်မပိတ်ဘဲ အိပ်ရာပေါ်တွင် ပြန်လှဲလိုက်သည်။

စာအုပ်ကို ဟိုသည် လှန်လှောသည်။

ဟောင်းနွမ်းပြီးစ စာမျက်နှာများ၏ တစ်ခုသော စာမျက်နှာတွင် အနီရောင်မင်ဖြင့် ကြက်ခြေခတ်သားသော နေ့စွဲတစ်ခုကို တွေ့သည်။ မျက်ရည်ပေါက် စွတ်စိုထားရာနေရာကို မြင်သာစွာ အမှတ်ရနေ၏။

ဤ စာမျက်နှာတစ်ခုလုံးရှိ ဝါကျများသည် ဝေဒနာတို့၏ အပိုင်းအစ။

မင်ရည်တို့သည် နှလုံးသွေးတို့၏ အစိတ်အပိုင်း။

နေ့စွဲသည် ဖြိုပျက်စေချင်ပါလျက် ဖြိုဖျက်၍မရသော သက္ကရာဇ် အပိုင်းအခြားတစ်ခု။

တကယ်တော့ ဤ ဒိုင်ယာရီသည် သူ့အဖို့ တိမ်မြုပ်ကွယ်ပျောက်သွားခဲ့သည့် သောကမြို့ဟောင်း တစ်မြို့။

'မအိပ်သေးဘူးလား လှိုင်းလင်း'

ရွှေထိုးက မျက်လုံးကို လက်ဖြင့်ကာလျက် မေးသည်။

'ဟိုတွေး ဒီတွေးနဲ့ အိပ်မပျော်လို့၊ မီးက ဖွင့်ပြီး ဖတ်နေတာ'





'ကိုယ်ရေးထားတဲ့ ဒိုင်ယာရီ ကိုယ့်ဘာသာပြန်ဖတ်လို့ ဘာအရသာ ရှိမှာလဲကွာ'

'အရသာခံဖို့ ဖတ်နေတာ မဟုတ်ပါဘူး၊ တိတိတခိုးကိစ္စကို စဉ်းစားရင်း၊ အတွေးက တခြားရောက်သွားလို့'

'တခြားဆိုတာ မဒါလီအောင်ကို ဆိုလိုတာလား'

'မငြင်းပါဘူး'

'တွေးတာ တောတာ စဉ်းစားတာ သတိရတာကငါ နားလည်ပြီးသားပါ၊ တွေးရင်း တောရင်း ဒီစာအုပ်ကြီးက ဘာဖြစ်လို့ ညကြီးမင်းကြီး ကိုင်ထားရတာလဲ'

'ဘာရယ်လို့ မဟုတ်ပါဘူးကွာ၊ ဖတ်စရာ စာအုပ်မရှိလို့'

ဟု သူပြော၏။

'မင်း အိပ်လို့မရရင် ငါ မီး ပြန်ပိတ်လိုက်ပါမယ်'

လှဲနေရာမှထသည်။

ရွှေတိုးက အကျောဆန့်ပြီး....

'ငါ မအိပ်ချင်တော့ဘူး၊ အိပ်ရေးဝသွားပြီ၊ အိမ်အပြင်ဘက်မှာ စကားထွက်ပြောရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာရီစာအုပ်ကို စားပွဲပေါ်ရှိ ခရီးဆောင်သေတ္တာအိတ်အတွင်းသို့ ထည့်လိုက်ရင်း သူက....

'ငါလဲ မင်းကို တိုင်ပင်စရာ ရှိတယ်' ဟု ပြောသည်။

ဇာတ်ကို ဆွဲအပိတ်တွင် ဒိုင်ယာရီ ထဖုံးပေါ်ရှိ ဝေဒနာ သင်္ကေတဆွဲစက်ကို လှစ်ခနဲ မြင်ရသည်။

၁၉၇၆–ခုနှစ်။

❋ ❋ ❋

အိမ်ရှေ့ခန်း ရောက်ခါနီးတွင် စကားသံတစ်သံကို ကြားရ၏။

'ဒီနေ့ ခွင့်ယူထားတယ်၊ ညီတစ်ယောက်ဆီကို လာရင်း အချိန်စောနေလို့ ဒီဘက် လှည့်ဝင်လာတာ'

'ဒီမှာ အချိန်လာဖြုန်းတာပေါ့၊ ကြုံလို့ ဝင်လာတာပေါ့ ဟုတ်လား'

'ဒီလိုလဲ မဟုတ်ပါဘူး၊ ခွင့်ယူထားတယ်ဆိုကတည်းက ဒီကို ဝင်ဖို့ အစီအစဉ်ရှိလို့ပါ'



ဒီအသံကို ကျွန်တော် မှတ်မိသည်။

ဒါ ဗိုလ်ကိုသက်၏ အသံ။

ခန်းဆီးလိုက်ကာကို အနည်းငယ် တွန်းဖယ်ပြီး ကြည့်လိုက်သည်။ ချိုပျံ့နှာလိုခဲ့သော ကိုကိုသက်၏ စကားသံတွေကို ကျွန်တော် မကြားမိတော့။ ကျောက်ရုပ် တစ်ရုပ်၏ ဝိညာဉ် ကျွန်တော့်ခန္ဓာကိုယ်ကို ပူးဝင်သွားသည်။

အိမ်ရှေ့သို့လည်းကောင်း၊ အိမ်နောက်သို့လည်းကောင်း ကျွန်တော့် ခြေလှမ်းတွေ ရွှေ့လျား၍ မရတော့ချေ။

'မောင်လေးတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်'

မမ ထိုင်ရာမှ ထလိုက်သည်ကို မြင်သည်။ အားကုန်ရုန်း၍ ကျွန်တော် ထမင်းစားခန်းထဲသို့ ဝင်ပြေးခဲ့သည်။

'တွေ့ခဲ့လား သား'

အန်တီ နယ်လီ့ကို ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

မီးဖိုခေါင်ဘက်သို့ အပြေးဝင်သည်။ အိမ်သာတံခါးကို အမြန်ဆွဲတန်း ဖွင့်လိုက်သည်။ အတွင်းသို့ရောက်ပြီး တံခါးပြန်အပိတ်တွင် မမ၏ အသံကို ကြားရ၏။

'မမမေ ကိုလင်းရော'

ကျွန်တော် အသံ မပြု။

www.burmeseclassic.com

www.burmeseclassic.com



'ရေအိမ်ထဲမှာ အခုတင် ဝင်သွားတာ'

'ကိုလင်းရေ၊ ပြီးရင်း အိမ်ရှေ့တွက်ခဲ့ဦး'

'ညွှ်သည်တင်ယောက်နဲ့ မိတ်ဆက်ပေးမလို့ ကြားလား'

ကျွန်တော် မတ်တတ်ရပ်လျက် ငြိမ်နေမိသည်။

'ကိုလင်း မမ ပြောတာ ကြားလား'

'မကြားဘူး'

'ဘာဖြစ်လို့ မကြားတာလဲ၊ မမညွှ်သည်နဲ့ မိတ်ဆက်ပေးမလို့၊ အပြင်ကို မြန်မြန်ထွက်ခဲ့ဖို့ ပြောနေတာ'

'အာ....မမကလဲ မမ ညွှ်သည်ပဲ၊ မမဘာသာ ညွှ်ခံလိုက်၊ ကျွန်တော် ဘယ်သူနဲ့မှ မသိချင်ဘူး'

'ပြုံးပြနှုတ်ဆက်ရုံပဲ၊ မြင်ဖူးတယ်ရှိအောင် ပြထားချင်လို့'

'ဘယ်သူ့ကိုမှ မမြင်ဖူးချင်ဘူး'

'မင်း မြင်ဖူးအောင် ပြမှာ မဟုတ်ဘူး၊ ညွှ်သည် မြင်ဖူးအောင် မင်းကို ပြမှာ၊ မောင်တစ်ယောက် မွေးစားထားဘယ်ဆိုတာ ပြောမလို့၊ မြန်မြန်ထွက်ကွာ'

အိမ်နောက်ဖေးတံခါးမှ ထွက်ပြေးချင်မိသည်။





နောက်ဖေးတံခါးကို ရောက်ဖို့ဆိုတာကလည်း အိမ်သာထဲက ထွက်မှ ဖြစ်မည်။ အိမ်သာတံခါး ဖွင့်လိုက်သည်နှင့် မမနှင့် တန်းတိုးမှာ ကျိန်းသေ။

ဆယ်မိနစ်ခန့် ကြာသောအခါ တံခါးဂျက်ကို ဖွဖွ ဖွင့်သည်။

တံခါးကို အနည်းငယ် ဟသည်။ ထမင်းစားခန်းအဝမှ မမ ရပ်စောင့်နေသည်ကို တွေ့ရသည်။

တံခါးကို ပြန်စေ့၏။

'ဟယ်....တံခါးဖွင့်ပြီး ဘာဖြစ်လို့ ပြန်ပိတ်ရတာလဲ၊ မပြီးသေးဘူးလား'

ကျွန်တော် အသံ မပြု။

တံခါးကို ဒုတိယအကြိမ် ဖွင့်အကြည့်တွင် မမကို မတွေ့။ ခြေသံဖွလျက် အိမ်နောက်တံခါးဆီသို့ ခြေလှမ်းရွှေ့သည်။

တံခါးဂျက်ကို ဖွင့်မည်အပြု...

'အဲဒါ ဘာလုပ်မလို့လဲ'

နောက်မှ ရောက်လာသော မမ၏အသံ။

'ဘာမှ မလုပ်ပါဘူး'

'ဘာမှမလုပ်ရင်လဲ လာ၊ အိမ်ရှေ့သွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



မမ ကျွန်တော့်ကို လက်ဆွဲခေါ်သည်။ အန်တီနယ်လီလည်း အနားသို့ ရောက်လာသည်။

'သားရယ် ခဏလိုက်သွားလိုက်ပါ'

'ကျွန်တော်မှ မသိချင်ဘဲ၊ ပြီးတော့ ကျွန်တော် အုန်းနို့ခေါက်ဆွဲ မစားရသေးဘူး'

'မစားရသေးလဲ ညီသည်နဲ့ အတူတူစား'

ရှုန်းဖယ်ဖို့ မလွယ်ကူတော့ချေ။

လေးပင်သော ခြေလှမ်းတွေဖြင့် မမနောက်သို့ ကျွန်တော် လိုက်ခဲ့ရတော့၏။

❖ ❖ ❖

'ဒါ ကျွန်မ မွေးစားထားတဲ့ မောင်လေး၊ လှိုင်လင်းတဲ့'

ကျွန်တော့်မှာ ဘာကိုမှ အံ့ဩချိန် မရ။ ကိုသက်က အံ့ဩခြင်း တစ်ဝက်၊ အပြုံးတစ်ဝက်။

'ကိုလင်း ဒါက ကိုကိုရဲ့ သူငယ်ချင်း ကိုသက်ထွန်းတဲ့၊ မှတ်ထားနော်'





အတတ်နိုင်ဆုံးပြုံး၍ ကျွန်တော် ခေါင်းညိတ်သည်။

'ကဲ....ထိုင်ကြဦး၊ အုန်းနို့ခေါက်ဆွဲ သွားယူလိုက်ဦးမယ်၊ ကိုလင်းလဲ အိမ်ရှေ့မှာပဲ စားတော့'

မမ အနားမှ ထွက်သွားသဖြင့် ရင် တစ်ဝက် ပေါ့သွားသည်။

'ဟော့ကောင် လှိုင်လင်း၊ ငါတော့ မျက်ဝိုင်းကောင် လည်မလိုလို ဖြစ်သွားတယ်၊ မင်းက မမဆီ သွားမယ်ဆို၊ မင်း မမဆိုတာ ဒါလီ့ကို ပြောတာလား'

'အာ.... ကိုကိုသက် ကလဲ၊ မဒါလီ အောင် တို့နဲ့ ကျွန်တော် ခင်နေတာ သိပ်မကြာသေးဘူး၊ အုန်းနို့ခေါက်ဆွဲ လာစားပါဆိုလို့ ဒီကို အရင်လာတာ၊ ကျွန်တော့်ချစ်မမက အလုံမှာ နေတာ၊ နောက်တောင် ကျနေပြီ၊ အုန်းနို့ခေါက်ဆွဲလဲ နည်းနည်း စားပြီးသွားပြီ၊ ထပ်စားနေရင် အချိန်မီမှာ မဟုတ်ဘူး၊ မဒါလီအောင် ထွက်လာရင် ကိုကို ပဲ ကြည့်ပြောလိုက်ပါတော့၊ ကျွန်တော် လစ်တော့မယ်'

ကျွန်တော် ကမန်းကတန်း ထသည်။

'စားပြီးမှ သွားလေကွာ၊ မင်းကလဲ'

'မစားတော့ဘူး၊ နောက်ကျနေမှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုလဲ ညနေ အိမ်ရောက်အောင် ပြန်နေ၁်၊ ငါ လာခဲ့မယ်'

'ဟုတ်ကဲ့'ကို လှည့်မကြည့်ဘဲ ပြောခဲ့သည်။

နေပူပြင်ကို မြင်တွေ့လိုက်ရ၏။

❈ ❈ ❈

အဝတ်အစားတွေကို သားရေအိတ်ထဲ ထည့်သည်။အ အိပ်ရာအောက်ရှိ ငွေစက္ကူနှစ်ထပ်ကိုယူပြီး အဝတ်အ တွေ၏ အပေါ်မှာ အားလျက် အိတ်ကို ပိတ်လိုက်သည်။

အမေ

သား ခရီးထွက်သွားတယ်။အမေ့ဆိုင်ကိုလာပြော မလို့ စာရေးပြီး ထားခဲ့တာ။ ပိုက်ဆံနှစ်ထော ယူသွားတယ်။
စိတ်မပူနဲ့နော်....။

သား....

လှိုင်ထ





စာရွက်ခေါက်ကို တယ်လီဖုန်းပေါ်တွင် တင်ခဲ့သည်။ မိတံခါးကို သော့ခတ်သည်။

သည်အချိန် အင်းလျားမှာ ရွှေတိုးတို့ ရှိနိုင်သေးသည်။

❈ ❈ ❈

ဗေဒါပင်တွေ၏ အနီးရှိ သစ်ပင်ရိပ်အောက်တွင် နိုင်ကိုက တာပိုက်လျက် ထိုင်နေသည်။

သစ်ပင်မြစ်ပျဉ်းကြား၌ သားရေအိတ်ကို ပစ်ချပြီး....

'နိုင်ကို....ရွှေတိုးကော'

'မင်း ဘယ်သွားမလို့လဲ၊ အထုပ်အပိုးနဲ့'

'ငါ မေးတာသာ ဖြေစမ်းပါကွာ၊ ရွှေတိုး ဘယ် မှာလဲ'

တစ်ခေါလောက်တွင် မြင်နေရသော ကျွန်းငယ်ဘက်သို့ ပြသည်။

'ကျွန်းဘက်ကို ကူးသွားတယ်၊ ရေကူးပြိုင်မယ်ဆိုပြီး အဲ့ဒီကျွန်းဘက်ကို သွားကြတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အင်္ကျီ ချွတ်သည်၊ ဘောင်းဘီရှည်ခြါပဝ ကို ချွတ်သည်။

ဘောင်းဘီကို အောက်နားတွင် လိပ်တင်သည်၊

'ငါ လိုက်သွားဦးမယ်'

နိုင်ကို ခေါင်းညိတ်သည်။

'ဘောင်းဘီတိုနဲ့ ကူးလေ'

ကျွန်တော် လက်ကာပြီး ရေထဲသို့ လဲကျနေသော သ ပင်ကြီး ပေါ်သို့ ပြေးတက်သည်၊

သစ်ပင်ထိပ်ဖျားမှ နေ၍ ရေထဲသို့ ခုန်ချလိုက်၏။

'ဝုန်း'



(၁၁)

'နိုးပြီလား လိုင်လင်း၊ ငါတို့တွေတော့ ရေမိုး ချိုး ပြီးပြီ၊ မနက်စာ စားဖို့တောင် ပြင်နေကြပြီ'

ဆိပ်ဆု အခင်းအကျင်းတွေကို နေသားတကျ ပြုသည်။ င်းအုံးပေါ်သို့ စောင် ခေါက်တင်ရင်း....

'တိတ်တခိုး ဘာလုပ်နေလဲ၊ ပြန်ဖို့ စကားပြောပြီ လား'

တိုးက ခေါင်းကုတ်လျက်....

'ဘယ်လိုလုပ် ပြောဦးမလဲ၊ အားလုံးက အထုပ်အပိုး ပြင်ပြီးပြီ၊ သူကတော့ အေးအေးဆေးဆေးပဲ၊ ငါတို့ ပြန်သွားမှ တည်းခိုခန်းကို သူ့ဖာသာ သွားမယ်တဲ့၊

www.burmeseclassic.com



'နောက်နေ့ကျရင် မော်လမြိုင်ဘက် သွားမယ်[...] ယားပဲ၊ အခုတော့ ထမင်းစားခန်းထဲမှာ'

'ငါ ရေချိုးလိုက်ဦးမယ်၊ ထမင်းစားပြီးတာနဲ့ မင်း[...] အကုန်လုံး ကားပေါ်မှာ စောင့်နေကြ'

'မင်း ကြိုးပမ်းမှု အောင်မြင်ရင် ငါကို တစ်အုပ်စု[...] အရမ်းပျော်သွားမှာပဲကွာ'

လက်မှ နာရီကို ဖြုတ်ပြီး စားပွဲပေါ်သို့ တင်သ[...] မနက် ရှစ်နာရီ တိတိ။

* * *

သူ့အဝတ်အစားအိတ်ကို ရွှေတိုးက ယူသွားသည်။

ကားနောက်ခန်းတွင် စမ်းစမ်းအေးနှင့် ပုတူးမ၊ မျိုး[...] နိုင်ကိုနှင့် မင်းနွယ်၊

ကားမောင်းသူနေရာတွင် ရွှေတိုးကို လှမ်းမြင်ရသ[...] စမ်းစမ်းအေး၏အဒေါ်က ကားအနီးတွင် ရပ်နေ[...] ဦးခေါင်းငုံ့ထားသော တိတ်တခိုး၏ ရှေ့တည့်တ[...] သူ ထိုင်၏။





အိမ်အတွင်း၌ တိတ်တခိုးနှင့် သူ နှစ်ယောက်တည်း။

'နင့်ကို နင့်အစ်ကိုရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ စေ့စပ်တယ် ဆိုတာ ဟုတ်သလား တိတ်တခိုး'

နှမြောတသသံ မဖြစ်အောင် ထိန်းသိမ်း၍ သူ မေးသည်။

တိတ်တခိုး မျက်လုံးလေး ဝိုင်းသွားသည်။

'နင် ဘယ်လိုလုပ်သိသလဲ လှိုင်လင်း'

တအံ့တသြ မေးသည်။

'မနေ့ညက အိမ်တွေကို ဖုန်းဆက်ကြတယ်လေ၊ ဒီနေ့မှ ပြန်လာမယ် ဆိုတဲ့အကြောင်း....၊ နင့်အိမ်ကိုစမ်းစမ်းအေး ဆက်တယ်၊ နင့်အမေနဲ့ တွေ့တယ်၊ အိမ်ကတားတဲ့ကြားထဲက နင် ထွက်လာတာ....တဲ့၊ လွန်ခဲ့တဲ့ တစ်လလောက်က နင့်အစ်ကိုနဲ့ နင် စကားများတယ်၊ နင့်အစ်ကို စီစဉ်တဲ့လူကို နင် လက်မခံဘူး ဆိုရာကနေ စ,ဖြစ်တာ၊ ပြီးတော့ ကျောင်း မတက်တော့ဘူးလို့ နင် ဆန္ဒပြတယ်၊ နောက် တစ်အိမ်လုံးကို နင် စကားမပြောတော့ဘူး၊ စေ့စပ်တဲ့ကိစ္စကို နင် ရက်ရွှေ့ခိုင်းထားတယ်၊ လာမယ့် နှစ်လလောက် အတွင်းမှာ စေ့စပ်ပွဲ လုပ်လိမ့်မယ်လို့ နင် ယင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါကြောင့် နင် အိမ်ပြေးလုပ်ဖို့ စိစဉ်တာ
ဟုတ်ဘယ်မို့လား တိတ်တခိုး'

နှံခံသံ မကြားရ။

'အခု ငါ ပြောနေတာတွေအားလုံး နင့်အခမ
စမ်းစမ်းအောင့် ပြောပြလိုက်တာပဲ၊ ဒီကနေ ဘယ
မသွားဖို့ အတက်နိုင်ဆုံး ပြန်လာအောင် ခိုင်းပြေ
ပေးဖို့ အထိတ်တလန့် အကူအညီတောင်းတယ်၊ အ
တော့ နင် အိမ်ပြန်သင့်ဘယ် တိတ်တခိုး'

မျက်ရည်စီးကြောင်းတွေကို တွေ့သည်။ မျက်ရည် ဆွ
လိမ်းသော ပါးပြင်ကို လက်ကိုင်ပဝါဖြင့် တို့လျက်...

'ငါ...မပြန်ဘူး လှိုင်သင်း၊ နင်တို့ ငါ့ကို စိတ်
ချင်ဆိုး,မဆိုးချင်နေ၊ ငါ့နေရာမှာ ဘယ်သူမှ င
ခံစားပေးနိုင်မှာ မဟုတ်ဘူး၊ ငါ့ဝေဒနာကို င
သိတယ်'

ကြေမြည့်တုန်ယင်, သောကကို မြင်သာစေသော စကား

'နှင်နဲ့ထပ်တူ ငင်ပြီး ခံစားပေးမယ့်သူတွေ နင့်နံ
မှာ ရှိတယ်ဆိုတာကို နင် မသိဘူးလား တိတ်တ

တိတ်တခိုး သူ့ကိုမကြည့်ဘဲပြတင်းပေါက်ကိုငေးလျက်

'ဝေဒနာဆိုတာ ကိုယ်တိုင်ခံစားမှ သိကြတာ၊
တောက် ခံစား ပေးနိုင်တဲ့ သူ... ဘယ်သူပဲ ဖြစ်





ကာယကံရှင် ခံစားရတာရဲ့ တစ်ဝက်လောက်မဲ့ ခံစား
နိုင်ကြမှာပါ၊ မီးကို ကိုယ်တိုင် ကိုင်မိလို့ ပူတဲ့သူနဲ့
ပူသွားတာကိုကြည့်ပြီး ဘေးကခံစားရတဲ့သူနဲ့ ဘယ်သူ
ပိုပြီးခံစားရမယ်ဆိုတာ နင်ပဲ စဉ်းစားကြည့်ပေါ့'

'အားလုံးက နင့်ကို စာနာကြတယ်ဆိုတာကို နင်
ယုံပါ တိတ်တခိုး'

'စာနာတတ်ကြတယ်ဆိုရင် ငါ မပြန်ချင်တဲ့နေရာကို
နင်တို့ ဘာဖြစ်လို့ခေါ်နေကြရတာလဲ'

ရက်စက်သူတွေဟု စွပ်စွဲလိုက်သကဲ့သို့ ရှိသည်။

'နင့်ကို အိမ်ပြန်ဖို့ ပြောတာ ငါ တစ်ယောက်တည်း
ပြောတာပါ၊ ကျန်တဲ့သူတွေက ပြန်ဖို့အဆင်သင့် ဖြစ်
နေကြပြီလေ'

'အဲဒါဆို ငါ့ကိုရက်စက်တာ နင်တစ်ယောက်တည်းပဲ
ပေါ့'

ငမ်းနည်းစွာ ဆိုသည်။

ထိုစကားကြောင့် သူ ဝမ်းနည်းသွားရသည်။

'ငါပြောချင်တဲ့စကား မပြောရသေးဘူး တိတ်တခိုး၊
ငါ့စကား မဆုံးသေးဘူး၊ ငါပြောမယ့် စကားကို
နင် လက်မခံမှာ ငါ စိုးရိမ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ပြန်ခိုင်းမှာပဲ မဟုတ်ဘူးလား'

သူ ခေါင်းယမ်းသည်။

အသက်ဟစ်ဝ ရှူ၏ ရင်အားမာဘူကို မှတ်သုတ်လိုက်လိုက်သည်။

တိတ်တခိုး၏အပေါ်သို့ သူ ရွှေ့ထိုင်၏။

တိတ်တခိုး၏ ဘေးတိုက်မျက်နှာလေးကို ငေးကြည့်ရင်း—

'ငါ အခု ပြောမယ့်စကားက သားရွှေအိုး ထမ်းလာတာကို မြင်ချင်ပါတယ်ဆိုတဲ့ တောင်းခံမှုမျိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ မသိမမြင်ရသေးတဲ့ အနာဂတ်ကို ဖြေရှင်းဖို့ ရေရှည်စီမံကိန်းကို တစ်ရက်ထဲနဲ့ အပြီးဆွဲတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ နောက်ပြီး....ပွဲလန့်တုန်း ဖျာခင်းတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်'

စကားကိုတန့်လျက် မြတ်နိုးစွာ ငေးကြည့်မိလိုက်သည်။

'ငါ နင့်ကို ချစ်တယ် တိတ်တခိုး'

'အို'

ရှက်ရောင်သမ်းသော ပန်းပွင့်လွှာကို မြင်သည်။ အံ့ဩတုန်လှုပ်ခြင်းတွေ မြင်သာစေသော မျက်နှာထား။

'ငါ့ကို နင် ပြန်ချစ်လိမ့်မယ်လို့ မမျှော်လင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘဝတစ်ခုလုံးကို နင် စမ်း





သပ်နိုင်ခွင့်မှ မရှိခဲ့ဘဲလေ၊ နင်သာ ငါ့ကို ပြန်မချစ်ဘူးဆိုရင်တော့ ဘဝတစ်လျှောက်လုံးမှာ ချစ်သူနဲ့ ကွေကွင်းရသူ တစ်ယောက်လို ကြေကွဲခံစားနေရမှာပါ၊ ငါသာ နင့်ချစ်သူ ဖြစ်ခွင့်ရရင် မချစ်မနှစ်သက်သူရဲ့ ရင်ခွင်ထဲကနေ အသက်နဲ့လဲပြီး ခေါ်ယူနိုင်မှာ အမှန်ပဲ'

တိတ်တခိုး ငုံ့ကြည့်သည်။ နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။

'ငါ အိမ်ပြန်ခေဖို့ တစ်ခုဘည်းအတွက်နဲ့ နှလုံးသားကို ဘာဖြစ်တို့ အလွဲသုံးစား လုပ်ချင်ရတာလဲ လွှင်သင်း'

'နင် အဲဒီလို ပြောလိမ့်မယ်လို့ ငါ ထင်ပြီးသားပါ၊ နင့်ကို တခြားသူရဲ့ ရင်ခွင်ထဲ ရောက်မသွားဖို့ သူငယ်ချင်း တစ်ယောက်အနေနဲ့ ငါ ပြည့်ပြည့်ဝဝ စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး၊ ချစ်သူတစ်ယောက်အနေနဲ့တော့ ပြည့်ပြည့်ဝဝ စွမ်းဆောင်နိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်တယ် ငါ နင်နဲ့ မခွဲနိုင်ဘူး တိတ်တခိုး၊ ဒီစကားကို အခု မယုံပါနဲ့ဦး၊ အတူနေဖို့ စွမ်းဆောင်နိုင်တဲ့ နေ့ကျမှယုံပါ၊ ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောရရင် နင့်ကို ငါ အခုချက်ချင်း အဝေးကြီးကို ခေါ်သွားချင်တယ်၊ ဘတူတူ ထွက်ပြေးချင်တယ်၊ ဒါပေမယ့် မိသားဖသားပီပီဆိုတဲ့ အခြေအနေမျိုးကို ငါ ဖန်တီးကြည့်ချင်တယ် တိတ်တခိုး'



www.burmeseclassic.com

www.burmeseclassic.com



'နှင် ဘာကိုဆိုလိုတာလဲ လှိုင်လင်း'

'နှင့်ကို ငါ ချစ်တယ်လို့ ဆိုလိုတာပဲ၊ ငါ့ကို ပြန် မချစ်နိုင်ဘူး ဆိုရင်တော့ ငါ ကံဆိုးတာပဲပေါ့၊ ပြန် ချစ်နိုင်မယ် ဆိုရင်တော့ နှင် အိမ်ပြန်စေချင်တယ် အိမ်ပြန်ပြီး နေမြဲအတိုင်းနေ၊ တခြားသူနဲ့ မနက်ဖြန် လို စေ့စပ်တော့မယ်ဆိုရင် ဒီနေ့ဟာ နှင်နဲ့ငါ အတူ နေတဲ့နေ့ပဲ၊ ဒီလောက်ဆို ငါဆိုလိုတာကို နှင် နား ရှင်းရောပေါ့၊ အခု ချစ်စကားပြော အခု ခိုးရာလိုက် ပြေး ဆိုတာမျိုး မဖြစ်သင့်ဘူးထင်လို့ နှင့်ကို ငါ အိမ်ခဏ ပြန်ခိုင်းနေတာပါ'

'ယုံရလောက်အောင် နှင် ပြောတတ်သားပဲနော်'

'အခုလောလောဆယ် ယုံတာမယုံတာကို ဒုတိယ လို့ သဘောထားပြီး ချစ်နိုင်မချစ်နိုင် ဆိုတာကို ပထမကိစ္စလို့ သဘောထားပြီး စဉ်းစားပါ'

တိတ်တခိုး သူ့ကို ကြည့်သည်။

မျက်နှာချင်း ဆုံသောအခါ တစ်ကြိမ်တစ်ခါမျှ မ မြင်ဘူးသော၊ နွယ်တစ်ပင် တွယ်ငင်နေသည်ကို မျက်ဝန်း ထဲမှာ ကိုယ်စီတွေ့၏။

'နှင် ငါ့ကို မချစ်ဘူးလား တိတ်တခိုး'

မျက်ရည်သွယ်တွေ စီးဆင်းနွယ်၏။





ပြတင်းပေါက်မှ ဝင်လာသော အလင်း။

မျက်ရည်၏ ဟရောင်ကြောင့် ပါးပြင်နုသည် ပုလဲဥတွေ ခိုတွယ်ရာ ပန်းနုရောင် ကတ္တီပါကဲ့သို့ ဖြစ်၏။

ပါးပြင်နုကို ထိတို့ပိုင်ခွင့် မရှိသေး။

'ငါ ကားပေါ်က နာရီဝက်တိတိ စောင့်နေမယ်၊ တိတ်တခိုး၊ ငါ့ကို ချစ်တယ်ဆိုရင် အဲဒီ နာရီဝက် အတွင်း ငါ့ဘေးနားကို ရောက်အောင် လာခဲ့ပါ၊ နာရီဝက်ပြည့်လို့မှ နှင် ရောက်မလာရင် သူငယ်ချင်း တစ်ယောက်ကို ထားခဲ့ရတဲ့ အတွက်ရော ချစ်သူ တစ်ယောက်ကို စွန့်လွှတ်လိုက်ရတဲ့ အတွက်ရော ငါ နှင်ဆ ခံစားရမှာပါ'

ပြောပြီး ထိုင်ရာမှ ထသည်။

မြတ်နိုးမျက်နှာကို ခင်တွယ်စွာ ငုံ့ကြည့်လျက်....

'ငါ့စကားတွေဟာ လိမ်ညာ လှည့်စားတယ်လို့ နှင် ယူဆထားတယ် ဆိုရင်တောင် နှင် ငါ့ကိုချစ်ရင် အဲဒီ လှည့်စား လိမ်ညာတဲ့ဒဏ်ကို နှင် ခံနိုင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်သူ ဆိုတာ ကိုယ့်ချစ်သူရဲ့ လှည့်စားသမျှကို သိသိနဲ့ပဲ ရင်ဆိုင် ခံစားတတ်ကြတယ်လေ'

လေးပင်စွာ ကျောခိုင်းပစ်လိုက်သည်။

ကားရပ်ထားရာ နေရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းခဲ့ သည်။ မြင်းခြူးသံတွေ ကြားရ၏။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ကမ်းစပ်သို့ ရောက်သည်အထိ ရွှေတိုးကိုကျွန်တော်ဘာမျှ မပြောရသေး။

'အရေးကြီးလို့'

ဟု ပြောပြီးသာ ကျွန်တော် ခေါ်ခဲ့သည်။

ကျွန်တော် စေခိုင်းသည့်အတိုင်း ရွှေတိုးက အဝတ်အစားတွေလဲ၏။ မျက်နှာသုတ်ပဝါဖြင့် ခေါင်းမှ ရေတွေကို ကျွန်တော် သုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုလဲ သုတ်၏။

'မမမှာ လက်ထပ်မယ့်သူရှိတယ် ရွှေတိုး'

ရွှေတိုးက အင်္ကျီကြယ်သီးတွေ တပ်နေရင်း နှုတ်ဆောင်သည်။

'အဲဒီလူက ကိုကိုသက်ပဲ'

ရွှေတိုးက အင်္ကျီအနားစကို ဂျင်းဘောင်းဘီထဲသို့ ထည့်ဝတ်ပြီး....

'ခင်းကလဲ ပေါက်ကရ ပြောရော့မယ်၊ စာကျက်တာ များသွားတယ် ထင်တယ်၊ ဟုတ်လား'

ရယ်မောလျက် ပြောသည်။ ကျွန်တော် စိတ်မဆိုးဖြစ်။

နိုင်ကိုကို အဝတ်အစားတွေ နားမှာ ထားခဲ့သည်။ ဘူးသီးကြော်ဆိုင်ဘက် ထွက်ခဲ့ကြ၏။ ဟိုဒကာင်တွေကတော့ ရေကူးနေဆဲ ဖြစ်သည်။

ဝန်းကျင်တစ်လျှောက် စည်စည်ကားကား ရှိနေ၏။

အဖြစ်အပျက် အလုံးစုံကို ကျွန်တော် အသေးစိတ်ပြောပြလိုက်သည်။ ရွှေတိုး မျက်နှာပေါ်တွင် မယုံကြည်ခြင်း တစ်ဝက်။ ယုံကြည်ခြင်း တစ်ဝက်။





'ကိုယ်တိုင်မတွေ့လို့ မယုံတာမျိုး မဟုတ်ဘူးနော်လှိုင်လင်း၊ တိုက်ဆိုင်လွန်း အားကြီးတော့ မင်းကို ငါ ဘယ်လို အကြံပေးရမှန်းတောင် မသိဘူး၊ အခု မင်း ဘာလုပ်ချင်သလဲ ပြော၊ ငါ ကူညီမယ်'

'ငါရှက်တယ်ကွာ၊ ရေထဲကိုခုန်ချပြီး သေပစ်လိုက်ချင်တယ်၊ ကိုသက်ကို ငါ မျက်နှာ မပြရဲတော့ဘူး၊ ငါ့အမူအရာကို မရိပ်မိရင်တောင် မမက တစ်ခုခု ပြောပြလိုက်မှာ ကျိန်းသေတယ်၊ ကိုသက်ကို ရင်မဆိုင်ချင်လို့ ဒီကို ထွက်လာတာ'

'ဒီနေ့ မတွေ့လဲ နောက်နေ့ တွေ့မှာပဲ- အတွေ့ခံပြီး တောင်းပန်လိုက်တာ ကောင်းမယ်ထင်တယ်'

'နောက်မှ တောင်းပန်ပါရစေကွာ၊ အခုလောလော ဆယ် ကိုသက်ကို ငါ မကြည့်ရဲပါဘူး ဆိုမှပဲ၊ ငါ အိမ်လဲ မပြန်ချင်ဘူး၊ ရန်ကုန်မှာလဲ မနေချင်ဘူး၊ တစ်နေရာရာကို အခုညတွင်းချင်း သွားချင်တယ်.... အဲဒါ မင်း လိုက်ခဲ့'

ရွှေတိုး ခေါင်းညိတ်သည်။

'မင်းလိုပဲ ငါလဲ ခေါင်းပူနေတယ်၊ လောလောဆယ် ဘာမှ မဆုံးဖြတ်ဘဲ ခပ်ဝေးဝေးသွားနေတာ ကောင်းပါတယ်၊ ဒါဆို ငါ အိမ်ခဏပြန်မယ်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းတွဲမှ လက်မှတ်နှစ်စောင် ဝယ်သည်။

မန္တလေးရထားထွက်ချိန် ဖြစ်သဖြင့် အနည်းဆုံး မန္တလေး တော့ ရောက်ဖြင်မှာပဲဟု တွေးပြီး ရရာလက်မှတ်ကို ဝယ် လိုက်ခြင်း ဖြစ်သည်။

ရထားပေါ်ရောက်ပြီး ခဏအကြာတွင် ရထားထွ သည်။ မန္တလေးတွင် အသိအကျွမ်း မရှိသည်ကို တွေ မိပြီး....

'ငါတို့ သာစည်မှာပဲ ဆင်းရင် ကောင်းမယ်'

'သာစည်မှာ မင်းအသိအကျွမ်း ရှိလို့လား'

ကျွန်တော် ခေါင်းယမ်းသည်။

'သာစည်မှာတော့ မရှိဘူး၊ မိတ္ထီလာမှာ ငါ့ဦးလေး ရှိတယ်၊ သာစည်ကနေ တစ်ဆင့် သွားရမှာ'

ရွှေတိုးက ဒူယား စီးကရက်ဘူးကို ဖွင့်ရင်း....

'မင်း သွားတတ်လို့လား'

'သွားတတ်တယ်၊ ငယ်ငယ်တုန်းက တစ်ခေါက် ရောက်ဖူးတယ်၊ ငွေကြယ်လမ်း ဘီအိုစီအနီး အနီး မေတ္တာကား အမှိုးကူရှင်လုပ်ငန်း၊ အဲဒါ ငါ့ဦးလေး အိမ်ပဲ၊ ငါ့အမေရဲ့ မောင်'





'ဒါဆို မင်း ဘယ်မှာရှိကယ်ဆိုတာ မင်းအမေ သိ သွားမှာပေါ့'

'သိလည်း ကိစ္စတော့ မရှိပါဘူးကွာ၊ အရေးကြီး တာက ခုန်ကုန်နဲ့ ဝေးနေဖို့ပဲ'

ရွှေတိုးပေးသော စီးကရက်ကို နှုတ်ခမ်းတွင် တေ့သည်။ ဘောင်းဘီအိတ် အတွင်းမှ မီးခြစ်ကိုထုတ်၍ မီးညှိလိုက်ပြီး ရွှေတိုးကို မီးခြစ်လှမ်းပေးသည်။

စီးကရက်ငွေ့တွေကို ပြတင်းပေါက်အပြင်သို့ မှုတ်ထုတ် လိုက်သည်။ ပြေးထွက်သွားသော မီးခိုးငွေ့တွေကို နှမြော သည်၍ မရတော့။

မိတ္ထီလာသို့ ရောက်ပြီး ဆယ်ရက်ခန့် ကြာသောအခါ ကျမှ အမေ စိတ်ပူနေမှာကို စိုး၍ ကျွန်တော် စိုးရိမ်သည်။ အမေ့ကို တစ်ယောက်တည်း ထားခဲ့မိခြင်းအတွက် စိတ်မ ကောင်း ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေသည် အဖေရှိစဉ်ကတည်းက အသည်းဆိုင်ဖွင့်[illegible] စီးပွားရှာခဲ့သည်။ အမေ့လုပ်ငန်းကို ကျွန်တော် အကူအ[illegible] မပေးဖူးခဲ့။ နေတတ်သလို နေခဲ့မိသည်။ အမေ စကားနည်[illegible] သည်။ ကျွန်တော်‌ ့ အလိုလိုက်ခဲ့သည်။ ကျွန်တော်ပြော[illegible] မျှကို ခေါင်းညိတ်သည်။ ကျွန်တော့် ဝတ်ပုံ စားပုံ နေ[illegible] ထိုင်ပုံကို ဘာမကျေ ဖြစ်သဖြင့် အဖေရှိစဉ်က အမေ[illegible] ကျွန်တော့်ကို ရိုက်နှက် ဆုံးမခဲ့ဖူးသည်။ အမေက ကျွန်တော်[illegible] ကို လေသံမာမာဖြင့်ပင် မအော်ငေါက်ဖူးခဲ့။

'မအေက အလိုလိုက်တယ် သဘောကောင်းတယ် [illegible] ပြီး နေချင်သလိုနေ.... သွားချင်ရာ သွားတာဟာ[illegible] မအေကို အနိုင်ကျင့်တာပဲ....'

ကိုကိုသက် ပြောခဲ့ဖူးသည်။

အခုမှ ကျွန်တော် ငိုချင်၏။

အမေနှင့် တစ်ခါမှ မခွဲဖူးခဲ့သဖြင့် အမေနှင့် ဝေးဝေ[illegible] မနေတတ်မှန်း ကိုယ့်ကိုယ်ကို သိလာသည်။ အိမ်ပြန်ချင်စိ[illegible] ဖြစ်သော်လည်း မပြန်ရဲသေးသဖြင့် ပို၍ ခံစားရသည်။

ဖြစ်ပျက်ခဲ့သမျှကို ပြန်တွေးကြည့်တိုင်း အရှက်စိ[illegible] ဝမ်းနည်းစိတ်ကြောင့် ငါကိုယ်တည်း ချောက်ချား[illegible] သည်။

ကျေးဇူးရှင်၏ပွဲတော်အုပ်ကိုမက်မောမိသော သူတောင်း[illegible] စားကဲ့သို့ ကိုယ့်ကိုယ်ကို ထင်မိသည်။ တစ်ကိုယ်တည်[illegible]





ဆောက်တည်ရာမရ။ တစ်နေရာတည်းတွင် ကြာကြာနေရ သည်ကိုပင် မလုံခြုံဟု ထင်၏။

ရွှေတိုးနှင့်အတူ စက်ဘီးကိုယ်စီဖြင့် ခြေဦးတည့်ရာ သွား သည်။ နေ့စောင်းမှ ပြန်လှည့်သည်။ နေဝင်မှ အိမ်ပြန်ရောက် သည်။ ဦးလေးဖြစ်သူနှင့်ပင် စကား တစ်ခွန်းစ နှစ်ခွန်းစ သာ ဆိုဖြစ်၏။ ဦးလေးကလည်း သူ့အလုပ်နှင့်သူ၊ မအား လပ်သဖြင့် ကျွန်တော် ဘာဖြစ်လာသည်ကို ရိပ်စားမိပုံ မရ။ အမေ့ကို ခွင့်ပန်၍ အလည်အပတ် လာရောက်သည်ဟုပင် ထင်လိမ့်မည်။

'ဒီမှာ လာနေရုံနဲ့ပြဿနာ မပြီးသွားနိုင်ဘူးလိုင်လင်း၊ ရန်ကုန်နဲ့လည်း ဝေးခဲ့ပြီ၊ ဆယ်ရက်လောက်လဲ ခြားသွားပြီ ဆိုတော့ ခေါင်းအေးအေးနဲ့ စဉ်းစားလို့ ရပြီ၊ မင်း ဘာဆက်လုပ်ချင်သလဲ၊ ပြဿနာကို ဘယ် လို ရှင်းမလဲ'

'ငါ မရှင်းရဲဘူး ရွှေတိုး'

'အရမ်းကြီးမားတဲ့ ပြဿနာမဟုတ်ဘူးလို့ ငါပြော ချင်တယ်ကွာ'

တတ်ပေါင်းစု ဘုရားငင်း အပြင်ဘက်တွင် စက်ဘီးကို ရပ်သည်။ စက်ဘီးကိုတွန်းပြီး ကားလမ်းကူးသည်။ လမ်းနံ ဘေးတွင် ရှိသော ထန်းရည်ဆိုင်ရှိရာသို့ သွားသည်။ ဆိုင်ပင် ရိပ်ရှိရာ ခုံငယ်တစ်ခုတွင် ထိုင်၏။ ရွှေတိုးတာ....



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုသက်နဲ့ မမအကြောင်းကို မသိခဲ့လို့ပါလို့ ပြော လိုက်ရုံနဲ့ ပြဿနာ ပြေလည်သွားမယ့် ကိစ္စပါ'

'မျက်နှာပူတာတို့ ရှက်တာတို့.... ယူကျုံးမရတာတို့ ဘယ်သွားထားမလဲ....ရွှေတိုး'

'ဒါဆို မင်းက တစ်သက်လုံး ရှောင်ပြေးနေမှာလား'

စားပွဲပေါ်သို့ ထန်းရည် နှစ်ပုလင်းနှင့် ဖန်ခွက်နှစ်လုံး လာချသည်။

'ဖြစ်နိုင်ရင် တစ်သက်လုံး ရှောင်ပစ်လိုက်ချင်တယ် ကွာ....'

ရင်မောသံဖြင့် ပြောမိသည်။

'ကိုကိုသက်ကတော့ မဒါလီဒီအောင်ကပါ မင်းက ခွင့်လွှတ် နားလည်နိုင်ကြမှာပါ'

'ခွင့်လွှတ်ကြမယ့် သူတွေရှေ့မှာငါ မနေရဲဘူး'

ပုလင်းထဲမှ ထန်းရည်ကို ဖန်ခွက်နှစ်လုံး အတွင်းသို့ ထည့် သည်။ ရွှေတိုးရှေ့တွင် တစ်ခွက်ချပေးပြီး ကျန်တစ်ခွက် ကျွန်တော် ဂမော့သောက်သည်။ ပြင်းစွာကျသော ခေနဓာတ် ကို ကျော်ပေးထားလိုက်သည်။





အိမ်ရှေ့တွင် စက်ဘီးကို ဒေါက်ထောက် လိုက်သည်။ ...မ်းတံတွေးကို လမ်းဘေးသို့ လှည့်အထွေး၊ အိမ်ရှေ့ ...င် မြင်းလှည်းတစ်စီး ရပ်သည်ကို မြင်၏။

ကျွန်တော့် မျက်လုံး ဝိုင်းသွားသည်။

'အမေ'

မြင်းလှည်းပေါ်မှ ဆင်းလာသော အမေ့ထံ သို့ ...ျွန်တော် ပြေးသွားသည်။

ကျွန်တော့်ကို မြင်မြင်ချင်း အမေ ပြုံး၏။

နွေးရှင်ပြင်ကို ကြည်လင်အေးမြစေသည့် အပြုံး။

အမေ့လက်ထဲမှ သားရေအိတ်ကို ကျွန်တော် လှမ်းယူ သည်။

အနားသို့ ရွှေတိုးရောက်လာသည်။

'ကိုယ့်ဦးလေးဆီလာတာပဲ သားရယ်၊ အမေ့ကို သေသေချာချာ ပြောသွားရောပေါ့'

အိမ်ရှေ့သို့ထွက်လာသော ဦးလေးက....

'ရန်ကုန် လူကြုံရှိလို့ အစ်မဆီစာရေးပြီး ခေါ်လိုက် ...။ ဒီကိုလာတာ အစ်မ မသိဘူးထင်တယ်၊ ကုတ်တယ်မို့ ...း မောင်လင်း'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စကားမဆိုမိ။

အမေက....

'ခရီးထွက်မယ်ဆိုပြီး ပြောသွားတာ၊ ဘယ်ကိုသွား မယ်လို့ ပြောမသွားဘူးလေ'

ပြုံးရွှင်လျက်ပြောနေသဖြင့် ကျွန်တော် မလုံမလဲ ဖြစ်ရသည်။

'မောင်ရွှေတိုးကလဲ အိမ်ကို ဘာမှ ပြောမသွားဘူး'

ရွှေတိုး ခေါင်းညိတ်သည်။

အမေက အိမ်ရှေ့ရှိ ခုံတန်းလျှားတွင် ထိုင်သည်။ အမေ့ဘေးတွင် ကျွန်တော်ထိုင်သည်။ ကျွန်တော့်နံဘေးတွင် ရွှေတိုး ထိုင်၏။

ဦးလေးက အနီးရှိ ကုလားထိုင်တွင် ထိုင်သည်။

ဘန်ဒါရိပ်သည် နေပူဒဏ်ကို ကာရံထား၏။

'မောင်သက်က အိမ်ကို နေ့တိုင်းလာပြီး မေးတယ်၊ ဒါလီအောင်ဆိုတဲ့ ကလေးမက ညတိုင်း ဖုန်းဆက်တယ်'

မျက်နှာမပျက်အောင် ထိန်းသိမ်းထားရ၏။

လုံခြုံသည်ကို ရွှေတိုး သိပေလိမ့်မည်။





'ရော့....ဒါက မောင်သက်ပေးလိုက်တဲ့စာ၊ ဒါက ဒါလီအောင်ရဲ့စာ'

စာနှစ်စောင် ကျွန်တော့်လက်ထဲသို့ ရောက်လာသည်။

ကိုကိုသက်၏ စာအိတ်က ခပ်ပါးပါး။ မမ၏စာအိတ်က ထူထူထဲထဲ။

စာနှစ်စောင်ကိုယူ၍ အိမ်ထဲသို့ ကျွန်တော် ရွှေတိုးလည်း လိုက်ပါလာ၏။

အပေါ်ထပ် အိပ်ခန်းအတွင်းသို့ ရောက်သောအခါ ကိုကိုသက်၏စာကို အလျင်ဖောက်ဖတ်သည်။

အသက်ရှူမိသည် မရှူမိသည်ကိုပင် ကိုယ့်ကိုယ်ကို သတိမပြုအား။

ညီလေး လှိုင်လင်း

အခြေအနေအရပ်ရပ်ကို ကိုယ် နားလည်ပါတယ်၊ ဒါလီ့အိမ်မှာ မင်းကိုတွေ့တွေ့ချင်း ကိုယ် ရိပ်စားမိတယ်၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ညီလေးရာ၊ ဒီကမ္ဘာပေါ်မှာ ညီလေးဖြစ်ချင်တာဖြစ်ဖို့ ကိုယ် တာဝန်ယူပါတယ်၊ အိမ်ကို အမြန်ပြန်ခဲ့ပါ။

ညီလေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ ကိစ္စအဝဝ လက်လွန်ခြေလွန် မဖြစ်သေးပါဘူးညီလေး၊ ဟိုချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံစံကိုပြန်ပြီး ဖန်တီးလို့ရနိုင်သေးတဲ့ အခြေအနေ မို့ ရန်ကုန်ကို မင်း အမြန်ဆုံး ပြန်လာစေချင်တယ်။ မင်း မမကလဲ မင်းကို တွေ့ချင်နေတယ်၊ ပြန်လာ လိုက်ပါဦး ညီလေးရာ။

မင်းရဲ့
ပြုံးရွှင်
အစ်ကို-ကိုသက်

သည်။

စာခေါက်ကိုကိုင်လျက် မျက်လုံးကို စုံမှိတ်ထားလိုက်မိ သည်။

ရွှေတိုးက ကျွန်တော့်လက်ထဲမှ စာခေါက်ကိုယူပြီး စာ အိတ်ထဲသို့ ပြန်ထည့်ပေးသည်။

မျက်လုံးကို ပုဘ်ခတ်ရင်း....

မမ၏စာအိတ်ကို ဖောက်ဖတ်သည်။

ကျေးဇူးရှင်တစ်ယောက်က ပိုင်ဆိုင်သော ပုလဲလုံး ပုလဲ ကုံးတွေ မဆီမဆိုင် သူ့ထံသို့ရောက်လာသည်ဟု ခံစားရ၏။ ဝေဘက်လာသော မျက်ရည်ကြောင့် ပုလဲကုံးတွေသည် အမြင်တွင် မပီမသ။

❖ ❖ ❖

## (၂၀)

ဆယ်မိနစ်ခန့် ကြာသည်အထိ တိတ်တခိုး၏ အရိပ် အယောင်ကို မတွေ့ရ။ တိတ်တခိုးလာမည့်ဘက်သို့ သူ ငဲ့ မကြည့်။

ကား၏ ရှေ့တည့်တည့်ကိုသာ တမျှော်တခေါ် ငေး ကြည့်နေသည်။

လမ်းမကြီးပေါ်တွင် မြင်းလှည်းသွား၊ ဆိုက်ကားတွေ၊ ဝက်ဘီးတွေ၊ ကားတွေဖြင့် ညကား ရှုပ်ထွေးလျက် ရှိ၏။

မျက်နှာမူရာဘက်တွင် တံတားကြီးကို ပီပီသသ မြင်နေရ သည်။

ကားပေါ်တွင် ထိုင်နေသူအားလုံး နှုတ်ဆိတ်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်မှု မပျော်ရွှင်မှု အဖြေတစ်ခုကို စောင့်စားရင်ထိတ်နေရသကဲ့သို့ ရှိသည်။

'လာမယ် မထင်တော့ပါဘူးကွာ'

ရွှေတိုးက ကားလက်ကိုင်ခွေပေါ်တွင် လက်နှစ်ဖက်ကိုတင်ပြီး ပြောသည်။

သူ ဘာကိုမျှ ပြန်ပြောချင်စိတ် မရှိ။

'မင်းကို ပြန်ချစ်ချင်တယ် ဆိုတာတောင်မှ အိမ်ပြန်ရမှာစိုးတာနဲ့ ကားပေါ်ကို ရောက်လာမှာမဟုတ်ဘူး၊ တခြားနည်းနဲ့ပဲ အဖြေ ပေးလိမ့်မယ်ထင်တယ်'

ကျောဘက်ရှိ ကားမှန်ကို တဒေါက်ဒေါက် ခေါက်သံကြားသည်။ တံခါးပေါက်မှ ခေါင်းထုတ်လျက် နောက်သို့ငဲ့ကြည့်သည်။ ခေါင်းပြူလာသော မျိုးချိမ်ကို တွေ့၏။ မျိုးချိမ်က လေသံသဲ့သဲ့ဖြင့်....

'တိတ်တခိုး လာနေပြီ လှိုင်လင်း'

ရွှေတိုးကို ကျော်လွန်လျက် ကား၏အပြင်ဘက်သို့ သူလှမ်းကြည့်သည်။ မျိုးချိမ်ဘက်သို့ ပြန်လှည့်ပြီး လက်သူးထောင်လျက် နှုတ်ခမ်းရှေ့တွင် ထိပြလိုက်သည်။ မျိုးချိမ်ပြန်ဝင်သွား၏။ ကြာမြင့်ချိန်သည် ဆယ်ငါးမိနစ် တိတိ။





တိတ်တခိုး၏ ပခုံးပေါ်မှ သားရေအိတ်ကို သူ့သားရောက်ကူညီ သယ်ပေးချင်၏။ တစ်ပါးတည်း ပြန်လိုက်ဖို့ မဟုတ်ဘဲ တစ်နေရာရာကို သွားဖို့ လာနှုတ်ဆက်တာမျိုးလည်း ဖြစ်နိုင်သည်။

ကားရှေ့မှ ကွေ့လာသော တိတ်တခိုးကို မြင်ပါလျက်သူ ငဲ့မကြည့်။ ကားတံခါး ဘေးတွင် တိတ်တခိုး လာရပ်သည်။ 'ငါမလိုက်တော့ဘူး လှိုင်လင်း'ဟု ပြောလျှင် သူဘာပြန်ပြောရမည်ကို တွေး၍မရ။ ဆုံးဖြတ်ရခက်သော အဖြေစကားကို ကြိုတင်ကြားယောင်နိုင်စွမ်းပင် မရှိ။

'တံခါး ဖွင့်ပေးလေ'

မမျှော်လင့်သော စကား၊ မထင်မှတ်သော အခြေအနေ။

အလိုချင်ဆုံးအရာကို မမျှော်လင့်ဘဲ ရရှိခွင့် ကြုံသောအခါ မည်သို့ခံစား ပျော်ပိုက်လေ့ရှိသည်ကို ကိုယ်တိုင်ကြုံတွေ့ရသည့်တိုင် ရင်တွင်း၌ ဖြစ်ပေါ်လာသော အတိုင်းအဆမဲ့ ဖော်ပြဖို့ မစွမ်းနိုင်မှန်း ကိုယ့်ကိုယ်ကို သိလိုက်၏။

'ဖွင့်ပေးလိုက်လေကွာ'

ရွှေတိုး၏ အသံကြားမှ သူ တံခါးကို ညင်သာစွာ ဖွင့်လိုက်သည်။ ကား၏ပြင်ပသို့ သူထွက်သည်။ တိတ်တခိုး၏ လက်ထဲမှ သားရေအိတ်ကို ယူသည်၊ တိတ်တခိုးကို ကားထဲသို့ ဝင်စေ၏။ ပြီးမှတိတ်တခိုးနံဘေးတွင် သူ ဝင်ထိုင်သည်။ ကားတံခါးကို ညင်ညင်သာသာ ပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားစက်နှိုးသံ ကြားသည်။ အားလုံး ပျော်ရွှင်သွားကြမည်ကို သိ၏။ သူ အပျော်ဆုံးဟု ကိုယ့်ကိုယ်ကို သိသည်။ ငမ်းစမ်းအေး၏ အဒေါ်ကို အားလုံးက နှုတ်ဆက်လက်ပြကြသည်။ ကားထိုး ရွေ့၏။

မျက်လွှာချထားသော တိတ်တခိုးကို သူငဲ့ကြည့်သည်။ မြတ်နိုးစွာ ကြည့်ငေးလျက်....

'ငါ့တစ်သက်မှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပါပဲ၊ တိတ်တခိုးရယ်'

အဝကြင်ဖော် ခင်မင်တွယ်တာ ချစ်ကြင်နာရမည့်သူ တစ်ယောက် ရင်တွင်းသို့ ရောက်လာပြီဟု သိ၏။

ချစ်သူ့ လက်ဖဝါးနုနုကို ကိုင်တွယ်လျက် အနာဂတ်ကို ရင်ဆိုင်ချင်သည်။

❄ ❄ ❄

မမ၏စာအိတ်ကို ဖွင့်လိုက်သောအခါ ကျွန်တော် ဘယ်တုန်းကမှ မရိုက်ခဲ့ဘူးသော ကျွန်တော့် ဓာတ်ပုံ သုံးပုံကို တွေ့သည်။





ဓာတ်ပုံတွေကို အနားတွင်ချပြီး စာခေါက်ကို ဖြေသည်။

မမ အနားသို့ ရောက်လာသည်ဟု ခံစားရ၏။

စာနဲ့အတူ ပါလာတဲ့ ဓာတ်ပုံသုံးပုံကို ကိုလင်း သေသေချာချာ ကြည့်ပြီးဆာပေါ့၊ အဲဒီဓာတ်ပုံတွေဟာ ကိုလင်းရဲ့ ဓာတ်ပုံတွေမဟုတ်ဘူးဆိုတာ ကိုလင်းကလွဲပြီး တခြားသူတွေ သိမှာမဟုတ်ဘူး၊ ဒီဓာတ်ပုံတွေကို မြင်သူတိုင်းက ကိုလင်းရဲ့ပုံလို့ပဲ ထင်ကြ မြင်ကြလိမ့်မယ်။

ဟုတ်တယ် ကိုလင်း၊ အဲဒါ ကိုလင်းရဲ့ပုံတွေ မဟုတ်ဘူး၊ မမရဲ့မောင်၊ မေမေ့ရဲ့ အသည်းစွဲ အငယ်ဆုံးသား ဇော်မင်းအောင်ပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က သူ ဆုံးသွားတယ်၊ ဆယ်တန်း အောင်စာရင်းထွက်တဲ့နေ့ သူငယ်ချင်းတွေနဲ့ အင်းလျားမှာ ရေသွားကူးပြီး မြုပ်သွားတာလေ။

မမနဲ့ သွေးမတော် သားမစပ် သူစိမ်းယောကျ်ားလေးတစ်ယောက်ဖြစ်တဲ့ ကိုလင်းကို မြင်မြင်ချင်း ခင်မင်မိတာ ဘာကြောင့်လဲဆိုတာ ရိပ်မိရောပေါ့ နော်၊ မောင်လေး ဇော်မင်းအောင်ရဲ့စိတ်နဲ့ မေမေ အိပ်ရာထဲ လဲခဲ့တာ မောင်ကို မမြင်မတွေ့ခင်အထိပဲပေါ့၊ မောင်ဟာ မမတို့ မိသားစုရဲ့ ကျေးဇူးရှင်ပါကွယ်၊ မောင်ထူးသဖြင့် မေမေ့ရဲ့အသက်သခင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးနဲ့ ရုပ်ချင်းတူလို့ ခင်မင်မိရာကနေ နောက်ပိုင်းမှာ မင်းကို တကယ့်မောင်အရင်းလို ချစ်ခင်မိတာပါ၊ မေမေကဆို ကိုလင်းကို တကယ့်သားအရင်းလို ချစ်တာ၊ ကိုကိုကလဲ တကယ့်ညီငယ်လေးလို ချစ်တာ၊ သူတို့မောင် သူတို့သား သူတို့ညီနဲ့တူလို့ ငါ့ကို ခင်ခင်မင်မင် နေကြတာပါလို့ မင်း ထင်သွားမှာ အစိုးရိမ်ဆုံးပဲ၊ အဲဒါကြောင့်လဲ မင်း အိမ်ကိုလာမယ့်နေ့ကဘည်းက ဇော်မင်းအောင်ရဲ့ ဓာတ်ပုံတွေကို လုံခြုံရာမှာ သိမ်းထားခဲ့တယ်လေ။

မမ အစိုးရိမ်ဆုံးကတော့ မင်း မမတို့မိသားစုကို ပစ်သွားမှာ အစိုးရိမ်ဆုံးပဲ၊ မေမေ့အနားမှာ မင်းရှိမှ ဖြစ်မှာမို့ ဒီစကားပြောတာ မဟုတ်ပါဘူးကွယ်၊ သံယောဇဉ်တွေ ဖြစ်ခဲ့ကြပြီးမှ ရုတ်တရက် ခွဲရခွာရမှာ စိုးရိမ်တဲ့ သဘောပါ၊ ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကို ပြဿနာကြီးတစ်ခုလို မယူဆပါနဲ့ ကိုလင်းရယ်။

မင်းကို မမ နားလည်ပါတယ်၊ ခွင့်လွှတ်တယ်လို့ မမ မပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ဘာ အပြစ်မှ မရှိခဲ့လို့ ခွင့်လွှတ်တယ်လို့ ပြောဖို့မလိုတာပါ၊ ကိုသက်ထွန်း ကိုယ်တိုင်ကလဲ မမလိုပါပဲ။

မေမေ နေမကောင်းဘူးကိုလင်း၊ မင်းကို တဖွဖွ မေးနေတယ်၊ ခရီးထွက်သွားတယ်လို့ မမပြောတော့ မေမေက မဖြစ်နိုင်ဘူးတဲ့၊ တကယ် ခရီးထွက်သွားတာမှန်ရင် သားက လိပ်စာနှုတ်ဆက်မှာပေါ့တဲ့၊ မေ





ဘယ်လိုညာပြောရမလဲ ကိုလင်းရယ်၊ မင်းသာ မမတို့အိမ်ကို မဝင်မထွက်တော့ရင် မေမေနဲ့ ကိုကိုတို့ကို မမ ဘယ်လိုပြောရမလဲ၊ မင်းနဲ့မတွေ့ခင် ခြောက်လလောက်တုန်း....

ကိုသက်ထွန်းနဲ့ မမ ပတ်သက်ခဲ့တာပါ၊ မောင်လေး ဇော်မင်းအောင်ကို ကိုသက်ထွန်းလဲ မမြင်ဘူးခဲ့ပါဘူး၊ ဇော်မင်းအောင်နဲ့ ရုပ်ချင်းတူတဲ့ ကိုလင်း အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးဘူး၊ အခုတော့ ကိုသက်ထွန်းကို မမ အကုန်အစင် ရှင်းပြလိုက်ပြီ။

မင်းကို မမ ခင်ပါတယ် ကိုလင်းရယ်၊ နောက်ထပ် မောင်တစ်ယောက်ကို မမ မဆုံးရှုံးပါရစေနဲ့၊ မင်းရင်ထဲကို မမ မြင်ပါတယ်၊ မမစကားကို နားထောင်ပါကွယ်၊ ရန်ကုန်ကို အမြန်ပြန်လာပါ၊ မမကို ချစ်တယ်ဆိုရင် မမစကားကို နားထောင်ပါ ကလေးရယ်၊ မင်း ပြန်လာရင် မင်းဖြစ်ချင်တာ မှန်သမျှ မမ ဖြည့်ဆည်းပေးပါ့မယ်၊ မြန်မြန် ပြန်လာနော်....။

မင်းရဲ့

မမ

ဒါလီမြအောင်



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို ပြန်မခေါက်ဘဲ ခုတင်ပေါ်သို့ ကျွန်တော် ပစ်တင်လိုက်၏။

မျက်လုံးထောင့်တွင် မျက်ရည်တွေ စီးကျသွားသည်။

ပြဿနာကို ဖန်တီးသူက ကျွန်တော်။

အထူးသဖြင့် မျက်နှာပေါ်ရှိ အမှတ်စက် တစ်စက်ကအစ ဇော်မင်းအောင်နှင့် တူနေသည့် ကျွန်တော့်မျက်နှာ။

ဒီမျက်နှာကိုသာ ကျွန်တော် မပိုင်ဆိုင်ခဲ့လျှင် မမထွေး မိသားစုနှင့် ကျွန်တော် ရင်းနှီးကျွမ်းဝင်ခွင့် ရရှိလိမ့်မည် မဟုတ်။

ထိုအခါ ဒီမိုက်မဲမှုမျိုးကို စောစောစီးစီး ကျူးလွန်မိမည် လည်းမဟုတ်။

အပြစ်ကျူးလွန်စေသည့် ကျွန်တော့်မျက်နှာကို ကျွန်တော် ပိုင်ဆိုင်လိုစိတ် မရှိတော့။





အောင်စာရင်း ထွက်ခါနီးမှ ပြန်လာမည်ဖြစ်ကြောင်း အမေ့ကို ကျွန်တော် မှာကြားသည်။

ရွှေဘိုးဇော်အိမ်ကိုလည်း စိတ်မပူစေရန် အကြောင်းကြား ပေးဖို့ ကျွန်တော် ပြောသည်။

'ဒါလီအောင်တို့ မောင်သက်ထွန်းတို့ကို ဘာမှာဦး မလဲ'

ဟု အမေမေးသည်။

ကျွန်တော် ခေါင်းခါသည်။

အမေ လိုက်ပါလာသည့်ကား ထွက်သွားသောအခါ ရွှေတိုးက....

'မင်းပါ တက်ခါတည်း လိုက်သွားသင့်တယ်'

အမေ မပြန်ခင်ကတည်းက တဖွဖွပြောနေခဲ့ရှိသော စကား။

'ပြန်ချင်ပါတယ်ကွာ၊ ရင်ဆိုင်နိုင်စွမ်းရှိအောင် အားမွေးဖို့ နေခဲ့တာပါ'

'မဒါလီအောင်ရဲ့အမေ နေမကောင်းဘူး ဆိုတာကို မင်း တွက်သင့်တယ်'

'ငါပြန်ရောက်တဲ့နေ့ကျရင် နေကောင်းသွားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအမေကိုလဲ မင်း သနားသင့်တယ်၊ သွားရ ဖော
ရတာ ပင်ပန်းရှာမှာပဲ'

'ငါ အမြန်ဆုံးပြန်နိုင်အောင် ကြိုးစားပါ့မယ်ကွာ'

ကျွန်တော် ဦးခေါင်းတစ်ခုလုံး ထိုင်းမှိုင်းရီနေသည်။

ဘာကို ဘယ်လို စဉ်းစားရမည် မသိတော့ချေ။

ခပ်ပါးပါး ထိရှသွားသော အသည်းနှလုံး၏ ဒဏ်ရာက
ဦးနှောက်ကို ဘာကြောင့် ထိပါးသွားစေသလဲ။

ဦးနှောက်နှင့် နှလုံးသားကို ခန္ဓာကိုယ်၏ ဝေးရာသို့ ပစ်
ပယ်ထားလိုက်ချင်သည်။



(၂၁)

မိတ္ထီလာတွင် အချိန်ဖြုန်းနေရင်းက သဲတော ဝမ်းတွင်း
...ပင် ကျေးရွာအုပ်စုတွေဘက်သို့ သွားခဲ့သည်။ တမာကုန်း
...ရွာတွင် ဆွေမျိုးသားချင်းတွေ ရှိသည်။ တမာကုန်း
... ကျယ်ဝန်းသောရွာ။ သဘာဝ ရှုခင်းတွေ တည်ရှိ
...ရွာ။ လှက်ခတ်သံတွေ။ စက်ရက်ကန်းသံတွေ ညံစည်
...ရွာ။

...ရွာအတွင်းရှိ အမေ့ဦးလေးအိမ်တွင် ကျွန်တော် နေ
... ကျွန်တော်နှင့်ရွှေတိုးကို ရွာခံလူတွေက ခင်ခင်မင်မင်
...သည်။ ဆွေမျိုးတွေက ဝမ်းပန်းတသာ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှ ကာလသား အုပ်စုက ဂစ်တာတီးလျက် ရွာလ
သည်။ လသာသည့် ညသည် ပျော်စရာကောင်းသော ည
ကြည်နူးဖွယ်ကောင်းသော ည။ လရောင်ကို အပြည့်အ
ခံစားရသော ည။

ညစဉ်ညတိုင်း ကျွန်တော်နှင့် ရွှေတိုး ဂစ်တာတီးသ
ဂစ်တာတီးရင်း စကားဝိုင်းဖွဲ့ကြသည်။ ကျေးလက်အ
များစွာကို မြင်ဖူး ခံစားဖူးခြင်း မရှိခဲ့သဖြင့် ညဥ့်နက်သ
တိုင် အိပ်ရကောင်းမှန်း မသိခဲ့။

နေပြင်းသဖြင့် ညနေစောင်းမှသာ ရွာထဲသို့ လ
လျှောက်ထွက်သည်။ ရေခပ်ဆင်းချိန်တွင် ဂစ်ဘာဝိုင်းဖွဲ့
သော လူငယ်တစ်စုကို ရေကန်ကြီးအနီးတွင် တွေ့ရသည်။

တမာကုန်းရွာသည် ရှုပ်ရှုပ်ယှက်ယှက် မရှိ။ ရွာလမ်းမှ
သည် ကျယ်ကျယ်ဝန်းဝန်း သပ်သပ်ရပ်ရပ်။

ရွာ၏ အစွန်ဘက် ကုန်းမြင့်မြင့်တစ်ခုတွင် ရွှေတိုး
ကျွန်တော် ညနေစောင်းတိုင်း စကားဆိုင်ပြောသည်။
ရှင်းသော လေပြည်။ စိမ်းလဲ့လဲ့ သဘာဝမြေခင်းကို မြင်
ကြည်နူးခွင့် ရသောကြောင့် ကိုယ်စိတ်နှစ်ပါး လန်း
ဆန်းဆန်း ဖြစ်လာသည်။

'အိမ်ပြန်ချင်စိတ်တောင် ပေါက်လာပြီ'

ရွှေဝါရောင် လယ်ကွင်းတစ်ခုကို ငေးရင်း ပြောသ
ကျွန်တော့် စကားကြောင့် ရွှေတိုး မျက်ခုံးတွန့်သည်။





'ဒီရွာမှာ ပျော်တယ်လဲ ဆိုတယ်၊ အိမ်ပြန်ချင်စိတ်က ဘာဖြစ်လို့ ပေါက်ရတာလဲ'

'တစ်ရွာလုံးက လယ်လုပ်တဲ့ သူ၊ ယာလုပ်တဲ့ သူ၊ ရက်ကန်းခတ်တဲ့ သူတွေချည်းပဲ၊ ငါတို့နဲ့ ရွယ်တူ ယောကျ်ားလေးတွေ မိန်းကလေးတွေ အလုပ်ကိုယ်စီနဲ့၊ အဲဒါတွေ ကြည့်ပြီး အလုပ်လုပ်တဲ့ ရွာထဲမှာ လူပိုနှစ်ယောက် ရောက်နေသလိုမျိုး ခံစားရတယ်၊ သူတို့လုပ်တဲ့ ရက်ဖောက်ရောက်တာတွေ၊ ရဟပ်ပုတ်တာတွေ၊ လိတ်လုံးလုံးတာတွေကို ဘာမှ နားမလည်တော့ ကူလဲ လုပ်မပေးနိုင်ဘူး၊ အိမ်ကို အမြန်ပြန်ပြီး အမေ့အလုပ်ကို ကူလုပ်ပေးချင်စိတ် ဖြစ်လာတယ်'

'မင်္ဂလာရှိတဲ့ စကားပါပဲကွာ၊ ဒါဆိုရင် မိဘကို ကူညီချင်စိတ်၊ အလုပ်လုပ်ချင်စိတ် ပေါက်လာအောင် ဒီရွာက လမ်းညွှန်လိုက်တာပေါ့'

ကျွန်တော် ခေါင်းညိတ်သည်။

'ဒါဆိုရင် မနက်ဖြန် မိတ္ထီလာကို ပြန်မယ်'

ဝမ်းပန်းတသာ ဖြစ်သွားသော ရွှေတိုးကို ကြည့်၍ ကျွန်တော် ကြည်နူးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၏အိမ်တွင် မင်းနွယ်၏ လက်ရေး၊ နိုင်ကို၏ လက်ရေး၊ မျိုးချိမ်၏ လက်ရေးများဖြင့် တစ်ယောက်ကို လေးငါးကြောင်းစီ ရေးထားသော စာဘစ်စောင် ရောက်နေသည်။

စာရောက်တာ ငါးရက်လောက် ရှိနေပြီဟု ဦးလေး ပြောသည်။

'အောင်စာရင်းတွေ ထွက်တော့မယ်'ဟု မျိုးချိမ် ရေး သည်။ ရန်ကုန် ပြန်ချင်စိတ် အလိုလိုကြီးထွားလာ၏။ အရာ ကို ရင်ဆိုင်နိုင်စွမ်း ရှိလာက်ပြီဟု ကိုယ့်ကိုယ်ကို ထင်သည်။

✧ ✧ ✧

ရန်ကုန်ဘူတာကြီးမှ တက်ထွက်ချင်း ရွှေတိုးနှင့် လမ်းခွဲ သည်။ အမေ့ဆိုင်ရှိရာသို့ ကျွန်တော် အပြေးလှမ်းခဲ့သည်။ အမေ့ဆိုင် ပိတ်ထားသည်ကို တွေ့သည်။

မည်သူ့ကိုမျှ မေးမြန်းမနေတော့ဘဲ ကျွန်တော် စျေးထဲမှ အပြေးထွက်ခဲ့သည်။ နီးရာ တယ်လီဖုန်းတစ်ခုထံသို့ ရောက် အောင် သွားသည်။ အိမ်၏ ဖုန်းနံပါတ်ကို အကြိမ်ကြိမ် လှည့်သည်။





ဖုန်းကိုင်မည့်သူ မရှိ။ အမေ အိပ်ပျော်နေလို့လား။ အိမ်မှာ မရှိလို့လား။ ဆိုင်မထွက်တာ ဘာကြောင့်လဲတော့ ခေါင်းထဲ သို့ တစ်သီတစ်တန်း ဝင်လာသည်။

အငှားကားတစ်စီးဖြင့် အိမ်သို့ လာခဲ့သည်။ ဝင်းတံခါး သည် စေ့လျက်၊ အိမ်တံခါးသည် သော့ခတ်လျက်။

ကျွန်တော့်တွင်ရှိသော သော့ဖြင့် အိမ်တံခါးကို ဖွင့် သည်။ ခရီးဆောင်အိတ်ကို စားပွဲပေါ် ပစ်ချပြီး ဆက်တီ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ခေါင်းရင်းဘက်တွင် ချိတ်ထားသော အဖေနှင့် အမေ့ ဓာတ်ပုံကို လှမ်းမြင်သည်။ အမေ့ကို ကြည့်လျက်....

'အမေ ဘယ်သွားနေတာလဲ'

တစ်ကိုယ်တည်း ခမ်းမိသည်။ မျက်လုံးကို မှေးမှိတ်ပစ် လိုက်သည်။ ချွေးတွေရွှဲရွှဲစိုနေသဖြင့် အင်္ကျီကြယ်သီးတွေကို ဆွဲဖြုတ်လိုက်သည်။ အသက်ကို တစ်ဝရှူ၏။ အမေ့ကို မတွေ့ မမြင်ရသဖြင့် အမောအပန်း မပြေ။

ခြေသံ ကြားသည်။ မျက်လုံးကို ဖွင့်ကြည့်သည်။ အမေက ထီးကို ပိတ်ပြီး စားပွဲပေါ်သို့ တင်သည်။ ချွေးစို့စို့ နှဖူးပြင် ကို လက်ကိုင်ပဝါဖြင့်တို့ရင်း ကျွန်တော့်ရှေ့တွင် ထိုင်သည်။

'သား ပြန်လာပြီကိုး'



www.burmeseclassic.com

www.burmeseclassic.com



'အခုပဲ ရောက်တယ် အမေ၊ အမေ့ဆိုင်ကို အရင်ဝင်တာ၊ မတွေ့လို့ အိမ်ကို ပြေးလာတာ၊ အိမ်မှာလဲ မတွေ့တာနဲ့ ခြေပစ်လက်ပစ် ထိုင်နေလိုက်တာ'

ပြောပြီး ကျွန်တော် သောက်ရေအိုး ရှိရာသို့ သွားသည်။ သောက်ရေတစ်ခွက် ခပ်သည်။ အမေ့ကို လှမ်းပေးသည်။ အမေက ဖြည်းညင်းစွာ သောက်၏။ သောက်ရေခွက်ကို စားပွဲပေါ်တွင် အမေ ပြန်တင်သည်။

'အမေ့ ကြည့်ရတာ မှောမောပန်းပနိုးနဲ့၊ အမေ ဘယ်က ပြန်လာတာလဲ'

အမေ ကျွန်တော့်ကို တွေတွေကြည့်သည်။ သောက်ရေစိုနေသော နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့် တို့သည်။ ကျွန်တော့်ကို စေ့စေ့ကြည့်လျက်....

'ဒါလီအောင့်ရဲ့အမေ ဆုံးသွားပြီ သား၊ အခုပဲ အသုဘပို့ပြီး ပြန်လာတာ'
'ဗျာ'

နေပူပြင်ထဲမှ မိုးခြိမ်းသံတစ်ခုကို နားစည်အတွင်းပိုင်းမှ ကျယ်လောင်စွာ ကြားလိုက်ရသည်။

'ဟုတ်ရဲ့လား အမေရယ်'

သိန်းမင်းစာပေ



သေချာသော အမေ့စကားကို မသေချာစေချင်သောကြောင့်သာ မေးလိုက်ခြင်း ဖြစ်သည်။

'အမေ့ရှေ့မှာတင် ဆုံးသွားတာ၊ ဒေါ်နယ်လီအောင်က သားကို တော်တော်ခင်ပုံ ရတယ်၊ ဆုံးခါနီးမှာ သားနာမည်ကို ခေါ်သွားသေးတယ်'

ယိုင်လဲလုလု ခံစားရသည်။

'သူ့သားကြီး ကိုကိုအောင် ဆိုတာ နိုင်ငံခြားက ပြန်မလာလို့ မရသေးဘူးတဲ့၊ အကြောင်းပဲ ကြားနိုင်တယ်၊ မောင်သက်ထွန်းနဲ့လဲ တော်တော်ခင်ပုံ ရတယ်၊ ကိစ္စဝိစ္စတွေကို မောင်သက်ထွန်းပဲ လုပ်ပေးနေတာ၊ ဒါလီအောင်က မိန်းကလေးဆိုတော့ ဘာမှ လုပ်တတ်ကိုင်တတ်မှာ မဟုတ်ဘူး၊ သားလဲ သွားလိုက်ဦးလေ'

အိမ်နံရံတွင် ဆောင်ထားသော ပြိုင်စက်ဘီး ရှိရာသို့ ကျွန်တော် သွားသည်။

အင်္ကျီကြယ်သီး သုံးလေးလုံးသော တပ်လိုက်သည်။ စက်ဘီးကို အလျင်အမြန် နင်းထွက်ခဲ့သည်။

ရင်တွင်း၌ ဆို့နင့်နေရသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကို သည်အတိုင်း ပစ်ချလိုက်သည်။

အိမ်ထဲသို့ အပြေးဝင်သည်။

အိမ်ရှေ့ခန်းတွင် မျက်နှာစိမ်း လေး, ငါးယောက်ကို တွေ့သည်။

မေးတောက်လျက် ငေးကြောင် ကြည့်နေသော မမကို ဆက်တိ တစ်ခုပေါ်တွင် တွေ့၏။

မမ မျက်နှာတစ်ခုလုံး နီရဲနေ၏။ မျက်လုံးတွေ မို့မောက် နေ၏။

ကျွန်တော် ငိုချင်လာသည်။

ကျွန်တော့်ကို မမ တအံ့တဩ မြင်သည်။

မမ နှုတ်ခမ်းတွေ တုန်ယင်နေသည်ကို တွေ့၏။

မမ ထိုင်နေရာမှ ဖြည်းညင်းစွာ ထ,လာသည်။

ကျွန်တော့်ထံမှ အကြည့်မလွှဲ။

အိမ်ပေါက်ဝကို ကျောပေးလျက် ခပ်တောင့်တောင့် ရပ်နေသည်မှအပ မည်သို့မျှ ကျွန်တော် မလှုပ်ရှားမိ။





ကျွန်တော့်ရှေ့သို့ မမ ရောက်လာသည်။

အနီးရှိ ထိုင်နေသူတွေက ကျွန်တော့်ကို ကြည့်နေကြမည် ထင်သည်။

'ကိုလင်း'

မျက်ရည်တွေ စီးကျလျက် ခေါ်သည်။

မမကို ကျွန်တော် မမှိတ်မသုန် ကြည့်နေမိသလား။ ကျွန်တော့်မျက်လုံးတွေကပဲ မမှိတ်မသုန် ဖြစ်သွားသလား ဆိုတာကို ကျွန်တော် မသိ။

မျက်တောင် ခတ်၍လည်း မရ၊ မျက်ရည် မကျအောင် သည်း မေးကျောတွေ တင်းလျက် ...။ ကျွန်တော် ထိန်းသည်၊ ကေားပြော၍လည်း မရ

'မမ မရှိတော့ဘူး... မောင်လေးရယ်'

ရင်တွင်းသို့ ပါးလှုပ်မှာ ဝိုးဝင်သွားသော သံမဏိမြား။

အခါနွှေးခဲ့သော ကျွန်တော့်မျက်နှာကို မမ ငေး ကြည့်သည်။ ကြမ်းခင်းကော်ဇောပေါ်သို့ ခွေခနဲ ကျသွား သည်။

'မမ'



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင် ထိုင်နေသူတွေ ပြေးလာကြသည်။

မမ ဦးခေါင်းအောက်သို့ ကျွန်တော် လက်လျှိုသည်။ မမ မေးဖျားကို ကိုင်လှုပ်သည်။

ရှူဆေး ရှူခိုင်းသူတွေ၊ ခြေမ,ချီးသူတွေ,နှင်းနှိပ်ပေး သူတွေ၏ အလယ်တွင် မမ ငြိမ်သက်လျက် ရှိသေး၏။

'ဟဲ့....လုပ်ကြပါဦး'

အန်တီ နယ်လီနှင့် ဆင်ဆင်တူသော အဒေါ်ကြီး တစ် ယောက်က စိုးရိမ်တကြီး ဆိုသည်။

'မမ'

လက်ညှိုးနှင့် လက်မကြားသို့ ကျွန်တော် နှိပ်သည်။ ခဏအကြာတွင် ရှိုက်သံ ထွက်ပေါ်လာ၏။

'ငိုချလိုက်....ငိုချလိုက်'

ကျွန်တော် မမကို မငိုခိုင်းရက်ပါ၊ မငိုစေချင်ပါ။

'ဇော်မင်းအောင်နဲ့ တစ်ပုံစံထဲပဲ'

ဟူသော အသံကို အနောက်နားမှ ကြားရသည်။

'လှိုင်လင်းဆိုတာ မင်းလား'





မမ၏ အဒေါ် ဖြစ်ဟန်တူသော အမျိုးသမီးကြီးက ကျွန်တော့်ကို မေးသည်။

မျက်ဝန်းကို ပုတ်ခတ်လျက် ကျွန်တော် ခေါင်းညိတ် သည်။

'မင်းကို မင်း အန်တီက တဖွဖွ မေးသွားရှာတယ်၊ မင်းသာ အချိန်မီ ပြန်ရောက်လာရင် သိပ်ကောင်း မှာပဲကွယ်'

ငိုရှိုက်သံတွေ ထွက်ပေါ်လာသည်။

ခေါင်းရင်းဘက် စားပွဲတစ်ခုတွင် 'ထောင်ထားသော အန်တီနယ်လီအောင်၏ ဓာတ်ပုံကို ကျွန်တော် လှမ်းကြည့်မိ သည်။

ဓာတ်ပုံထဲမှအန်တီနယ်လီအောင်က အပြစ်မကင်းသော သူ တစ်ယောက်ကို တွေ့ရှိ သွားသော မျက်လုံးမျိုး ဖြင့် ကျွန်တော့်ကို လှမ်းကြည့်နေသည် ထင်၏။

မမကို အခန်းတွင်းသို့ သယ်ပိုးသွားကြသည်။

မေ၏ အဒေါ်က ကျွန်တော့် ဝဲဘက်ပါးကို ခပ်ဖွဖွ ကိုင်လျက်....



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်တို့တူလေးနဲ့ တော်ခတာ့ကို ဆင်တာပဲကိုး၊ မင်း ပါးပေါ်က အမှတ်လေးက နည်းနည်း ခသေး တာက လွဲရင် မျက်ခုံး၊ မျက်လုံးကအစ တော်တော် တူတာပဲ၊ ဒါကြောင့်လဲ မင်းအန်တီက မင်းကို အသည်းစွဲသွားတာ ဖြစ်မှာပေါ့၊ အဒေါ်တို့က မင်း အကြောင်းကို သူ မဆုံးခင်လေးကမှ သိရတာ၊ သားသမီးတွေကို မဘာ့ဘဲ သား....လှိုင်လင်း၊ ကိုလင်း လို့ တ,တော့....ဘယ်သူ့ကို တ,တာလဲလို့ မေး တော့မှ မင်းအကြောင်းကို တူမက ပြောပြတာ၊ ကြားနန်းရှိက်ပြီး ဒေါ်ဖို့ ပြောတော့ မင်းမမက မင်းဆီကို စာရေးပြီး ခေါ်ဘားပါတယ်တဲ့၊ စာထဲ မှာ မင်းအန်တီ နေမကောင်းဘူး ဆိုတာပါ သည့် ရေးထားတယ်တဲ့၊ မအားလို့ မလာတာ နေမှာပါ ဆိုပြီး ဒီအတိုင်း နေမျှော်နေကြတာ၊ အခုတော့ အခါ နှောင်းသွားပြီပေါ့ကွယ်'

ကိုယ့်ကိုယ်ကို ခွင့်လွှတ်ချင်စိတ် ကျွန်တော့်မှာ မရှိတော့ပါ။ အန်တီ နယ်လီအောက်၏ဓာတ်ပုံကို ကျွန်တော် ကန်တော့ လိုက်သည်။ တတိယမြောက် ဦးအချတွင် ကျွန်တော်၏ လက်ခုံ နှစ်ခုပေါ်သို့ အပြစ်မကင်းသော မျက်ရည်စက်တွေ ကပ်ပါ သွားခဲ့၏။

ကျွန်တော် ခွင့်မလွှတ်နိုင်ဆုံးသောသူမှာ ကျွန်တော်သာ ပင် ဖြစ်သည်။

❖ ❖ ❖





အိမ်ကို ပြန်ရောက်လျှင်ရောက်ချင်း မှန်ရှေ့တွင် ကျွန်ုပ် တော်ထိုင်သည်။

မှန်ထဲကကောင်ကို မှန်းတီးစွာ ကြည့်ပစ်လိုက်သည်။

အပြစ်မကင်းသူကို ရှာဖွေသောအခါတွင် ထိုသူ့ကို မှန် ထဲမှာ တွေ့၏။

'မင်းကြောင့် လူတစ်ယောက် သေသွားပြီလှိုင်လင်း၊ မင်း လူသတ်သမားပဲ'

'ဟုတ်တယ်၊ ဒါပေမယ့် ငါသတ်တာမဟုတ်ဘူး၊ ဟောဒီမျက်နှာက သတ်တာ၊ ဒီမျက်နှာက ခော်မင်း အောင်နဲ့တူနေလို့ ပြဿနာတွေ ဖြစ်တာကွ၊ မမနွဲ့ ရင်းနှီးခင်မင်မိပြီး ရည်းစားစကား ပြောမိတာလဲ ဒီမျက်နှာကြောင့်၊ ကိုကိုသက်ကို ခေါ်ကားမိသလို ဖြစ်ခဲ့တာလဲ ဒီမျက်နှာကြောင့်၊ အန်တီနယ်လီ့ကို သေစေတာလဲ ဒီမျက်နှာကြောင့်၊ အဲဒီမျက်နှာကို အပြစ်ပေးမယ်၊ ဖျောက်ဖျက်မယ်'

ဘရိုက်ခေါးကို ညာဘက်လက်မှကိုင်သည်။

ဘယ်ဘက်လက်ဖြင့် အမှတ်ရှိရာ ပါးပြင်ကို ဆုကိုင် ညှစ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲတွင် အမှတ်သည် ထင်းထင်းလင်းလင်း။

'ကဲကွာ....အား'

ပါးပြင်တစ်ခြမ်းလုံး သွေးတွေ ရွှဲရွှဲစိုသွား၏။

နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားမိသည်။

'သား....အဲဒါ ဘာလုပ်တာလဲ'

အမေ ပြေးလွှာသည်။

ကျွန်တော့်ပါးကို လက်ကိုင်ပဝါဖြင့် ဖိထား၏။

အမေ့ လက်ကိုင်ပဝါတစ်ခုလုံး ရွှဲရွှဲနီသွား၏။

❋ ❋ ❋





ဝဲဘက် ပါးပြင်ပေါ်မှ ပလာစတာ၊ ပတ်တီးစ၊ ဝါဂွမ်းစတွေကို ဖယ်ထုတ် ပစ်လိုက်သောအခါ....

ရွှေတိုး၏ တအံ့တသြမျက်နှာကို တွေ့မြင်ရသည်။ ရွှေတိုး၏ အံ့သြမျက်နှာကို ကြည့်ရင်း ရင်မချိစွာ ကျွန်တော် ပြုံးသည်။

ရွှေတိုးက ကျွန်တော့်ပါးပြင်ကို ကိုင်ကြည့်လျက်....

'မင်း ပါးပေါ်က....ပါးပေါ်က အမှတ်ကို ဖျက်ပစ်လိုက်ပြီ၊ ဟုတ်လား'

ခေါင်းမညိတ်၊ ခေါင်းမခါမိ။

'ဘာလုပ်တာလဲကွာ၊ ဘာအဓိပ္ပာယ်နဲ့ လုပ်လိုက်ရတာလဲ၊ မင်းမျက်နှာမှာ အဲဒီအမှတ်လေးက ပိုချစ်စရာ ကောင်းတာကွ၊ ဒီအမှတ်လေးကို မင်းမျက်နှာပေါ်မှာ မတွေ့ရတော့ မင်းဟာ ငါ့သူငယ်ချင်းအသစ်တစ်ယောက်လို ငါခံစားရတယ်'

'ဟား....ဟား....ဟား'

ရွှေတိုး၏ စကားကြောင့် ကျွန်တော် ရယ်မောမိသည်။ ပြက်ရယ်ပြုခြင်း မဟုတ်။ စကားကို သဘောကျခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား၊ မင်းပြောသလိုပဲ ရွှေတိုး၊ ငါဟာ နှင်းသူငယ်ချင်း အသစ်ပဲ၊ ငါဟာ ငါမဟုတ်တော့ဘူး၊ ငါ့အဟောင်း သေသွားပြီ၊ ငါ့အသစ် ဖြစ်ချင်တယ်'

'သူငယ်ချင်းရယ်'

မျက်ရည်တွေ စီးဝဲလာရ၏။

အမြတ်နိုးဆုံးအရာကို စွန့်လွှတ်လိုက်ရပြီဟု ခံစားရသည်။ ပေးဆပ်ရခြင်းဟု သညာမထားပ်ရက်။

သေလွန်သူ တစ်ယောက်ဟု ကိုယ့်ကိုယ်ကို ထင်ချင်သည်။ ခန္ဓာကိုယ်သည် အသက်ရှူ လှုပ်ရှား နေသည်မှအပ အသည်းနှလုံးကတော့ ပေါက်သုဉ်း ပျောက်ကွယ်ခဲ့ပြီမဲ့၊ ရှင်သန်လျက် သေဆုံးခဲ့ပြီလေ။

'ဆံပင်တွေပါ ညှပ်ပစ်လိုက်တယ်'

ရွှေတိုးက တအံ့တသြ။

'ငါ့ပုံစံရဲ့ ငါ့ပြောင်းလဲ ပစ်လိုက်တာပါ၊ အထူးသဖြင့် ငါ့မျက်နှာ၊ ဒီမျက်နှာကြောင့် ငါမဖြစ်ချင်တာတွေ ဖြစ်ခဲ့ရတယ်၊ ဇော်မင်းအောင်နဲ့ မတူတော့တဲ့ ငါ့မျက်နှာကြောင့် မမ ငါ့ကို ခင်တော့မှာ





မဟုတ်တော့ဘူး၊ အဲဒီအခါ သတိရှစရာတွေ၊ အောက်မေ့စရာတွေ အလိုလိုနေရင်း လျော့သွားတာပေါ့ကွာ'

ဆံပင်တွေကို ညှပ်ပစ်လိုက်သည်။ ဝတ်ဆင်ခဲ့သမျှ အဝတ်အစား လက်ဝတ် တန်ဆာပလာတွေကို သော့ခတ် သိမ်းပစ်လိုက်သည်။

ယခင်ကနှင့် မတူသော အနေအထိုင် အဝတ်အဆင်ကို ကြည့်လျက် အမေက တပုံးပုံး။ အမှတ်ကို ဓားဖြင့် လှီးထုတ် လိုက်သည်ကိုတော့ အမေ အထိတ်တလန့်။ ဘဝင်ကျ၊ ပြီးတော့....အမြေမရ။



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

သည်နေ့ အောင်စာရင်း ထွက်သည်။

အောင်စာရင်းမထွက်ခင် ဆယ့်လေးဝါးရက် အတွင်း[illegible]နှင့် သုံးခါတွေ့သည်။ ကိုကိုသက်နှင့် နှစ်ကြိမ်ဆုံသည်။

ပြောင်းလဲသွားသော ကျွန်တော့်မျက်နှာ အသွင်အပြင်[illegible]သတိ ထားမိပါလျက် အံ့သြစကား မေးမြန်းစကား [illegible]ကြ။

အောင်စာရင်းအကြောင်း၊ ဥတုရာသီအကြောင်း၊ အခမ[illegible]ိုင်လုပ်ငန်း အကြောင်း၊ သူငယ်ချင်းတွေ အကြောင်း[illegible]ဖြင့် ပြောဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ငှပ်လျှိုး ထားသော အစိုင်အခဲငှတ်ကြိုးယ်စီ ရှိပါလျက် တစ်ခန်းရပ် ထားခဲ့ကြလေသည်။ ရင်တွင်းကိစ္စကို ရင်တွင်း မှာသာ ထားခဲ့ကြ၏။

အောင်စာရင်း ထွက်ထွက်ချင်း ရွှေတိုး ကျွန်ုပ်တော်ကို ဖုန်းဆက်ပြောသည်။ ဂုဏ်ထူး နှစ်ဘာသာ ပါကြောင်း ကျွန်တော် သိရသည်။

ဝမ်းပန်းတသာ မဖြစ်မိ။

အမေကလည်း အိမ်တွင်မရှိ။ မည်သူ့ထံသို့ ဝမ်းသာ အားရ ပြောပြရမည်ကို မသိ။

ယခင် အခြေအနေတုန်းကသာဆိုလျှင် ယခုလို အခါ ကာလတွင် မမထံသို့ ကျွန်တော် အပြေးအလွှား သွားပြီး လောက်ပေပြီ။

ကိုကိုသက်၏အိမ်တွင် သူငယ်ချင်းတွေနဲ့ စုဝေး ဆူညံ နေလောက်ပေပြီ။

ဒါပေမယ့် အခုတော့ သူငယ်ချင်းတွေ အားလုံးက ကျွန်တော့် စိမ်းကား ပစ်လိုက်မိသည်။ ဟိုဟိုသည်သည် သွားချင်လာချင်စိတ် မရှိသဖြင့် အိမ်တွင်းအောင်းပို့ဆုံးဖြစ် သည်။





သူငယ်ချင်းတွေကို အိမ်မလာဖို့ ရွှေတိုးမှတစ်ဆင့် ရှင်းပြ ဟန့်တားခဲ့၏။ ရွှေတိုး နားလည်သလို အားလုံးသော သူ ငယ်ချင်းတွေ ကျွန်တော့်အပေါ် နားလည် ပေးကြပေ လိမ့်မည်။

'ကလင်'

'ဟလို... အမိန့်ရှိပါ'

'..............'

ကိုကိုသက်၏ အသံ။

'လိုင်လင်း...မင်း နှစ်ဘာသာ ပါတယ်ဆို'

'ဟုတ်ကဲ့ ကိုကိုသက်'

'မင်းကို ငါဆုချမလို့၊ မင်း ဘယ်သွားစရာရှိလဲ'

'ကျွန်တော် ဘယ်မှမသွားပါဘူး ကိုကိုသက်'

'အိုကေ...မင်း ဘယ်မှ မသွားနဲ့နော်၊ မင်း အလိုချင် ဆုံး အရာတစ်ခုကို အခုချက်ချင်း မင်းဆီ ငါပို့ လိုက်မယ်'

'ကိုကိုသက် ဘာကို ဆိုလိုတာလဲ'

'နောက်ပြီးကျရင် သိလိမ့်မယ်၊ ဒါပဲနော်'



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းချသွားပြီးသည်အထိ၊ စကားအခိပ္ပာယ်ကို ကျွန်ုပ်ဘော် စဉ်းစားမရ။

အိမ်တံခါးဝတွင် အရိပ်တစ်ခု တွေ့သည်။

ကျွန်တော့်ကို အံ့သြမှုများစွာ ဖြစ်သွားစေသည့် အရိပ်။

ထိုအရိပ်ကို မြင်လျှင်မြင်ချင်း ကိုကိုသက် ပြောသော စကား၏ ဆိုလိုရင်းကို အနည်းငယ်မျှ သဘောပေါက်လိုက်သည်။

'ကိုလင်း....ဂုဏ်ထူး နှစ်ဘာသာ ပါတယ်ဆို'

မမ၏ တည်ငြိမ်သော စကားသံ။

ကျွန်တော် ခေါင်းညိတ်ရုံသာ ညိတ်သည်။

'ထိုင်လေ....မမ'

ကျွန်တော့်အနီးတွင် မမထိုင်သည်။

'ကိုလင်းကို မမ ပြောစရာရှိတယ်'

'ပြောပါ....မမ'

'ဖြစ်နိုင်တာ မဖြစ်နိုင်တာထက်၊ ချစ်နိုင်တယ် မချစ်နိုင်ဘူးဆိုတာ အောင်စာရင်းထွက်တဲ့နေ့မှာ မင်းသိချင်တယ်ဆို'





အထိတ်တလန့် ခံစားရသည်။

'ကိုလင်းကို မမချစ်တယ်'

'မဖြစ်နိုင်ဘူး မမ၊ ဒါမဖြစ်နိုင်ဘူး၊ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာမှ မရှိတော့ဘူး'

'ဟန်မဆောင်ပါနဲ့ ကိုလင်းရယ်၊ ကိုသက်တွန်းနဲ့ မမနဲ့ ဆွေးနွေးပြီးတော့မှ ဒီစကားကို မမ လာပြောရတာပါ'

'မဟုတ်ဘူး....မမ၊ မမဟာ ကျွန်တော့်အတွက် မဟုတ်ဘူး၊ မမနဲ့ ကိုကိုသက်ကြားထဲမှာ ကျွန်တော် မရှိတော့ဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ'

မျက်ရည်စဲခနဲသော မမရှေ့တွင် ကျွန်တော် လက်အုပ်ချီလိုက်သည်။ ကျွန်တော့်လက်တွေကို မမ ဆုပ်ကိုင်၏။

'ဇော်မင်းအောင်နဲ့တူတဲ့ လှိုင်လင်းကို မမ ချစ်တာ မဟုတ်ပါဘူးကွယ်၊ မင်းကို ချစ်တာပါ၊ မမကို သိပ်ချစ်တယ်ဆိုတဲ့ မင်းကို မမချစ်တာပါ'

'မပြောပါနဲ့တော့ မမရယ်၊ အဲဒါကို မပြောပါနဲ့တော့'


www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားသော မမ၏ လက်ခုံပေါ်တွင် မျက်နှာအပ်လျက် ကျွန်တော် ငိုကြွေးမိသည်။

'ကိုသက်ထွန်းက သူပိုင်ဆိုင်ရမယ့် မမကို မင်းအတွက် ဆုလာဘ်အဖြစ် လှာပေးခိုင်းတယ်၊ ကိုသက်ထွန်း ပေးခိုင်းလို့ မမ လှာပေးတာ မဟုတ်ပါဘူး ကိုလင်းရယ်၊ မမဆန္ဒနဲ့မမ မင်းဆီကို လာခဲ့တာပါ၊ မမ အသည်းနှလုံးရဲ့အလိုကျ မင်းကိုချစ်တာပါ'

ဝေးရာသို့ ပြေးထွက်သွားချင်သည်။ ငိုနေသော မမကို ကျွန်တော် မော့ကြည့်၏။ ကျွန်တော် ကိုယ်၌ကလည်း မျက်ရည် မကင်းစင်ပေ။

'မမ ကျွန်တော့်ကို တကယ်ချစ်လို့လား'

ညင်သာစွာ ခေါင်းညိတ်သည်။

'ကျွန်တော့်ကို မမ တကယ်ချစ်တယ်ဆိုရင် ကိုကိုသက်ကို မမ အမြန်ဆုံး လက်ထပ်ပါ'

မမ ခေါင်းခါသည်။

'မင်းကိုပဲ မချစ်တယ်၊ မင်း ကျောင်းပြီးရင် မမကို မင်း လက်ထပ်ရမယ်၊ ကိုလင်း ကျောင်းပြီးတဲ့အထိ မမ စောင့်နေပါ့မယ်'



ကျွန်တော့်စေးနားတွင် မမ ဒူးထောက်ထိုင်သည်။ ကျွန်တော့်ကို ဖက်တွယ်၏၊ ရှုန်းဖယ်ထွက်သွားချင်သည်။

'မမ'

'ပြောလေ ကိုလင်း'

'ကျွန်တော် မမကို မချစ်ဘူး၊ မမကို ချစ်တယ်လို့ ပြောခဲ့တဲ့ လှိုင်သင်းဟာ ကျွန်တော် မဟုတ်ဘူး မမ၊ ဇော်မင်းအောင်နဲ့တူတဲ့ လှိုင်လင်း၊ အခု ကျွန်တော်ဟာ ဘယ်သူနဲ့မှ မတူတဲ့ လှိုင်လင်း၊ ဘယ်သူနဲ့မှမတူတော့တဲ့ လှိုင်လင်းဟာ ဘယ်သူနဲ့မှ မပတ်သက်တော့ဘူး၊ ဘယ်သူ့ကိုမှ မချစ်တော့ဘူး'

ပြောပြီး ကျွန်တော် မတ်တတ်မှပ်လိုက်သည်။

မမက ညင်သာစွာ ရုပ်သည်။

ကျွန်တော့်ကို ဖက်တွယ်ပြီး ရင်ခွင်ထဲတွင် မျက်နှာအပ်သည်။

'နာအောင် မပြောပါနဲ့ ကိုလင်းရယ်၊ မင်းရင်ထဲကို မမ မြင်ပါတယ်၊ မမ မင်းနဲ့ မခွဲတော့ဘူး'

တိုးကပ် တွယ်ရှစ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမ ပခုံးလေးကို ကိုင်၍ ညင်သာစွာ တွန်းဖယ်လိုက်သည်။

ခန္ဓာကိုယ်နှစ်ခု ကွာဟသွားသောအခါ၌ မမ၏ ရင်တွင်းသို့ အသည်းနှလုံး၏ တစ်စိတ်တစ်ဒေသ ပဲ့ထွက် လိုက်ပါသွားသည်ကို မမ သိလိမ့်မည် မဟုတ်။

မမ မျက်နှာကို စိမ်းကားစွာ ကြည့်ပစ်လိုက်သည်။

'ဆယ်ရက်အတွင်းမှာ ကိုကိုသက်ကို မမ လက်ထပ်ပါ၊ ဆယ်ရက် ပြည့်လို့မှ မမ ကိုကိုသက်ကို လက်မထပ်ဘူးဆိုရင် အင်းလျားကန်ထဲမှာ ကျွန်တော့် အလောင်းကို လာရှာပါ....မမ'

'ဘယ်လို ပြောလိုက်တာလဲ ကိုလင်းရယ်'

'ဒါ ကျွန်တော့် ဆုံးဖြတ်ချက်ပဲ'

မာနီတင်းလျက် ပြောလိုက်သည်။

'ကျွန်တော့်ဆုံးဖြတ်ချက်ကို ကျွန်တော် မပြင်တတ်ဘူး၊ ပြောတဲ့အတိုင်း မလုပ်ဘူးလို့ ထင်ရင် မမ ကြိုက်သလို ငြင်းလိုက်ပါ၊ ဆယ်ရက်အတွင်း မမရဲ့ အဖြေကို ကျွန်တော် စောင့်မယ်....၊....ကဲ....မမ ပြန်တော့၊ ကျွန်တော် အိမ်တံခါးဝအထိ လိုက်ပို့မယ်'



မမနှင့် ကိုကိုသက်တို့၏ မင်္ဂလာအခမ်းအနားကို ဆယ်ရက်အတွင်း ကျင်းပသည်။

သေဘေးမှ လွတ်မြောက်သွားသူဟု ကိုယ့်ကိုယ်ကို ထင်မှတ်၏။

ထိုလက်ထပ်ပွဲသို့ သူငယ်ချင်းတွေနှင့်အတူ ကျွန်တော်ပါ တက်ရောက်သည်။

ကျွန်တော့် တည်ငြိမ်နိုင်စွမ်းကို သူငယ်ချင်းတွေ အံ့သြကြသည်။

ခန္ဓာအသစ်၊ စိတ်အသစ်ဖြင့် ပြန်လည် ဖွဲ့တည်ထားသူဖြစ်ခြင်းကြောင့် ဝေဒနာဟူသည်ကို ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်သောအရာဟု သတ်မှတ်နိုင်စွမ်း ရှိခဲ့သည်။

မမနှင့် ကိုကိုသက် စိတ်ချမ်းမြေ့အောင် တမင် တည်ငြိမ်ပြနေခြင်းမဟုတ်။

ရယ်စရာရှိလျှင် ရယ်သည်။ ပြုံးစရာရှိလျှင် ပြုံးသည်။ ဧည့်သည်ဆောင်တာကို ကြိုဆိုသည်။ လက်ထပ်ပွဲတစ်ခုလုံး၏ ဗာဟိရကိစ္စအဝဝကို ကျွန်တော်နှင့် သူငယ်ချင်းများက ဦးစီးဦးဆောင် ပြုသည်။

သတို့သား၏ အဝတ်အစား, အနေအထိုင်....။

သတို့သမီး၏ အလှအပ, အပြင်အဆင်....။

www.burmeseclassic.com

www.burmeseclassic.com



အဆိုကျော်တွေ၏ ညည်းခံတေးသီချင်းတွေကို ကျွန်တော့်မှာ ကြည့်ရှုခံစားဖို့ပင် အခါမရ။

ခါတ်ပုံရိုက်ဖို့၊ ဗွီဒီယိုရိုက်ဖို့၊ ပန်းအိုး၊ ပန်းခက်တွေဖြင့် အခမ်းအနားကို ခြယ်သဖို့ ဆိုတာတွေ လုပ်နေရသဖြင့် သတို့သမီး၊ သတို့သားကို သေသေချာချာ မငေးမိ။

အခမ်းအနားပြီးသော် အိမ်အဝင်၌ ရွှေကြိုး၊ ငွေကြိုး တားကြသည်။

ကြိုးတားသူများထဲတွင် ကျွန်တော်က ထိပ်ဆုံး။

ဒါကို မမက ဖို၍ သတိပြုမိဟန် တူသည်။

ကိုကိုသက်ကလည်း စိတ်မကောင်းစွာ ကြည့်၏။

ရှုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို စွန့်လွှတ် အနစ်နာခံသူ၏ နေရာမှ ပီပြင်စွာ သရုပ်ဆောင်နေသူ၏ ဟန်အမူအရာဟု ကျွန်တော့်ကို ကြည့်၍ သူတို့ ထင်နေကြပေလိမ့်မည်။

အမှန်ကတော့ ကျွန်တော် ဟန်ဆောင်နေခြင်း မဟုတ်ပါ။ မြင်သာအောင် ရှင်းပြရမည်ဆိုလျှင်...

အနာဂတ် ဖြစ်ခဲ့သော အသည်းနှလုံး၏ နာကျင်မှု အစိတ်အပိုင်း[illegible] လို့ တုတ်ကုစားပြီး ပြုပြင်၍ ကျန်ရှိနေသော နှလုံးသားဖြင့် ကျန်းမာရွှင်လန်းနေခြင်းပင် ဖြစ်သည်။

နာကျင်ထိရှခဲ့ရသော အသည်းနှလုံး၏တစ်စိတ်တစ်ဒေသသည် သူ့ဇာတ်ဝင်ခန်းကို နာကျင်စဖွယ် က,ပြပြီး ပြည်ဖုံးကားကြားထဲသို့ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျ ကြေမွသွားခဲ့ပေပြီ။

ကျန်ရှိနေသော သည်းနှလုံးသည် ဇာတ်စင်ပေါ်သို့ ယခုမှ ထွက်ပြူခါစ၊ အသစ်စက်စက်၊ ဘာဒဏ်ရာမှ မရသေးသော မင်းသား။

ဒါကို မမနှင့် ကိုကိုသက် သိအောင် ကျွန်တော် ပြောပြချင်သည်။ ဝေဒနာကိုဖော့၍ ပြောပြနေသည်ဟု သူတို့ကတော့ ထင်ပေလိမ့်မည်။

ရင်ထဲတွင်....

အသည်းနှလုံး တစ်ဝက်တိတိသာ ကျန်ရှိတော့သည်ကို ကျွန်တော် မငြင်းပါ။ တစ်ဝက်သာ ကျန်ရှိသော ထိုအသည်းနှလုံးသည် ရောဂါဘယ ကင်းစင်လျက် ကျန်းကျန်းမာမာ ရှိနေသည်။

အဲ....သွားချင်ရာသွား၊ လာချင်ရာလာ ဟိုဟိုသည်သည် လမ်းသလားသွန်းသဖြင့် ခလုတ်တိုက်ခဲ့ဖူးသော ခြေထောက်တစ်ချောင်းကဲ့သို့....

နည်းနည်းတော့ ခြေငြိမ်သွားသည်။

တင်နည်းအားဖြင့် ခြေလှမ်း မှန်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

# ညာ၏ ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

'ဒီစာအုပ်ဟာ ဘာလုပ်ဖို့လဲ မောင်'

ကျွန်တော့် ဒိုင်ယာရီစာအုပ်ကို ကြည့်လျက် တီတီတခိုး မေးသည်။

ကျွန်တော် မလုံမလဲပြုံးရင်း....

'ဒါ မောင့်ရဲ့ ဒိုင်ယာရီလေ၊ မောင့်အကြောင်းကို တိတ်တခိုး သိချင်တယ်မို့လား၊ ဒီစာအုပ်ကို ဖတ်ကြည့်ရုံနဲ့ မောင် ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာ တိတ်တခိုး သိရမှာပေါ့'

သိန်းခင်းစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



တိတ်သခိုးက ကျွန်တော့်လက်ထဲသို့ စာအုပ်ကို ပြန်ထည့်သည်။

ကျောဘက်ရှိ လှေကားထစ်များမှ စုံတွဲနှစ်တွဲ ဆင်းသွားသည်ကို သတိပြုမိသည်။ လှေကားထစ်များ၏ အောက်ခြေသည် ထားလှမ်းနှင့် မနီးမဝေး၊ မလှမ်းမကမ်း။ ဆောင်းဦးကာလ၏ နေဝင်ခ။

လေပြည်သည် အေးအေးစိမ့်စိမ့်။

အင်းလျားကန်သည် ယခင်ကဲ့သို့ မဟုတ်တော့။ ကန်ပေါင်ရိုးသည် စနစ်တကျ၊ အနားသတ် ခြုံနွယ် ပိတ်ပေါင်းများသည် ယခု ပန်းခြံဝင်း၊ ပြည်လမ်းဘက်ရှိ ကန်ပေါင်ရိုးသည် လှလှပပ။

အင်းလျားလမ်းနှင့် ပြည်လမ်း ဆုံရာ၊ စီးပွားရေးတက္ကသိုလ်၏ ဓွေ့စောင်းနေရာသည် စားသောက်ဆိုင်တန်း။

စားသောက်ဆိုင်တန်းနှင့် ခပ်ခွာခွာ ကန်ပေါင်ရိုးထိုင်ခုံငယ်တွင် ကားလမ်းကို ကျောပေးလျက် ထိုင်သည်။ မျက်နှာမူရာတွင် အင်းလျား ရေပြင်ကျယ်။

'မောင့်အကြောင်းကို သိချင်တယ်ဆိုတာက သူငယ်ချင်း တစ်ယောက်အနေနဲ့ သိချင်ခဲ့တာပါ'

'ချစ်သူ တစ်ယောက်နဲ့ ပိုသိသင့်တာပေါ့'

ဟု ကျွန်တော် ပြောသည်။





'ဟင့်အင်း....မသိချင်ဘူး၊ မောင်၊ သိပြီးသောမှ စမ်းစစ် စရာရှိတာ စမ်းစစ်၊ ခွင့်လွှတ်စရာရှိတာခွင့်လွှတ်၊ နောက်....ချစ်နိုင်၊ မချစ်နိုင် ဆုံးဖြတ်ရတာမျိုး တိတ်တခိုး မလုပ်ချင်ဘူး....၊....မောင် ဘာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ တိတ်တခိုးနဲ့ မဆိုင်ဘူး၊ မသိချင်ဘူး၊ မောင့်ရဲ့ လက်ရှိဘဝသာ တိတ်တခိုးနဲ့ ဆိုင်တယ်၊ အဲဒီ လက်ရှိဘဝကိုပဲ တိတ်တခိုး သိနေချင်တယ်'

'တိတ်တခိုး ခွင့်မလွှတ်နိုင်စရာ ကိစ္စမျိုးကို မောင် ကျူးလွန်ခဲ့တယ် ဆိုရင်ကော...'

'ရှင်းရှင်းလေးနဲ့ ရှုပ်နေပြီ မောင်ရယ်...၊ မောင်နဲ့ တိတ်တခိုးနဲ့ စပြီး သိတဲ့အချိန်ကနေ ဒီနေ့အထိ မောင် ဘာအပြစ်ကိုမှ ကျူးလွန်မသွားဘူး မို့လား၊ အဲဒါဆို တိတ်တခိုးအတွက် ပြည့်စုံပါပြီ....

'....ဒီလောက်တောင် နောက်ကြောင်း သိစေချင်ပုံ ထောက်ရင် ချစ်သူရည်းစား တစ်ယောက်ယောက်နဲ့တော့ ကွဲကွာဖူးခဲ့တယ် ထင်ပါရဲ့၊ ဒါမျိုးကတော့ မောင်ရယ်.... လူတော်တော် များများ ကြုံဖူးကြတဲ့ ကိစ္စပါ။ အပြစ်ဆိုစရာ မလိုတဲ့ ကိစ္စ၊ နောက်ကြောင်း မရှင်းဘူးလို့ ပြောစရာ မလိုတဲ့ ကိစ္စ....'

စိတ်ကြည်နူး ရလှသည်။

'ဒါဆို ဒီဒိုင်ယာရီ စာအုပ်ကို ချေထဲ ပစ်ချလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း.... တိတ်တခိုး ဘာအကြံမှ မပေးချင်ဘူး'

ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ စာအုပ်ကို ပြုံးလျက် ကိုင်တွယ်ပြီး ရေဧပ်နှင့် နီးရာသို့ ရွှေ့၏။ အားကုန်လွှဲပစ်လိုက်သည်။ လှိုင်း ဂယက်တစ်ခု ထသွားသည်မှ အပ ကန်ရေပြင်သည် ယခင်အတိုင်း ရှိ၏။ ပြုံးထားသော စွမ်းအားအနည်းငယ် လျော့ပါးသွားသည်ဟု ကိုယ့်ကိုယ်ကို သိလိုက်သည်။

'တိတ်တခိုး မသိချင်ဘူးဆိုပေမယ့် အသိပေး ပြော ပြရမယ့်တာဝန် မောင့်မှာ ရှိနေတယ်'
'သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ရတဲ့အခါကျ မှ သူတို့ရှေ့မှာ ဖိုးဖိုးရဲ့ ဒိုင်ယာရီဆိုပြီး ပြောပြပေ မောင်ရဲ့.... အဲဒီ့အခါကျမှ တိတ်တခိုး နားထော မယ်'

ချစ်သူ၏ နံဘေးတွင် ဝင်ထိုင်လိုက်သည်။ တိတ်တခိုးက—

'ပဲခူးကနေ ရန်ကုန်ပြန်မယ့် ကားပေါ်ပေါ် တက်ထိ ခဲ့တာ မောင့် ချစ်စကာကို ယုံလို့မဟုတ်ဘူး မော မောင့်ကို ချစ်လို့ အိမ်ပြန်ခဲ့တာပါ'

'ဒါဆို.... အခုကော.... ဟင်၊.... ချစ်တယ်ဆိုတဲ့ စော စကားကို ယုံပြီလား'





'လက်ထပ်ဖြစ်တဲ့ နေ့ကျရင် တိဘီတခိုး ခေါင်းညိတ်ပါမယ် မောင်'

'အခု မယုံသေးဘူးဆိုတဲ့ သဘောပေါ့နော်'

ရယ်မောသံဖြင့် သဲ့သဲ့မျှ ပြောမိသည်။

စိတ် မချမ်းမြေ့။

'ယုံပါ.... တိတ်ဘခိုးရယ်၊ မောင် တိဘ်ဘခိုးကို ဘယ်တော့မှ မလိမ်ဘူး'

'တင်းပြည့်ကျပ်ပြည့် သံသယချိုး မဟုတ်ဘူး မောင်ရဲ့၊ စိုး တစ်ထိတ်ထိတ် ရင် တခုန်ခုန်ဆိုတဲ့ သဘောလောက်ပါ.... .... ရာနှုန်းပြည့် ယုံကြည့်ဖို့ တစ်မတ်ဖိုးလောက်ပဲ သံသယ ဖြစ်မိတာပါ....'

သံသယဟူသော ဝေါဟာရကို ယခုမှ မုန်းတတ်လာသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အောင်စာရင်း ထွက်သည့်နေ့က- သူငယ်ချင်းတွေ ဆုံကြသည်။ စမ်းစမ်းအေးနှင့်ပွင့်မက တိတ်တခိုးနှင့်အတူ စာသင်ဆောင်ဘက်သို့ ထွက်သွားသည်။

တိတ်တခိုးတို့ ထွက်ခွာရာဘက်သို့ တစ်ချက်ကြည့်ပြီး မျိုးချိမ်က....

'တိတ်တခိုးက မင်းကို မောင် လို့ ခေါ်ရက်နဲ့.... မင်းက ဘာဖြစ်လို့ တိတ်တခိုးလို့ပဲ ခေါ်ရတာလဲ'

'အချစ်တို့ အသည်းတို့... ခင်တို့....မ တို့.... အသက်တို့မှ ငါမခေါ်တတ်ဘဲ'

'အဲဒါတွေ မခေါ်တတ်ရင်လဲကွာ.... တခြားတစ်ခုခု ပြောင်းခေါ်ပေါ့.... နာမည်အရင်းကြီး အတိုင်းပဲ ခေါ်နေတော့ စိမ်းကားရာ ရောက်ပါတယ်'

'ဘယ်လိုခေါ်ရမလဲ'

'တိတ်....လို့ ခေါ်ပေါ့ကွ'

'ဘာလဲ.... တိတ်'

'တိတ်တခိုးရဲ့ နာမည်ကို အဖျားဆွတ် ခေါ်တာလေ တိတ်၊ တိတ်....လို့ မခေါ်ချင်ရင်....ခိုးလို့ ခေါ်ပေါ့ အဲဒါမှ မကြိုက်ရင်.... တခိုး....လို့ခေါ်'



တဟားဟား ရယ်မောကြသည်။

ရယ်ချင်စိတ်ကို ထိန်းရသဖြင့် အူခေါက်မတတ် ဖြစ်ရသည်။

❖ ❖ ❖

'တိတ်တခိုးရဲ့ အိမ် အခြေအနေ ဘယ်လိုရှိလဲ'

ရွှေတိုးက စီးကရက်ဖွာပြီး မေးသည်။

'အေးအေးဆေးဆေးပဲ ထင်ပါရဲ့၊ ဘာမှ ငါ့ကို မပြောဘူး၊ အကြောင်းထူးရင်တော့ ပြောမှာပေါ့'

'တိတ်တခိုးကို အခုချိန်မှာ ဗြုန်းစားကြီး လက်ထပ်ရမယ် ဆိုရင် မင်းဘယ်လို နေမလဲ'

'ဘယ်လိုနေရမလဲ၊ ငါ ပျော်မှာပေါ့၊ ကြည်နူးမှာပေါ့- ဘာဖြစ်လို့ မေးရတာလဲ'

'ရည်းစားသက်တမ်း တိုတိုလေးပဲ ရှိသေးလို့ မေးကြည့်တာပါ၊ ရည်းစား သက်တမ်း ရှည်ရှည်ကြာကြာ နေချင်သေး ထင်လို့လေ'

www.burmeseclassic.com



'ရည်းစားသက်တမ်း တိုပေမယ့်.... သံယောဇဉ်သက်တမ်းက အများကြီး ရှည်ခဲ့တာပဲကွာ၊ လက်ထပ်ဖို့ အသင့်ပါပဲ'

မျိုးချိမ်ဆာ....

'တကယ့် စစ်သူရဲကောင်းကြီး ဟန်နဲ့ပါလား၊ ကေန္တီ မီးပွားရေး ကြီးပွားရေး ရှောင်းချေးဝယ်တာ ကိုစ္စကို မအေ့ဆီမှာ ဆည်းပူးသင်ကြားပြီးပြီ ထင်ပါရဲ့'

ကျွန်တော် ပြုံးလျက်နေသည်။

'ကြီးကြီးမားမား ဆည်းပူးစရာ မလိုပါဘူးကွာ၊ အခမဲ့ လုပ်ငန်းအကြောင်း မြင်ဖူး တွေ့ဖူး ထားပြီးသားပဲ'

ဝင့်ကြွားစွာ ကျွန်တော် ပြောသည်။

'အခြေအနေက အေးအေးဆေးဆေးပဲ ဆိုပေမယ့် နှစ်ဦးသဘောတူ လက်ထပ်ထားရင် ကောင်းမယ်'

နိုင်ကို့ စကားကို မင်းနွယ် လက်ခံလျက်....

'အပြင်မထွက်ရ ဟိုမသွားရ ဒီမသွားရလို့ ချုပ်ချယ်ထားတာမျှ မဟုတ်ပဲ၊ သူတို့မိဘတွေ စိစဉ်ပြီး ဆိုတာနဲ့ ဒီကလဲ အဆင်သင့်ပဲ့ ဥစ္စာ'





'တိတီတခိုးကတော့ သူ့ကို လက်ထပ်မည့် နေ့ရက်ကျမှ ငါ့ကို အမှတ်ပြည့် ပေးလိမ့်မယ်'

'ဘာဖြစ်လို့တဲ့လဲ'ဟု ရွှေတိုးက မေးသည်။ ကျွန်တော်က သက်ပြင်းချလျက်....

'သူ့ကိုငါ ချစ်တယ်ပြောခဲ့တာ သူ အိမ်ပြန်ဖို့ တစ်ခုထဲအတွက် ပြောခဲ့တာလို့ ယူဆထားတယ်'

'မင်းက တကယ်ချစ်တာပါလို့ ရှင်းမပြဘူးလား'

'ဘယ်နေ့လိမ့်မလဲ့ ရှင်းပြတာပေါ့၊ ဒါပေမယ့် လက်ထပ်ဖြစ်တဲ့ နေ့ကျမှပဲ ဆုနွှန်းပြည့်ယုံမယ်....တဲ့'

'ဒါဆိုလဲ့ အမြန်ဆုံး လက်ထပ်လိုက်ပေါ့'

'ပြောရမှာ အားနာသေးတယ်၊ ပြီးတော့ သူ့အိမ်အခြေအနေကို စောင့်ကြည့်ချင်တယ်၊ သူ့ကို ခိုးပြေးတာထက် မိသားဖသားပီပီ တောင်းရမ်း ယူချင်တယ်၊ ဖြစ်နိုင်မယ် ဆိုရင်ပေါ့လေ၊ သူနဲ့စေ့စပ်မယ် ဆိုတဲ့သူ ဘယ်သူဘယ်ဝါ ဘယ်လို အခြေအနေမျိုး ဆိုတာ မေးမကြည့်ရသေးဘူး- မေးရမှာလဲ အားနာတယ်'

'ဘာတွေ ပြောနေကြတာလဲ့' ဟု ပြောပြီး အနားတွင် တိတီတခိုး ထိုင်သည်။ စားသောက်ဆိုင်အတွင်း လူသူထပ်ခြင်း မရှိ။ ခြောက်ခြောက်သွေ့သွေ့။



www.burmeseclassic.com

www.burmeseclassic.com



နေပြင်းသော်လည်း ဆောင်းလေနုကြောင့် အေးမြသည်

'တိတ်တခိုး ဘယ်သွားတာလဲ'

အဖြေ စကား မကြားရ။ စမ်းစမ်းအေးက 'မန္တလေး ဆောင်ဘက်မှ လူတစ်ယောက် ဝင်လာတာ နင်တို့ မသိ ဘူးမို့လား။ အဲဒီလူကို ရှောင်တာ'ဟု ပြောသည်။

'ဘယ်သူလဲ'

'မိုက်ကယ်'

'မိုက်ကယ် ဆိုတာက....'

'တိတ်တခိုးနဲ့ စေ့စပ်တော့မယ်ဆိုတဲ့ လူ'

ကျွန်တော် ထိုင်ရာမှ ထမိမလို ဖြစ်သွားသည်။ မန္တလေး ဆောင်ဘက်သို့ လှမ်းကြည့်၏။

'အခုတော့ ဘယ်ရှိပါတော့မလဲ၊ အဓိပတိဝမှာ ကား ရပ်ထားပြီး ဝင်လာတာ၊ ကားတောင် မရှိတော့ဘူး'

ပုစုးမ စကားအဆုံးတွင် ကျွန်တော် တိတ်တခိုးကို လှမ်း ကြည့်သည်။ ချစ်သူ့မျက်လွှာကိုသာ တွေ့၏။ ဝေးရမှာ ကျွန်တော် စိုးရိမ်သွားသည်။

❁❁❁

(၂၄)

'တိတ်တခိုးလား ဟင်'

'ဪ....မောင် ပြောလေ၊ အနားမှာ ဘယ်သူမှမရှိ ဘူး၊ လွတ်လွတ်လပ်လပ် ပြော'

စကား ခဏရပ်သည်။ စကားပြောခွက်ကို အနီးဆုံး ဖိကပ် လျက်....

'တိတ်တခိုးကို မောင် လက်ထပ်ချင်တယ်'

'ဟောတော့ ဗြုန်းစားကြီးပါလား'

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ်သော အသံ။

‘သေချာရဲ့လား မောင်’

‘ဘာဖြစ်လို့ မသေချာရမှာလဲ၊ မောင် တိတ်တခိုးနဲ့ မခွဲနိုင်ဘူး၊ တခြားသူလက်ထဲ မထည့်နိုင်ဘူး၊ အဲဒါ ပထမအချက်၊ ဒုတိယအချက်က မောင် သိပ်ချစ်တယ် ဆိုတာ တိတ်တခိုး ယုံအောင် ပြဖို့’

ရယ်သံ ကြားသည်။

‘မောင့်ကို တိတ်တခိုး မစွပ်စွဲပါဘူးနော်’

‘မစွပ်စွဲပေမယ့် မောင် သက်သေပြပါ့မယ်၊ တိတ်တခိုးနဲ့သာ ဝေးရဦးမယ်ဆိုရင် မောင့်ရင်ထဲမှာ အသည်းနှလုံးဆိုတာ မရှိတော့ပါဘူး တိတ်တခိုးရယ်’

အသံမဲ့စွာ ပြောမိသည်။

‘မောင် တိတ်တခိုးနဲ့ တွေ့ချင်တယ်၊ အခုချက်ချင်း လာခဲ့နော်၊ အင်းလျားကန်ပေါင်ရိုးပေါ်က မောင် စောင့်နေမယ်’

‘.... .... .... ....’

❖ ❖ ❖





‘မောင်နဲ့ ခိုးရာလိုက်မလား တိတ်တခိုး’

‘အခုလား’

‘အခုချက်ချင်းကြီးတော့ ဘယ်ဟုတ်ပါ့မလဲ၊ သူငယ်ချင်းတွေနဲ့ စီစဉ်ရဦးမှာပေါ့၊ မောင့်နားထဲမှာ မိုက်ကယ် မိုက်ကယ် ဆိုတဲ့ အသံကြီးကို တစီစီ ကြားနေရတယ်၊ ကြာရင် နှလုံးရောဂါ ဖြစ်သွားနိုင်တယ်’

ညနေ နေဝင်စ သာ ရှိသေးသော်လည်း လှသဏ္ဌာန်ကို ရေပြင်တွင် နေရောင်နှင့်အတူ မြင်နေရ၏။

‘တကယ် လက်ထပ်တော့မယ်ပေါ့’

အရွှန်းဖွဲ့ဟန်။

‘မနောက်ပါနဲ့ တိတ်တခိုးရယ်၊ မှောင် တကယ်ပြော နေတာ’

‘ဒီကလဲ တကယ်ပြောနေတာပါနော်၊ အိမ်ထောင်ပြုခြင်းဟာ အချစ်ကို မြေမြှုပ်ပစ်ရာ သင်္ချိုင်းဂူပဲ တဲ့၊ အချစ်တွေ မြေမြှုပ်ခံရမှာစိုးလို့ပြောတာပါ မောင်ရဲ့’

ကျွန်တော် ခေါင်းခါသည်။

‘အချစ်သည် ပန်းတစ်ပွင့်ဖြစ်ပြီး လက်ထပ်ပြီးတဲ့အခါ အသီးအဖြစ်သို့ ပြောင်းသွားသည်တဲ့၊ မောင့်အရှုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီးအဖြစ် ပြောင်းလဲ ပြချင်လို့ လက်ထပ်ခွင့် တောင်းတာပါ'

'အမှန်အတိုင်း ပြောရရင် အခုတလော မိုက်ကယ် အိမ်ကို အဝင်အထွက် များနေတယ်၊ တိုက်ပွဲ စ,ရ တော့မယ့် အခြေအနေပဲ မောင်'

'အဲဒီတော့....'

'အဲဒီတော့ မောင်နဲ့ ကိုမိုက်ကယ်ကို ယှဉ်ကြည့်ရင် ကိုမိုက်ကယ်က တစ်အိမ်လုံးနဲ့ တရင်းတနှီး၊ မောင့်ကို ကျတော့ ဘယ်သူမှ မြင်ဖူး ကြားဖူးကြတာ မဟုတ်ဘူး၊ ခိုးရာလဲ မလိုက်ချင်ဘူး၊ တောင်းရမ်းစေ ့ပေဖို့ ကျတော့လဲ အခြေအနေက လွန်နေပြီ၊ ခိုးရာမလိုက်ချင်ဘူးဆိုတာ ကြီးကြီးကျယ်ကျယ် စျေးကိုင်တာ မဟုတ်ဘူးနော်၊ အဖြစ်နိုင်ဆုံး မိဘနဲ့ အဆင်ပြေစေချင်လို့ ပြောတာပါ'

မှန်ပါသည်။ ဘယ်မိန်းကလေးမှ ခိုးရာ မလိုက်ချင်ပါ။ ဖြစ်နိုင်လျှင် မိဘ၏ သဘောတူညီခွင့်၊ အသိုင်းအဝိုင်း၏ လိုလားခွင့်ကို ရယူချင်ကြသူချည်းပဲ ဖြစ်သည်။

ဘယ်ယောကျ်ားလေးကမှလည်း ကိုယ်ချစ်သူကို နေ့ရှင်းထိုင်ရင်း ခိုးမပြေးချင်ပါ။ ယဉ်ကျေးမှုဓလေ့ထုံးစံအရ၊ လူ့ကျင့်ဝတ်အရ လူပီသစွာ မိသားဖသားပီပီ တောင်းရမ်းယူချင်ကြပါသည်။





အဆင့်အတန်းချင်း ကွာဟလို့ သဘောမတူတာ၊ အကျင့်ရိုက်ချင်း မတူလို့ သဘောမကျတာ၊ ဘာသာမတူလို့ ဘဝင်ကျတာ စသော ခလုတ်ကန်သင်းများကြောင့် သဘောမတူချင် ခိုးပြေးသည့်ဓနစ်က တရားမဝင် လွန်းကာနေခြင်း ဖြစ်ပါသည်။

ဘယ်မိဘကမှ ကိုယ့်သားသမီးကို ဆင်းရဲဒုက္ခ မရောက်စေချင်ကြသလို၊ ဘယ်ယောကျ်ားလေးကမှလည်း ကိုယ့်ချစ်သူကို ဒုက္ခတွင်းထဲ ဆွဲမခေါ်ချင်ကြပါ။

ဒါပေမယ့် ညှိနှိုင်းလို့မဖြစ်နိုင်သော အခြေအနေမျိုးမှာတော့ ခိုးပြေးတာ စိတ်အချရဆုံး ဖြစ်ပါသည်။ ကျွန်တော်သည်း တိတ်တခိုးကို ခိုးမပြေးချင်သေးပါ။ ညှိနှိုင်းချင်ပါသေးသည်။

'မနက်ဖြန် တိတ်တခိုးအိမ်ကို မောင် လာခဲ့မယ်၊ အမေ့ကိုပါ ခေါ်ခဲ့မယ်'

'ဖြစ်ပါ့မလား မောင်ရယ်၊ တော်ကြာ ဖေဖေတို့ကို တပ်လှန့်လိုက်သလို ဖြစ်နေဦးမယ်'

'လက်ခံမှာ မဟုတ်ဘူးဆိုတာ သိပါတယ်၊ ခိုးမပြေးခင် မိသားဖသားပီပီ ကြိုးပမ်းသေးတယ်ဆိုတာ ပြချင်လို့ပါ၊ အခြေအနေမကောင်းဘူးဆိုတာနဲ့ တိတ်တခိုးကို ရက်ပိုင်းအတွင်း မောင်ခိုးမယ်'



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုး ခေါင်းညိတ်သည်။

'မောင်'

'ပြောလေ....တိတ်တခိုး'

'မောင် တိတ်တခိုးကို တကယ်ချစ်တာပေါ့နော်'

'သိပ်ချစ်ပါတယ်ဆိုတာကို မောင် လက်တွေ့ပြပါ့မယ် တိတ်တခိုးရယ်'

ရင်ခွင်တွင်းသို့ ခိုဝင်၏။ ကြင်နာစွာ ထွေးပွေ့ထားမိသည်။

ချစ်သူနှင့် မခွဲမခွာ နေလိုချင်သည်။

'မောင်နဲ့ဝေးရရင် တိတ်တခိုးတော့ တရားလက်လွတ် ဖြစ်မိမှာပဲ၊ တရားလက်လွတ် မလုပ်ခင်တောင်တွင်း ရှင်ငြိမ်းမယ်ရဲ့ ရွေးက ကြမ္မာငွေ့ကြောင့်....ဆိုတဲ့အိုင်ချင်းကဗျာထဲကလို 'တို့ချစ်ခြင်းကို....ကွင်းအောင်တစေ....နေ့တိုင်းမွေ့တဲ့.... မြင်တိုင်းမုန်းစရာ ကုန်းမအို....ရေလို ခန်းခြောက်ပါစေသား' လို့ ကျိန်ဆိုမိမှာပဲ'

'ကျိန်ဆိုစရာ မလိုပါဘူး တိတ်တခိုးရယ်၊ မောင်တို့နှစ်ယောက်ကို ဘယ်သူမှ ခွဲနိုင်မှာ မဟုတ်ပါဘူး'





မှောင်စပျိုးသည်။

နှစ်ကိုယ်ကြားသို့ ဆောင်းလေပြည်သည် တိုးတိုက်ဖြတ်သွားနိုင်ခြင်း မရှိ။

❖ ❖ ❖

တိတ်တခိုး၏ ဖခင်မှလွဲ၍ ကျန်သူများ အိမ်တွင် မရှိကြ။ တိတ်တခိုးကို ကျွန်တော် တမင် ရှောင်ထားခိုင်းထားသည်။ သူ့မိခင် ဈေးဝယ်ရာနောက်သို့ လိုက်ပါသွားပြီထင်၏။

အမေ့စကား စ,သောအခါကျမှ လာရင်းကိစ္စကို တိတ်တခိုးဖခင် ရိပ်စားမိဟန်တူသည်။

'ကျွန်မနာမည် ဒေါ်ဆွေဆွေပါ၊ ဒါ ကျွန်မသား မောင်လှိုင်းလှင်း၊ သားနဲ့ ဒီက လူကြီးမင်းရဲ့သမီးလေးနဲ့က လူငယ်ချင်း မေတ္တာမျှနေကြတယ်၊ နွားနဲ့မနဖဝါးနဲ့နာပါနော်၊ သားသမီးကိစ္စကို လူကြီးမင်းဆီမှာ လာရောက်အသိပေး နားဖောက်တဲ့သဘောပါ၊ အဲဒါ....'

တိတ်တခိုး၏ဖခင်က ပြုံးလျက် စကားဆိုသည်။ လူကြီးသူကောင်းပီသသူ မှန်ရည်သူဖြစ်လိမ့်မည်ဟု မြင်မြင်ချင်း ကျွန်တော် မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ဗျာ၊ အခုလို မိသားဖသားပီပီ အသိပေးစကားဆိုတဲ့အတွက် ဝမ်းသာမိပါတယ်'

ဆက်မည့်စကားကို အမေရော ကျွန်တော်ရော ကြိုတင်ခန့်မှန်းထားသည်။

'ဒါပေမယ့်ဗျာ အစ်မကြီးတို့ကို အားနာစရာ ဖြစ်နေပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရက်ပိုင်းအတွင်းပဲ သမီးလေးကို မိုက်ကယ်ဆိုတဲ့သူငယ်နဲ့ နေရာချထားပေးဖို့ စီစဉ်ပြီးသွားပြီ'

ကျွန်တော် တုန်လှုပ်သွားဟန်မပြ။ အမေက ညင်သာစွာခေါင်းညိတ်သည်။

'အန်ကယ်'

ကျွန်တော့်ဘက်သို့ အကြည့်ရွေ့သည်။

'ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ'

'ပြောပါ မောင်ရင် အန်ကယ် ခွင့်ပြုပါတယ်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ'

'မိုက်ကယ်ဆိုတဲ့လူနဲ့ ကျွန်တော် သွားပြီးတွေ့ကြည့်ပါရစေ'

တစ်ခုခုကို စဉ်းစားဟန်ပြုသည်။ ပြီးမှ....

'စကားတွေ လွန်ပြီးကြပြီကွာ၊ မောင်ရင့်ကို သမီးသဘောမတူထာ ဘာညာမှဟုတ်ဘူးနော်၊ အန်ကယ်တို့ဘက်က မောင်မိုက်ကယ်ကို စကားတွေလွန်သွား





လို့ပါ၊ ဖြစ်နိုင်မယ်တော့ မထင်ဘူးကွ၊ ဒါပေမယ့် မင်းတို့လူငယ်ချင်း အေးအေးချမ်းချမ်း ညှိကြမယ် ဆိုရင် ညှိကြည့်ပေါ့ကွာ၊ သမီးမှာ ချစ်သူရည်းစား ရှိတယ်လို့ အန်ကယ် မကြားမိဘူး၊ ဒါပေမယ့် ဟို တစ်လောက ပဲခူးကအပြန်ကျမှ အဲဒီနောက်ပိုင်း သူ့မှာ ရည်ရွယ်ထားတဲ့သူ ရှိတယ် ဘာတယ် ပြောလာတယ်၊ သမီးပြောတဲ့အချိန်က အရမ်းနောက်ကျနေပြီလေ'

'ကျွန်တော် နားလည်ပါတယ် အန်ကယ်၊ ကိုမိုက်ကယ် ရှိနိုင်မယ့်နေရာကို ကျွန်တော် တစ်ဆိတ်လောက် သိပါရစေ'

'အောင်မင်္ဂလာမ်းမှာ ရှိတယ်၊ အိမ်နံပါတ်က(....)'

'ကျေးဇူးတင်ပါတယ် အန်ကယ်'

'ဒါဆို ကျွန်မတို့ကို ခွင့်ပြုပါဦး'

ဟု အမေက ပြောသည်။ ကျွန်တော် ထိုင်ရာမှအထ၌တွင် တိတ်တခိုး၏ ဖခင်က....

'တစ်ခုခု အဆင်မပြေခဲ့ရင်တောင် သမီးကို မှန်းကပဲ ဖျောင်းဖျပေါ့ကွာ'

ကျွန်တော် ပြီးစလွယ် 'ဟုတ်ကဲ့'လိုက်သည်။

အမေ့ကို အားနာ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

ထည့်ဝါခံ့ညားသောအိမ်။

'ကိုမိုက်ကယ်နဲ့ တွေ့ချင်လို့ပါ'

ဟု ကျွန်တော် ပြောသည်။ အိမ်အမှုထမ်းက တံခါးဖွင့်ပေးသည်။ ဧည့်ခန်းထဲတွင် ကျွန်တော့်ကို ထိုင်စေ၏။ ရှေ့တိုးစာ အိမ်အပြင်တွင် ကား ဖြင့် စောင့်နေသည်။

ဧည့်ခန်းထဲသို့ ကျွန်တော် ရောက်လျှင်ရောက်ချင်း အိမ်အတွင်းခန်းမှ လူတစ်ယောက် ထွက်လာသည်။ သပ်ရပ်ခန့်ညားသော သူဟု ကျွန်တော် အကဲခတ်၏။ ဥရောပဆန်သော အနေအထိုင် အပြင်အဆင်။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတို့ကို အမြိတ်တန်းရှိပုံ ရသည်။

'ကိုယ်နာမည် မိုက်ကယ်ပါ၊ ကိုယ် ဘာအကူအညီပေးရမလဲ'





ရှေ့တည့်တည့်တွင် ထိုင်သည်။

'ကျွန်တော် တိတ်တခိုးနဲ့ပတ်သက်ပြီး ဆွေးနွေးစရာ ရှိလို့ပါ'

'အိုး.... Very Good ၊ ကျွန်တော် တိတ်တခိုးအကြောင်းကို သိပ်ကြားချင်နေတဲ့အချိန်ပဲ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ဧည့်သည် ဖြစ်သွားပြီ၊ ကျွန်တော် ပြုစုပါရစေ၊ ကျေးဇူးပြုပြီး ခဏလောက်ထိုင်ပါဦး နော်'

ထိုင်ရာမှထသည်။ အိမ်အတွင်းသို့ဝင်သွား၏။ အဖျော်ယမကာ တစ်ခုခုကို ကိုယ်တိုင်စီစဉ်နေမည်ဟု ကျွန်တော် တွေးသည်။

ခမ်းနားလှန်းသော ဧည့်ခန်း။ ကော်ဇော အခင်းသည် ခြေချရက်စရာမရှိ။ မှန်ကန့်စီ၊ ဗွီဒီယိုစက်။ နံရံတစ်ခုလုံး ပြည့်ပဖြစ် ပစ္စည်းများ။

ခေါင်းရင်းဘက်နံရံကို ကျွန်တော် အကြည့်ရောက်သည်။ တွေ့လိုက်ရသော ဓာတ်ပုံတစ်ပုံကြောင့် ကျွန်တော့် တစ်ကိုယ်လုံး ချောက်ချားသွားရ၏။

ကျွန်တော် တွေ့မြင်လိုက်သည့် ဓာတ်ပုံမှာ ကွယ်လွန်သူ အန်တီနယ်လီအောင်၏ ဓာတ်ပုံ။

ကျော့ပေးထားမိသော နံရံကို ကျွန်တော် လှည့်ကြည့်သည်။ ယခု ကျွန်တော် ဝတ်ဆင်ထားသော အဝတ်အစားမျိုး မဟုတ်သည့် ကျွန်တော့် ဓာတ်ပုံများ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးပုံ။ မျက်နှာတစ်စောင်းပုံ၊ ဘေးတိုက်ပုံ။ ပုံတိုင်းတွင် ပါးပြင်ပေါ်ရှိ အမှတ်သည် ထင်ထင်ရှားရှား။ အစွန်ဆုံးပုံသည် မဒါလီဒအောင်၊ အန်တီ နယ်လီအောင်နှင့် ကျွန်တော်။

ထိုပုံများ၏ဝဲဘက်တွင် မုတ်ဆိတ် ကျင်စွယ်နှင့် ကိုမိုက်ကယ်၏ပုံ။ မုတ်ဆိတ်မပါရှိသော ကိုမိုက်ကယ်၏ ပုံတစ်ပုံကို တွေ့မြင်သည်။

ဒါကိုကိုအောင်၊ မမ၏အစ်ကို ကိုကိုအောင်။ မိုက်ကယ်ဟူသော အမည်နာမကို ကျွန်တော် မရင်းနှီးခဲ့။ ဓာတ်ပုံများ၊ စာများမှ တစ်ဆင့်....

ကျွန်တော် ရင်းနှီးခဲ့ရသော ကိုကိုအောင်သည် ကျွန်တော် အမှုမှတွေ့ဖူးသော မိုက်ကယ်ဖြစ်နေ၏။ သွားပြီ။ ကျွန်တော့် အနာဂတ်တွေ ပျက်စီးသွားပြီ။

'သုံးဆောင်ပါ'

ရေခဲတုံးတွေ၊ ပြည့်ပဖြစ် ယမကာ တစ်ပုလင်းနှင့် ဖန်ခွက် နှစ်ခွက်။ ဝက်အူချောင်းပန်းကန် တစ်ပန်းကန်။ ကြက်ပေါင်တွေ ထည့်ထားသော ပန်းကန်တစ်ချပ်ကို အိမ်အမှုထမ်းက လာချသည်။

ကိုမိုက်ကယ်က ရှေ့တည့်တည့်တွင် ထိုင်သည်။ ကျွန်တော် မျက်နှာကို မသိမသာ ငုံ့ထားလိုက်၏။

'လုပ်ပါ....ကျွန်တော် နိုင်ငံခြားက ပြန်ရောက်တာတည်းက ညွှသည်ငတ်နေတာ'





ရေခဲထည့်ထားသော ဖန်ခွက်ထဲသို့ ပုလင်းအတွင်းမှ နီကျင်ကျင်အရည်များ လောင်းထည့်ပြီး ကျွန်တော့်ကို တစ်ခွက် လှမ်းပေးသည်။

ကျွန်တော် လက်ကာပြီး....

'ဆောရီးဗျာ....ကျွန်တော် မသောက်တတ်လို့ပါ'

'မသောက်တတ်လဲ မိတ်ဖြစ်ဆွေဖြစ် နည်းနည်းတော့ လုပ်ပါဗျာ၊ ကျွန်တော့် စိတ်ထဲမှာ တိတ်တခိုးဆိုတဲ့ စကားသံကြားရလို့ ကြည်နူးသွားလို့ပါ၊ ကျွန်တော့် ကြည်နူးမှုကို အသိအမှတ် ပြုတဲ့အနေနဲ့ နည်းနည်းလောက် ချီးမြှင့်ပါ'

ကျွန်တော် မရောက်ခင်ကတည်းက သောက်ထားဟန်တူ၏။ ဝေးရာသို့ ပြေးထွက်သွားချင်သည်။ ဖန်ခွက်ကိုလှမ်းယူပြီး ကျွန်တော့်ရှေ့တွင် တင်လိုက်၏။

'ဆိုပါဦး....ခုနက ခင်ဗျားပြောတဲ့ တိတ်တခိုးအကြောင်း၊ ကျွန်တော် သိပ် ကြားချင်တယ်ဗျာ၊ သူ့ကို ကျွန်တော် သိပ်မြတ်နိုးတယ်'

အရက်ခွက်ကို ကျွန်တော် တရှုပ် မော့သောက်ပစ်လိုက်သည်။ ရင်ထဲတွင် ပူသွားသည်ဟု မထင်တော့။

'ခင်ဗျားနဲ့ တိတ်တခိုးနဲ့ လက်ထပ်တော့မယ် ဆို'

'ဒါ အမှန်ပဲလေ'

'ခင်ဗျား သိပ်ကံကောင်းတယ် ကိုမိုက်ကယ်၊ တိတ်တခိုးဟာ အင်မတန်ဇနီးကောင်းပီသမယ့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကျွန်တော်က သူ့သူငယ်ချင်း မောင်မောင်ပါ၊ ခင်ဗျားနဲ့ခင်ချင်လို့ အိမ်လာလည်တာပဲ၊ သူ့ကို အမြန်ဆုံး လက်ထပ်ဖို့ အကြံလာပေးတာ၊ ကျွန်တော် ပြန်ဦးမယ်ဗျာ၊ ခွင့်ပြုပါဦး'

'အိမ်လာလည်တာဆို'

'ရောက်ဖူးတယ်ရှိအောင် လာလည်တာပါ၊ နောက်မှ အေးအေးဆေးဆေး လာခဲ့မယ်'

သူ တားချိန်မှရခင် ကျွန်တော် ထိုင်ရာမှထသည်။

နားမလည်သော မျက်နှာဖြင့် ရီဝေစွာကြည့်၏။ ပါးစပ်မဖွင့်ဘဲ ကျွန်တော် ပြုံးပြလိုက်သည်။

မလှမ်းချင်တော့သော ခြေလှမ်းတွေကို အမြန်ဆုံး လှမ်းထွက်ခဲ့ရ၏။

❖ ❖ ❖

စမ်းစမ်းအေး၏အိမ်တွင် တိတီတခိုး ရောက်နေခဲ့လာက်ပေပြီ။ ကိုမိုက်ကယ်နှင့် အဆင်မပြေလျှင် တစ်ခါတည်း ခိုးပြေးဖို့ စောင့်ခိုင်းထားခဲ့ခြင်း ဖြစ်၏။

ကျွန်တော် တိတ်တခိုးကို ရက်စက်ရတော့မည်။





ကားပေါ်တွင် ထိုင်ထိုင်ချင်း ရွှေတိုးက ကားစက်နှိုးလျက်—

'ဘယ်လိုလဲ၊ တိတီတခိုးကို ခိုးပြေးရမှာပဲ မဟုတ်လား'

ကျွန်တော် ခေါင်းယမ်းလိုက်သည်။

'ငါ တိတီတခိုးကို ခိုးပြေးဖို့ မလိုတော့ဘူး'

ရွှေတိုးက ကားကို မောင်းထွက်သည်။ လော်လော်ဆယ်တော့ အဆင်ပြေခဲ့သည်ဟု သူထင်ပေလိမ့်မည်။

'မင်း အရက် သောက်လာသလား'

ခေါင်းညိတ်ပြလိုက်၏။

'ဟာ....တော်တော့်ကို အဆင် ချောခဲ့တယ် ထင်တယ်'

ရင်မချိစွာ ပြုံးလိုက်မိသည်။

မျက်လုံးကို ဖိညှစ်စုံမှိတ်လိုက်သည့် ကြားမှ ဝဲလာသော မျက်ရည်က ပေါက်ခနဲ လျှံထွက်သည်။

❖ ❖ ❖

ကျွန်တော့်စကား ဆုံးသောအခါ....

ရွှေတိုးက တားဘာရီတ်ကို အလန့်တကြား နင်းလိုက်၏။

'မင်း ပြောတာ အမှန်ပဲလား လှိုင်လင်း'

'အမှန်ပဲ....အမှန်ပဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ ဟိုမှာ....တိတ်တခိုးက မျှော်နေလောက်ပြီ'

'ငါနဲ့တိတ်တခိုး ဒီတစ်သက် မကွဲနိုင်ဘူးလို့ ထင်ခဲ့တာ'

ရင်နင့်စွာ ပြောမိသည်။

'သူငယ်ချင်းရယ်....မှသိချင်ယောင် ဆောင်ပြီး မင်း အနိုင်ယူလို့ ရပါသေးတယ်၊ မင်း အနိုင်ယူလိုက်ပါ သားကွာ'

'ငါ အရှုံးပေးတာ မဟုတ်ပါဘူးကွာ၊ ပြိုင်ဘက်က ငါ မပြိုင်သင့်တဲ့သူ ဖြစ်နေလို့၊ ပြိုင်ပွဲနဲ့ ဝေးရတာကို ငါ ရှောင်ထွက်လိုက်တော့မှာပါ'

'တိတ်တခိုး တရားလက်လွတ် ဖြုပ်သွားလိမ့်မယ် သူငယ်ချင်း'

'သူ ငါ့ကို နာကျင်သွားအောင်၊ မုန်းသွားအောင် ရှိသွားအောင် ငါ စီစဉ်ရမှာပေါ့'

'နားလည်အောင် ရှင်းမပြတော့ဘူးလား'

'ရှင်းပြလိုက်ရင် သူ ငါ့ကို သနားသွားလိမ့်မယ်၊ အဲဒီအခါ ချစ်လျက်နဲ့ ဝေးရလေခြင်းလို့ ရွေးပြီး သူ့ကိုယ်သူ တစ်ခုခုလုပ်သွားလိမ့်မယ်၊ ငါ့အသည်းနှလုံးကို ဓါတ်သိမ်းပစ်လိုက်တာသာ အကောင်းဆုံးပါကွာ'

'အခု ဘာလုပ်ကြမလဲ'

'ငါ တိတ်တခိုးဆီကို ဖုန်းဆက်ချင်တယ်'





'မင်း ဘာပြောမှာလဲ'

'ဒီနေ့အဖို့ သူ စိတ်ချမ်းသာစရာ စကားပေါ့' ကားကို မောင်းထွက်သည်။

ကိုယ့်ကိုယ်ကို တရားမဲ့စွာ စီရင်ပစ်လိုက်ချင်၏။

✤ ✤ ✤

'ခမောင်လား....တိတ်တခိုးပါ၊ အဆင်ပြေရဲ့လား ဟင်၊ ဒီကို ဘာဖြစ်လို့ မလာတာလဲ'

အမေနှင့် ရွှေတိုးက ကျွန်တော့်ကို လှမ်းကြည့်နေသည်။

စကားပြောခွက်ကို ကိုင်ထားသော ကျွန်တော့် လက်တွေ တဆတ်ဆတ် တုန်ယင်နေသည်။

ချစ်သူ့အသံကို ကြားကြားချင်း နှုတ်ခွန်းဆက်ချင်သော်လည်း အသံမထွက်။

တုန်တုန်ယင်ယင် ဖြစ်နေမည့် စကားသံကို ချစ်သူ မြင်သာသွားမှာ စိုးသည်။

'ပဲခူးက ရန်ကုန်ပြန်မယ့် ကားပေါ်ကို တက်ထိုင်ခဲ့တာဟာ မောင့်အချစ်ကို, စကားကို ယုံလို့မဟုတ်ဘူး မောင်၊ မောင့်ကို ချစ်လို့ အိမ်ပြန်ခဲ့တာပါ'

'ဒါဆိုအခုကောဟင်....ချစ်တယ်ဆိုတဲ့မောင့်စကားကို ယုံပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'လက်ထပ်ဖြစ်တဲ့ နေ့ကျရင် တိတ်တခိုး ခေါင်းညိတ်ပါမယ် မောင်'

နားကို လက်ဝါးဖြင့် ဖိကပ်မိလိုက်သည်။ ချစ်သူ၏ဟားတိုက်လှောင်ပြောင်သံတွေကို အရပ်ဖက်တိုင်းမှာ ကြားနေရ၏။

'မောင် တိတ်တခိုး မေးနေတယ်လေ၊ အဆင်ပြေရဲ့လားလို့'

'ပြေပါတယ်'

'ဟင်....မောင့်အသံကြီးကလဲ ရင်မောသံကြီးနဲ့'

'ရင်မောရတာပေါ့ အချစ်ရဲ့၊ ဝေးသွားမှာ စိုးတာကိုး၊ အခုတော့ အဒမာပြေသွားပြီ'

'ကဲပါ ပိုမနေပါနဲ့၊ တိတ်တခိုးဆီကို ဘာဖြစ်လို့ မလာတာလဲ၊ ဒီမှာဖြင့် ရင်တထိတ်ထိတ်နဲ့ စောင့်နေရတာ'

'စီစဉ်စရာတွေ မရှိလို့ မလာတာပါ၊ အခု တိတ်တခိုးအိမ်ကို ပြန်လိုက်၊ မနက်ဖြန် မောင်နဲ့ အမေ လာခဲ့မယ်'

'ဖြစ်ပါ့မလား မောင်ရဲ့၊ ဟုတ်ကော ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်၊ ကိုမိုက်ကယ်နဲ့ သေသေချာချာ ဆွေးနွေးပြီးပြီ၊ တိတ်တခိုးမှာ ချစ်သူမရှိဘူး ထင်လို့ သူစိတ်ဝင်စားမိတာပါ....တဲ့၊ မနက်ဖြန် သူ ကိုယ်တိုင်လိုက်ခဲ့မှာပါ၊ သူ့တောင်းဆိုမှုတွေ အကုန်လုံးကို





ပြန်ရုပ်သိမ်း ပေးပါလိမ့်မယ်'

'တကယ်'

'တကယ်ပေါ့၊ မောင် ပျော်လိုက်တာ တိတ်တခိုးရယ်'

တုန်ယင်သွားသော်လည်း....

အပျော်လွန်သော တုန်ယင်မှုဟု ချစ်သူ တွေးထင်ပေလိမ့်မည်။

'ဒါဆို အခု တိတ်တခိုး အိမ်ပြန်ရတော့မှာပေါ့'

'အင်းပေါ့'

'မနက်ဖြန် မောင် ဘယ်အချိန်လာမှာလဲ'

'မနက် ခြောက်နာရီ'

'စိတ်ချမယ်နော် မောင်'

'စိတ်ချပါ'

'မောင်'

'ပြောလေ တိတ်တခိုး'

'မောင့်ကို ကျေးဇူး အရမ်းတင်သွားပြီ'

မောင့်ကို ယုံကြည်သွားပြီလို့ မပြောတော့ဘူးလား တိတ်တခိုးရယ်။

'ဒါပဲနော်....မောင်၊ ဖုန်းချလိုက်တော့မယ်'

'ဒါပဲ....တိတ်တခိုး'

အပြီးတိုင် နှုတ်ဆက်လိုက်သည့် စကား။



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

နံနက်ခြောက်နာရီဟု ချိန်းဆိုလိုက်သည့်နေ့ နေ့လယ်ဆယ့်နှစ်နာရီတွင် ကိုမိုက်ကယ်နှင့် တိတိတခိုးတို့ စေ့စပ်ပွဲကျင်းပသည်။

ထိုသို့ စေ့စပ်ပွဲ ကျင်းပနေချိန်တွင် ကျွန်တော် ရန်ကုန်မှာ မရှိတော့။ အမေနှင့်အတူ မန္တလေးသို့ ထွက်ခွာခဲ့သည်။

မန္တလေးရှိ အမေ့မိတ်ဆွေ တစ်ဦး၏ သမီးဖြစ်သူနှင့် ကျွန်တော့်ကို အမေ လက်ထပ်ပေးသည်။ ထို လက်ထပ်ထိမ်းမြားခြင်းအတွက် မည်သို့သော နောင်တမှ ကျွန်တော် ရရှိလိမ့်မည် မဟုတ်ပါ။

ရန်ကုန်တွင် ကျန်ခဲ့သော ရွှေတိုးသည်လည်း ကျွန်တော့်ကဲ့သို့ တိတိတခိုးကို ရှောင်ဖယ်နေလိမ့်မည်။

အကယ်၍ တွေ့ဆုံခဲ့သည့်တိုင် ရွှေတိုး၏နှုတ်မှ ကျွန်တော်နှင့် ပတ်သက်သည့် သတင်းစကားကို တိတိကျကျ ပြောလိမ့်မည် မဟုတ်ချေ။





ကျွန်တော် မန္တလေးသား ဖြစ်သွားသည်။

ကျွန်တော့် လက်ထပ်သတင်းကို သတင်းစာထဲတွင် တွေ့သည့်နေ့က ရွှေတိုး ကျွန်တော့်ကို ဖုန်းဆက်သည်။

ကျွန်တော့်ကို တိတိတခိုး ရှုံ့ချမုန်းတီးသွားပြီ ဖြစ်ကြောင်း သတင်းကောင်း ပါးသည်။

မကြာလှသော ရက်ပိုင်းအတွင်း ကိုမိုက်ကယ်နှင့် တိတိတခိုး လက်ထပ်လိုက်ပြီ ဆိုသည့် သတင်းကို ကျွန်တော်တွေ့ရှိသည်။

ကျွန်တော် ကျေနပ်သွားရ၏။

မန္တလေး၏ လေပြည်ရနံ့ကို ရှူရှိုက်ရင်း ကျွန်တော် အင်းလျားကို မလွမ်းတော့ပါ....။

✻ ✻ ✻

ဘဝဟာ....
ညတစ်ည ဖြစ်ခဲ့ရင်
အဲဒီ တစ်ညလုံး
(ကြယ်ရောင်တွေ ဆိတ်သုဉ်း
လရောင်တွေ ဆိတ်သုဉ်း)
မျက်ဝန်းမှာ....
မျက်ရည်တွေ ပိတ်ဖုံးခဲ့တယ်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

တို့ချစ်ခြင်း....

ကွင်းအောင် တစေ၊ နေ့တိုင်းမေ့တဲ့

သက်ကြီးဝန်တို၊ မြင်တိုင်းမုန်းစရာ၊ ကုန်းမ,အို

ရေလို ခန်းခြောက်ပါစေသား....တဲ့။

ပိတ်တစ်ခိုးနှင့် ကျွန်တော့်ကို ကွေ့ကွင်းအောင် လုပ်သောသူသည် ကျွန်တော်သာလျှင် ဖြစ်၏။

ကျိန်စာ သင့်မည့်သူမှာ....ကျွန်တော်သာလျှင် ဖြစ်သည်။

အသည်းနှလုံး ဇာတ်သိမ်းသွားပြီးသူ တစ်ယောက်အဖို့ စည်သည့် ကျိန်စာကိုမဆို၊ တေးသီချင်းလိုသာ ထင်မှတ်နားဆင်နိုင်ပါမည်....ပိတ်တစ်ခိုး။

ဘဝသည်....ည တစ်ည ဖြစ်ခဲ့၏။ ။

မောင်လှမျိုး (ချင်းချောင်းခြံ)

၅-၁၁-၁၉၉၇

ည-၁၀း၃၀



www.burmeseclassic.com